# BURMESE POLITICAL VALUES :

# THE SOCIO-POLITICAL ROOTS OF AUTHORITARIANISM.

By

Dr Maung Maung Gyi ( 1920-1988)

မြန်မာ့နိုင်ငံရေးအတွေးအခေါ်

ကောက်နုတ်တင်ပြသူ–ဒေါက်တာအောင်ခင်

Knowledge
Exchange
Movement

KEM (Burma), 2011

**Author** Dr Maung Maung Gyi ( 1920-1988)
**Title** Burmese Political values : the socio-political roots of authoritarianism. New York:Praeger, 1983.274 p.
(မြန်မာ့နိုင်ငံရေးအတွေးအခေါ်)

ကောက်နုတ်တင်ပြသူ –ဒေါက်တာအောင်ခင်

မိတ်ဆက်။ ဒေါက်တာမောင်မောင်ကြီးဟာ ၁၉၆၂ခုနှစ်မှာ မန္တလေးတက္ကသိုလ်သမိုင်းဌာန ပါမောက္ခတာဝန်ကို ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ ဒေါက်တာမောင်မောင်ကြီးဟာ မဆလ အစိုးရကို ဝေဖန်ခဲ့လို့ အလုပ်ထုတ်ခံရပါတယ်။ အမေရိကန်ကိုထွက်သွားပြီး ပါမောက္ခ ဆက်လုပ်ပါတယ်။ မြန်မာ့ရေးရာသုံးသပ်ချက်တွေကို အချိန်ရတိုင်းရေးသားခဲ့ပါတယ်။ အခုစာအုပ် **Burmese Political values** ကို ဆရာဒေါက်တာအောင်ခင်က "မြန်မာ့နိုင်ငံရေး အတွေးအခေါ်"ဆိုတဲ့အမည်နဲ့ ကောက်နုတ်ဘာသာပြန်တင်ပြထားပါတယ်။ ဝါရင့်မြန်မာ သမိုင်းဆရာတစ်ဦးရဲ့ သုံးသပ်ချက်ကို မိမိဘာသာဝေဖန်သုံးသပ်နိုင်ဖို့ တင်ပြတာလို့ ဒေါက်တာအောင်ခင်ကဆိုပါတယ်။ ဒေါက်တာအောင်ခင်ကတော့ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ ကထိက တာဝန်ကို ထမ်းဆောင်ခဲ့သူ သမိုင်းသုတေသီဆရာတစ်ဦးဖြစ် ပါတယ်။

မြန်မာ့နိုင်ငံရေးအတွေးအခေါ်

ပုဂံခေတ်ကစပြီး အကြွင်းမဲ့အာဏာရှင်ဘုရင်စနစ်အောက်ကို ရောက်ရှိခဲ့ရတဲ့ ဗမာ့လူ့ဘောင်ဟာ ကိုလိုနီဘဝကလွတ်မြောက်လို့ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးတော့လည်း အာဏာရှင် စရိုက်ကို မစွန့်လွှတ်နိုင်ဘဲ ဖြစ်နေပါတယ်။ အာဏာရှင်ဆိတဲ့အပြုအမူကို မြန်မာ လူ့အဖွဲ့အစည်းက ဒီနေ့အထိ လက်ခံထားတုံးပါဘဲ။ ဗိုလ်ချုပ်နေဝင်းစစ်အာဏာသိမ်းပြီး အိမ်စောင့်အစိုးရလုပ်တာကို ဒီမိုကရေစီအစိုးရက ၁၉၅၈ခုနှစ်မှာ လက်ခံခဲ့ပြီး မကြာမီ ၁၉၆၂ မှာ စစ်အာဏာရှင်ဘုရင်စနစ်မျိုးကို တည်ထောင်နိုင်ခဲ့ပါတယ်။ အခုလဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်နေဝင်းခြေရာကို လိုက်နင်းနေပြန်ပါပြီ။ လူ့အဖွဲ့အစည်းမှာ အာဏာရှင် မင်းမူနေတာဟာ တိုင်းသူပြည်သားက လက်ခံထားလို့ဖြစ်ပါတယ်။ တိုင်းသူပြည်သား ကလက်မခံဘူးဆိုရင် အာဏာရှင်စနစ်ပျောက်ကွယ်အောင် နည်းမျိုးစုံနဲ့ ကြိုးစားမှာမို့ ရေရှည်မခံနိုင်ဘူးလို့ ပါမောက္ခ ဒေါက်တာမောင်မောင်ကြီးက ဆိုပါတယ်။ ဒါကြောင့် ၁၉၆၂ခုနှစ်က စတင်ကျင့်သုံးတဲ့ စစ်အာဏာရှင်စနစ်ကို လက်ခံထားတဲ့ မြန်မာလူ့ အဖွဲ့အစည်းရဲ့ နိုင်ငံရေး အတွေးအခေါ်ကို ဆန်းစစ်ဖို့ လိုပါတယ်တဲ့။ ဘုန်းတော်ဘွဲ့တွေနဲ့ သူ့ရဲ့ကောင်းအမွန်းတင်တဲ့ အစဉ်အလာကို ဆန့်ကျင်ပြီး မြန်မာ့နိုင်ငံရေး အတွေးအခေါ်ရဲ့ အားနည်းချက်တွေကို ဖော်ပြမှာမို့ မြန်မာ့ပရိသတ်ကတော့ ကျေနပ်မှာ မဟုတ်ပါဘူးလို့ အမှာစာမှာရေးသားထားပါတယ်။ ဒါပေမယ့် မြန်မာ့အမျိုးသားအသွင်လက္ခဏာရဲ့ ချို့ယွင်း ချက်ကို ထောက်ပြတာဟာ မြန်မာပြည်ကို မရိုမသေ မလေးမစားလုပ်တာ မဟုတ်ဘူးလို့ ဆရာမောင်မောင်ကြီးက ယူဆပါတယ်။ သမိုင်းဆရာ လုပ်ပြီးတော့မှ ပြောစရာရှိတာကို မပြောဘဲ ငြိမ်ခံပြီး ထိန်ချန်ထားတာကမှ ပို့ပြီးအပြစ်ရှိပါတယ်တဲ့။ " ဆိုရေးရှိက ဆိုအပ်လှ၏

ဆိုရှေးလူ၊ ထားပချေဘိ၊ ငါ့ဝန်ရှိခဲ့ " ဆိုတဲ့စကားအတိုင်း စစ်အာဏာရှင် ဘုရင်စနစ် ကျင့်သုံးနိုင်အောင် လမ်းခင်းပေးတဲ့ မြန်မာ့နိုင်ငံရေးဓလေ့နဲ့ အတွေးအခေါ်ကို ဘက်မလိုက်ဘဲ မကြောက်မရွံ့ တင်ပြမယ်လို့ ဆရာ ဦးမောင်မောင်ကြီးကရေးထားပါတယ်။

နိုင်ငံသားတွေလက်ခံထားတဲ့ အတိုင်းအတာကို လိုက်ပြီးအစိုးရပုံစံစနစ် ပေါ်လာတာပါ။ အစိုးရနဲ့ပြည်သူရဲ့ဆက်ဆံရေးပုံစံကို နိုင်ငံရေးစနစ်က ရောင်ပြန်ဟပ်နေပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံရေးဓလေ့ သို့မဟုတ် စိတ်နေစိတ်ထားကို အစိုးရပုံစံက ဖော်ပြနေပါတယ်တဲ့။ ဒါပေမယ့် လူ့အဖွဲ့အစည်းရဲ့စိတ်နေစိတ်ထားနဲ့ နိုင်ငံရေးဓလေ့ဟာ နေ့ချင်းညချင်းပေါ်ထွက်လာတာ မဟုတ်ပါဘူး။ နိုင်ငံသမိုင်းတလျှောက်မှာရှိလာတဲ့ နိုင်ငံရေး အစဉ်အလာ၊ ယုံကြည်ချက်၊ ဓလေ့ထုံးစံ၊ ရိုးရာပုံပြင်၊ အစွဲအလမ်း၊ နိုင်ငံရေး သင်္ကေတ၊ အထိမ်းအမှတ်နိုင်ငံရေးပုံပြင်ထုံးတမ်းစဉ်လာဆိုရိုးစကားနဲ့ဘာသာရေးဩဝါဒ စကားတွေမှာ မြန်မာလူ့ဘောင်ရဲ့စိတ်နေသဘောထားကို တွေ့နိုင်ပါတယ်။

အနှစ် ၆၀ က ၁၂၅ အထိ အင်္ဂလိပ်အုပ်ချုပ်ခဲ့ပေမယ့်အစိုးရနဲ့ ပြည်သူ ဆက်ဆံရေး အခြေအနေကတော့ မပြောင်းလဲသွားပါဘူးတဲ့။ ရိုးရာအစဉ်အလာအာဏာရှင် စနစ်အားလုံးဟာ စီးပွားရေး မဖွံ့ဖြိုးမတိုးတက်တဲ့စနစ်တွေ ဖြစ်နေတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း အနောက်တိုင်းမှာ ဖြစ်ခဲ့တဲ့အခါမှာ ပြိုကွဲပျက်စီး ကုန်တာ ဖြစ်ပါတယ်။

အစဉ်အလာအာဏာရှင်စနစ်မှာ အမိန့်ပေးသူနဲ့ အမိန့်နာခံသူသာ ရှိတာမို့ နိုင်ငံအရေးမှာ ပြည်သူလူထု ပါဝင်ခွင့်မရှိပါဘူး။ နိုင်ငံအရေးဟာ လူတစ်စုက ဆောင်ရွက်တဲ့ ကိစ္စလို့ သတ်မှတ်ကြပါတယ်။ ဘာသာရေးအဖွဲ့အစည်းဆိုတာကလည်း အာဏာရှင်အစိုးရ စနစ်ကို ကျားကန်ပေးတဲ့ အဆင့်ပဲရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ ဝမ်းစာ အဓိကစီးပွားရေးဖြစ်လို့ ပြည်တွင်းကုန်သွယ်မှုကတော့ မရှိသလောက်ပါပဲ။ ၁၉ရာစုအစပိုင်း မှာ မြန်မာပြည်ဟာ ဒီလိုလူ့အဖွဲ့အစည်းဖြစ်နေပြီးလူဦးရေက ၃-၄သန်းလောက်ပဲ ရှိတယ်လို့ ခန့်မှန်းကြပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ နိုင်ငံရေးဖြစ်စဉ် တစ်ခုလုံးကို လေ့လာတဲ့အခါမှာ Political Culture လို့ အနောက်တိုင်းပညာရှင်တွေခေါ်တဲ့ နိုင်ငံရေးဓလေ့ကို ဆန်းစစ်ဖို့ လိုပါတယ်။ ရာစုနှစ်ပေါင်းများစွာတည်ရှိခဲ့တဲ့ နိုင်ငံရေးယုံကြည်ချက်၊ အယူအဆ အတွေးအခေါ်နဲ့ ရိုးရာဓလေ့ဟာ ဒီကနေ့ထိ တနည်းမဟုတ် တနည်းဆက်လက် ရှင်သန် နေတုန်းပါပဲ။ ကွယ်ပျောက်ဖို့အလှမ်းဝေးပါတယ်။ သေဆုံးသွားတဲ့ မျိုးဆက်တွေ ထားရစ်ခဲ့ တဲ့ ရိုးရာအစဉ်အလာတွေဟာ အသက်ရှင်နေသူတွေရဲ့ စိတ်သဘောကို အိပ်မက်ဆိုးကြီးတွေ ဖိစီးနေတယ် လို့ ကားလ်မတ်က " The Eighteenth Brumaire of Louis Napoleon "ဆိုတဲ့ စာတမ်းမှာ ရေးသားထားတာကို ဆရာမောင်မောင်ကြီးက ကိုးကားထားပါတယ်။ ဒါကြောင့်ဒီကနေ့ထိ ဆက်လက်ရှင်သန်နေတဲ့ မြန်မာ့ရိုးရာ အတွေးအခေါ်နဲ့ ယုံကြည်မှုကို ဆန်းစစ်ဖို့ လိုအပ်ပါတယ်တဲ့။

ပညာပေးအဖွဲ့အစည်းတွေဖြစ်တဲ့ ဘုန်းကြီးကျောင်းတွေဟာ မြန်မာ့ရိုးရာ အတွေးအခေါ်တွေ လက်ဆင့်ကမ်းတဲ့နေရာမှာ အဓိကကျပါတယ်။ ဒါကြောင့် အင်္ဂလိပ် ကိုလိုနီဖြစ်လို့ ခေတ်ပညာကိုသင်ကြားလာရပေမယ့် အခြေခံရိုးရာအတွေးအခေါ်ကို မပြောင်းလဲနိုင်ပါဘူး။ မင်းမှုထမ်းစနစ်ကို ကိုလိုနီအုပ်ချုပ်ရေးစနစ်နဲ့ အစားထိုးလိုက်တော့ လည်း မင်းမှုထမ်းလောကရဲ့ ထူးခြားတဲ့ဝိသေသလက္ခဏာတွေကတော့ ဆက်လက်ရှင်သန်နေ

ပါတယ်။ မြန်မာ့မင်းအုပ်ချုပ်ပုံစနစ်က ကိုလိုနီအုပ်ချုပ်ပုံစနစ်ကို ပြောင်းလဲသွားပေမယ့် မင်းမှုထမ်းနဲ့အရပ်သားရဲ့ ဆက်ဆံရေး ပုံစံကတော့ ပြောင်းမသွားပါဘူး။ လစ်ဘရယ် ဒီမိုကရေစီ အယူအဆတွေဖြစ်တဲ့ တရားဥပဒေစိုးမိုးရေး၊ မျှမျှတတစည်းကမ်းနည်းလမ်း အတိုင်း လုပ်ကိုင်ရေး၊ သင့်လျော်မှန်ကန် ထိုက်တန်စွာဆောင်ရွက်ရေး၊ လူ့သိက္ခာနဲ့ နိုင်ငံသားအခွင့်အရေးကိုလေးစားရေး စတာတွေကို မြန်မာပြည်သားတွေက နားမလည်ကြပါ ဘူး။ နားလည်အောင်လည်း ကိုလိုနီအစိုးရက မကြိုးစားခဲ့ပါဘူး။ အစိုးရဆိုရင် ဘယ်အစိုးရ ဖြစ်ဖြစ် ရှိသေကြောက်ရွံ့ရမယ်ဆိုတာကိုသာ မြန်မာပြည်သားတွေက နားလည်ထားကြပါ တယ်။ ဒီလိုရှေးဟောင်းအတွေးအခေါ် အယူအဆတွေကျန်ရှိနေတဲ့ တိုင်းပြည်မှာ ရှေးဟောင်း အာဏာရှင်စနစ်ပြန်လည်ရှင်သန်လာတာလို့ ဦးမောင်မောင်ကြီးက မြင်ပါတယ်ခင်ဗျား။

အပိုင်း(၂)

အစိုးရမင်းနဲ့ ပတ်သက်တဲ့ နိုင်ငံရေးအယူအဆကို ဒီကနေ့ တင်ပြပါမယ်။ မြန်မာပြည်ကို အင်္ဂလိပ်အုပ်ချုပ်တဲ့ ရည်ရွယ်ချက်က စီးပွားရေးအမြတ်ထုတ်ဖို့သာ ဖြစ်တဲ့ အတွက် အင်္ဂလိပ်ကိုလိုနီအစိုးရဟာ မြန်မာပြည်သူပြည်သားနဲ့ ရင်းရင်းနှီးနှီးဆက်ဆံဖို့ စိတ်မကူးပါဘူး။ မြန်မာပြည်ထဲမှာအခွင့်ထူးခံ သီးခြားကမ္ဘာလေးတည်ဆောက်ပြီး အုပ်ချုပ်သူ လူတန်းစားအဖြစ် တသီးတခြား နေထိုင်ကြပါတယ်။ ဒါကြောင့်မို့ အောက်မြန်မာပြည်မှာ အနှစ်၁၀၀ကျော်၊ အထက်မြန်မာပြည်မှာ အနှစ် ၆၀ကျော် အင်္ဂလိပ်က အုပ်ချုပ်ခဲ့ပေမဲ့ မင်းနဲ့ပတ်သက်လာရင် အင်္ဂလိပ်အယူအဆအဖြစ်မတွေ့ဘဲ မြန်မာ့ရှေးဟောင်းအယူအဆ ကသာ ဆက်လက်ရှင်သန်နေတာ တွေ့ရပါတယ်။ ပုဂံကစပြီး ကုန်းဘောင်မင်း နိဂုံးချုပ်တဲ့ အထိ အနှစ်၈၀၀ကျော်အတွင်း ပုံသွင်းခံခဲ့ရတဲ့ မြန်မာ့နိုင်ငံရေး အတွေးအခေါ်ကသာ ကိုလိုနီခေတ်နဲ့လွတ်လပ်ရေးခေတ်မှာ ဆက်လက်ရှင်သန်နေတယ်လို့ ဆိုပါတယ်။

မြန်မာဘုရင်စနစ်ရဲ့ အသွင်လက္ခဏာ ၃ရပ်ကို ဆရာမောင်မောင်ကြီးက ဖော်ပြပါတယ်။ ဘုရင်ကို အထွတ်အထိပ်အမွန်အမြတ်ထားပြီး ကိုးကွယ်စောင့်ရှောက်တာဟာ ပထမ အသွင်လက္ခဏာပါ။ ဒုတိယက ဘုရင့်အာဏာမှာ အကန့်အသတ်မရှိဘူးလို့ ယုံကြည်တာ ဖြစ်ပါတယ်။ တတိယကတော့ ဘုရင်တာဝန်ကို ခွဲခြားသတ်မှတ်တာမျိုး မရှိဘဲ အုပ်ချုပ်ရေးဥပဒေပြုရေးနဲ့ တရားစီရင်ရေးမှာ ဘုရင်ဟာ အမြင့်ဆုံးအာဏာပိုင် ဖြစ်နေတာပါ ပဲတဲ့။

မြန်မာမင်းအုပ်ချုပ်ရေးယန္တရားဟာ ဘုရင်ကို ဗဟိုပြုပြီး လည်ပတ်နေတာမို့ ဘုရင်မရှိရင် အုပ်ချုပ်လို့မရတဲ့စနစ်ဖြစ်နေပါတယ်။ ဘုရင်အမိန့်က အုပ်ချုပ်ရေးပါဘဲ။ ဘုရင်ဟာ သမ္မတမင်းကဆင်းသက်လာတာဖြစ်လို့ အလွန်တရာမြင့်မြတ်တဲ့ မျိုးနွယ်အဖြစ် ယုံကြည်ထားကြပါတယ်။ ဒါကြောင့်လည်း ဘုရင့်မျိုးနွယ်နဲ့ မင်းမှုထမ်းတွေရဲ့ ဝတ်စား ဆင်ယင်မှုဟာ သာမန်ပြည်သူနဲ့မတူ တမူထူးခြားနေတာ ဖြစ်ပါတယ်။ ဘုရင်မင်းမြတ် ကြီးကျယ်ခမ်းနားပုံနဲ့ တန်ခိုးဩဇာကြီးမားပုံတွေကို ဘုန်းကြီးကျောင်း ပညာရေးသင်ရိုး စာအုပ်တွေဖြစ်တဲ့ လောကနီတိ၊ ၁၀ဆောင်တွဲ၊ လောကသာရဆုံးမစာ၊ စတာတွေမှာ တွေ့နိုင် ပါတယ်။ ဥပမာ "လောကသာရဆုံးမစာ" မှာဆိုရင် ရှင်ဘုရင်ရဲ့ ဂုဏ်ကျက်သရေကြီးမားပုံကို အမြင့်ဆုံး နာမဝိသေသန အမျိုးပေါင်း ၁၀ နဲ့ဖော်ပြထားပါတယ်တဲ့။

ရှင်ဘုရင်ကြီးရှိတဲ့ မြန်မာ့နိုင်ငံရေးမှာ နိုင်ငံသားတွေ ပါဝင်ဖို့နေရာမရှိသလောက်ပါပဲ။ ဒါကြောင့် မြန်မာ့နိုင်ငံသမိုင်းဆိုတာ ဘုရင်နဲ့ဘုရင့်လုပ်ဆောင်ချက်ကို မှတ်တမ်းတင်တဲ့ရာဇဝင်ဖြစ်နေပါတယ်။ မြန်မာဘုရင်ရဲ့ ဘုန်းတော်ဘွဲ့ကို အမျိုးမျိုး ချီးမွမ်းဂုဏ်ပြု မြှောင့်ပင့်ရေးသားထားတာတွေကို ခေတ်သစ်အမြင်နဲ့ ကြည့်မယ်ဆိုရင် ကလေးကလား ဖြစ်နေပေမယ့် ရှေးမြန်မာတွေအဖို့ကတော့ မြှောက်ပင့်တင်စားရေးသားထားတဲ့ ဘုန်းတော်ဘွဲ့တွေကို အမှန်တကယ်အဖြစ် ယုံကြည်ကြပါတယ်။ ဘုရင်စကားကို လေလုံးထွားတာလို့ ရှေးမြန်မာတွေက မယူဆကြပါဘူး။ ရှေးဟောင်းမြန်မာပြည်မှာ ဘုရင့်ဘုန်းတော်ဘွဲ့ဟာ အမှန်တကယ် မဟုတ်ကြောင်း ဘယ်သူမှ မပြောရဲပါဘူး။ ဒီလိုနဲ့ မြန်မာမင်းနဲ့ မြန်မာပြည်သားတွေဟာ ဝါးလုံးခေါင်းထဲ လသာပြီး အပြင်လောကမှာ ဘာဖြစ်နေမှန်း မသိကြတာများပါတယ်။ အပြင်လောကနဲ့ အဆက်အသွယ်နည်းတာကြောင့် ပြည်သူလူထုကို အစိုးရမင်းက အယုံသွင်းနိုင်တာ ဖြစ်ပုံရပါတယ်။

ရှင်ဘုရင်ရဲ့ကြီးကျယ်မြင့်မြတ်ပုံကိုသာ အဓိကဦးစားပေးပြီး ပြည်သူလူထုရဲ့ အခန်းကဏ္ဍကိုမှေးမှိန်သေးသိမ်အောင်လုပ်ထားတဲ့အတွက် တိုင်းသူပြည်သားဟာ ကျေးတော်မျိုးကျွန်တော်မျိုးအဖြစ်ကို ရောက်သွားပါတော့တယ်။ ရွာသူကြီးဦးအောင်ဇေယျ က ဘုရင်အဖြစ်ခံယူတဲ့အခါ "အလောင်းဘုရား"ဆိုတဲ့အမည်ကိုယူလိုက်ပါတယ်။ ဒါဟာ မင်းနဲ့မင်းမှုထမ်းကို အများက ရိုသေလေးစားအောင် ကမင်လုပ်ယူတာ ဖြစ်ပါတယ်။ မြန်မာဘုရင်ဟာ autocrat ခေါ် သက်ဦးဆံပိုင် အာဏာရှင်မင်းပါ။ အကြွင်းမဲ့အာဏာရှင်ဖြစ်ပြီး ကျေးတော်မျိုးကျွန်တော်မျိုးအားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ပိုင်ဆိုင်သူဖြစ်ပါတယ်။ ဘုရင့်စိတ်ဆန္ဒဟာ တရားဥပဒေဖြစ်နေတဲ့အတွက် တိုင်းပြည်နဲ့ လူထုဟာ ဘုရင်လုပ်သမျှ ခံကြရပါတယ်။ ရာထူးနဲ့ ဘွဲ့အပ်နှင်းမှု၊ ရာထူးဖြုတ်မှု၊ ဘွဲ့ရုပ်သိမ်းမှု၊ ဂုဏ်ပြုချီးကျူးမှုတောတွေကို ဘုရင်ကသာ လုပ်နိုင်ပါတယ်။ ဒါကြောင့် မိမိအသိတရားကြောင့် ချင့်ချိန်ရတာမျိုးနဲ့ တော်လှန်ပုန်ကန်မှာကို စိုးရိမ်လို့ဆင်ခြင်ရတာမျိုးကလွဲပြီး ဘုရင့်အာဏာမှာ အကန့်အသတ်အထိန်းအချုပ်မရှိပါဘူး။ မင်းကျင့်တရား၁၀ပါးနဲ့ တခြားစည်းမျဉ်းဥပဒေတွေရှိပေမယ့် ဘုရင်က မလိုက်နာရင် ဘာမှ မတတ်နိုင်ပါဘူး။

တကယ်တော့ ဗမာဘုရင်ဟာ ဥပဒေစည်းကမ်းကို ဂရုမစိုက်ဘဲ စိတ်ကူးပေါက်ရာ လျှောက်လုပ်သူဖြစ်ပါတယ်။ အနောက်တိုင်းမှာလို ဓလေ့ထုံးစံဥပဒေအရ လုပ်တာမျိုးကို ဗမာဘုရင်က နားမလည်ပါဘူး။ မိမိအာဏာချုပ်ချယ်ကန့်သတ်ရမယ် ကိစ္စကို ဗမာဘုရင်ကလက်မခံပါဘူး။ ဒါကြောင့်အစိုးရကောင်းမကောင်းဆိုတာ ဘုရင်လုပ်သူရဲ့ ပညာဉာဏ် အမြော်အမြင်နဲ့ ကိုယ်ကျင့်တရားပေါ်မှာ မူတည်ပါတယ်။ ဘုရင်စိတ်ဆိုးရင် ဝန်ကြီးဝန်ထောက်စတဲ့ အမှုထမ်းတွေအချိန်မရွေး ဒုက္ခရောက်သွားနိုင်ပါတယ်။ ဘုရင်လုပ်သူက မကျေမနပ်ဖြစ်နေတာကို သိတဲ့ပုဂ္ဂိုလ်ဟာ ထွက်ပြေးရင်ပြေး၊ မပြေးရင် တော်လှန်ပုန်ကန်ဖို့ပဲ ရှိပါတော့တယ်။ ဒီလိုမှ မလုပ်ရင် ဘုရင်လုပ်သမျှ လည်စင်းခံဖို့ပဲ ရှိပါတယ်။

ပုဂံမင်းလက်ထက် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲ ဖြစ်ပွားနေချိန်မှာ ညီတော်မင်းတုန်းမင်းသားက စစ်ရပ်စဲလိုတဲ့အတွက် ပုဂံမင်းက မကျေမနပ် ဖြစ်နေပါတယ်။ မင်းတုန်းမင်းသားဟာ ပုဂံမင်းကို တော်လှန်ရင် လှန်၊ မတော်လှန်ရင် အသတ်ခံရဖွယ်ရှိပါတယ်။ ဒီလိုအခြေအနေမှာ ရောက်လာတဲ့အတွက် နောက်ဆုံးမှာ ရှေးထုံးအတိုင်း

ပုဂံမင်းကို တော်လှန်ပုန်ကန်ပြီး ထီးနန်းကို သိမ်းပိုက်လိုက်ရပါတယ်။ ၁၆ရာစု အင်းဝမင်း သိုဟန်ဘွားဟာ ဘုရားဌာပနာဖောက်ပြီး ဘုန်းကြီးတွေကိုသတ်လို့ ဗမာတွေက ပုန်ကန်တာမျိုးရှိခဲ့ဖူးပေမယ့် များသောအားဖြင့် ဘုရင်ဟာ ဘုန်းကြီးကို မရိုမသေ မလေးမစား မလုပ်တဲ့အတွက် ဘုန်းကြီးအနေနဲ့ အထိုက်အလျောက် ပြောရေးဆိုခွင့်ရှိပါတယ်။ ဘုန်းကြီးက ကြားဝင်ဆောင်ရွက်ပေးတဲ့ အတွက် အသိမ်းခံရတဲ့ လယ်မြေပြန်ရတာမျိုးရှိသလို သေဒဏ်ကျခံပြီးမှ လွတ်မြောက်သွားသူတွေလဲရှိပါတယ်။ ဘုန်းကြီးက ဖြစ်မှုကျူးလွန်ပြီ ဆိုရင် ကျူးလွန်တဲ့ဘုန်းကြီးကို ဝါရင့်သံဃာအဖွဲ့က အရင်ဆုံးစစ်ဆေးရပါတယ်။ အပြစ်ရှိကြောင်းတွေ့တဲ့အခါမှာ သင်္ကန်းချွတ်ပြီးအစိုးရအာဏာပိုင်လက်ကို လွှဲအပ်ပေးလိုက်ပါတယ်။ ဘုရားတည်၊ကျောင်းဆောက်၊ရေကန်တူး၊တူးမြောင်းဖောက်၊ မြို့သစ်တည်ဆောက်စတဲ့ကိစ္စတွေကိုဘာသာရေးအမြင်နဲ့လုပ်တာဖြစ်ပါတယ်။ သာသနာကို ကာကွယ်စောင့်ရှောက်ဖို့တာဝန်ရှိတယ်လို့ ဗမာမင်းက ယူဆတဲ့အတွက် သံဃာတွေကို ဖိနှိပ်တာမျိုးတော့ မလုပ်ကြပါဘူး။ ဒါပေမယ့် ရာဇဝတ်ဝါ မင်းဆိုးမင်းညစ် အန္တရာယ်ကာကွယ်ပေးဖို့ ပရိတ်ကြီးပါဠိတော်မှာ သမာဓေဝနတ်ကောင်း နတ်မြတ်တွေကို ဆုတောင်းတာကို ကြည့်ရင်း မင်းဆိုးမင်းညစ်ကို သံဃာတော်တွေက လက်မခံနိုင်တာ ထင်ရှားပါတယ်။

အပိုင်း(၃)

× × × × ဥပဒေစည်းကမ်းနဲ့အညီ အုပ်ချုပ်တဲ့စနစ်ရှိဖို့လိုတယ်ဆိုတာကို ၁၉ရာစုအလယ်ပိုင်း မင်းတုန်းမင်းလက်ထက်ရောက်မှ သဘောပေါက်လာကြပေမယ့် တရားဥပဒေအရ အုပ်ချုပ်ရမယ်ဆိုတာကို ဗမာမင်းကနားလည်တာမဟုတ်ပါဘူးတဲ့။ မင်းတုန်းမင်းရဲ့သမီးတော်ဦးရဲ့ ရည်းစားဖြစ်သူ သာမန်အရပ်သားဦးကို သေဒဏ်ပေးလိုက်တဲ့ ကိစ္စဟာ ထင်ရှားတဲ့သာဓကပဲလို့ ဆိုပါတယ်။ ဒီလိုမင်းမျိုးနဲ့ ချစ်ကြိုက်တဲ့ အမှုမှာ ကျပ်ငွေ ၄၀၀က ၁၀၀၀အထိသာ ဒဏ်ရိုက်နိုင်တယ်လို့ ဓမ္မသတ်ကျမ်းတွေ မှာ ဖော်ပြထားပေမယ့် သေဒဏ်ကျခံရတာဟာ ဓမ္မသတ်ကျမ်းတွေကိုရော၊ လေ့ထုံးစံဥပဒေကိုရော ဂရုမစိုက်တာထင်ရှားပါတယ်။ မင်းမှုထမ်းတွေကလည်း အဂတိလိုက်စားပြီး အာဏာအလွဲသုံးစားလုပ်ရာမှာ နာမည်ကြီးပါတယ်။ မြို့ဝန်အဆင့်လောက်ဆိုလို့ရှိရင် ထင်ရာစိုင်းတတ်ပါတယ်။ ဒါကြောင့်လည်း "မင်းဆိုးသမျှ ကွင်းရှောင်မယ်၊ ထမင်းတောင် မစားချင်းဘူး"လို့ ဦးပုညက စာချိုးထားတာပါပဲ။

မင်းတုန်းမင်းလက်ထက် နန်းတွင်းလုပ်ကြံမှုမှာ အခါပေးလို့ အသတ်ခံရတဲ့ ဦးပုညကို မြောက်မြို့ဝန်ဦးသာအိုးက ထိန်းသိမ်းထားရပါတယ်။ ဒီလိုထိန်းသိမ်းထားတဲ့ ခွင့်ပြုချက်မယူဘဲ ဦးသာအိုးက ဦးပုညကိုသတ်ပစ်လိုက်ပါတယ်။ ဒီအကြောင်းကို မင်းတုန်းမင်းကြားရတော့ "လူကိုခွေးကသတ်လိုက်ပြီ"လို့ ပြောတာဟာ သမိုင်းတွင်သွားပါတယ်။ အခုခေတ်မှာတော့ ခွေးသတ်လို့သေတဲ့လူတွေအများကြီးရှိပါတယ်။ ရန်သူမျိုး၅ပါးထဲမှာ အုပ်ချုပ်မင်းလုပ်သူကိုထဲ့ထားပေမဲ့ အာဏာကိုအချုပ်အချယ်အကန့်အသတ် မထားနိုင်တာဟာ မကောင်းမှုအားလုံးရဲ့ အရင်းအမြစ်ဖြစ်ကြောင်း မြန်မာလူ့အဖွဲ့အစည်းက သဘောပေါက်တာ မဟုတ်ပါဘူးတဲ့။ တရားဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း အုပ်ချုပ်တဲ့မင်းနဲ့ ထင်ရာလုပ်တဲ့ မင်းဆိုးမင်းညစ်ကို ခွဲခြားသိမြင်နိုင်စွမ်းမရှိဘူးလို့ ဆိုပါတယ်။

အတင်းအဓမ္မအနိုင်ကျင့်သူအဖြစ် မင်းကို အမြဲတမ်းကြောက်ရွံ့နေကြပါတယ်။ အစိုးရမင်းကလည်း တိုင်းသူ ပြည်သားကို မကြောက်ကြောက်အောင် ခြောက်လှန့်ပြီးအုပ်ချုပ်ပါတယ်။

မင်းအာဏာကို မလွန်ဆန်ရှင်သူတွေဟာ လူဆိုးဂိုဏ်းထောင်ပြီး တောခိုပြီး သောင်းကျန်းကြပါတယ်။ ဒါကြောင့် ဖိနှိပ်တဲ့အစိုးရမင်းနဲ့ လူဆိုးဓါးပြတွေကြားမှာသာမန်ပြည်သူတွေဟာဘဝရှင်သန်နိုင်အောင် ကြိုးပမ်းနေရပါတယ်။ ဒီလိုဘဝပေးအခြေအနေတွေကြောင့် ဗမာပြည်မှာ ကံကိုယုံကြည်တဲ့ ဓလေ့ရှင်သန်လာရတာလို့ ဆရာဦးမောင်မောင်ကြီးက ယူဆပါတယ်။ ပြင်းထန်စွာအပြစ်ပေးပြီး ရက်ရက်စက်စက် ဖိနှိပ်တဲ့နည်းလမ်းကို သုံးတာဟာ လုပ်ရိုးလုပ်စဉ်အလုပ်လိုဖြစ်နေတာမို့ ဒီလိုလုပ်တာကို မှားတယ်လို့ ဗမာမင်းက မမြင်ပါဘူး။ ဒါကြောင့်လည်း မင်းဘေးနဲ့ကင်းလွတ်အောင် ရာဇဝတ်ဝါဆိုပြီး ပရိတ်ကြီးနိဒါန်း ပါဠိတော်မှာ နတ်တွေကိုပန်ကြားခဲ့တာ ဖြစ်ပါတယ်။ မင်းနဲ့မင်းမှုထမ်းကို နေရာမရွေး အချိန်မရွေး ကြောက်ရွံ့နေရတာကို "မင်းတို့မျက်စောင်းအကြောင်းမရွေး" ဆိုတဲ့စကားက သက်သေပြနေပါတယ်။ ဗမာမင်းဟာ ကောင်းကျိုးပေးတာနည်းပြီး ဆိုးကျိုးပေးတာများတဲ့အတွက် "မင်းလေ မြောလည်းမဆယ်နဲ့ မြွေချောင်းလည်းမကယ်နဲ့" ဆိုတဲ့ စကား ပေါ်လာတာ ဖြစ်ပါတယ်။ ဒီလိုယုံကြည်တာကြောင့် နိုင်ငံအရေးကို ဗမာတွေသိပ် စိတ်မဝင်စား ကြတာလို့ ဆိုပါတယ်။

၁၉ရာစုနှောင်းပိုင်းမှာ ဗမာပြည်မှာ ' သက်ဦးဆံပိုင်ဘုရင်စနစ် ထွန်းကားပါတယ်။ အင်္ဂလိပ်ကိုစစ်ရှုံးတော့မှပဲ အာဏာရှင်ဘုရင်စနစ်နိဂုံးချုပ်သွားပါတယ်။ အဲဒီခေတ်ကတော့ ပတ်ဝန်းကျင်တိုင်းပြည်တွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နဲ့ ထိုင်းနိုင်ငံတွေဟာလည်း ဗမာပြည်နဲ့ ဘိန်မသာလိန်မသာပါပဲ။ အတုယူစရာ အိမ်နီးချင်းနိုင်ငံမရှိတာကလည်း သက်ဦးဆံပိုင်ဘုရင်စနစ်သက်ဆိုးရှည်စေတဲ့ အချက်တစ်ချက်ပါပဲ။ မျိုးရိုးစဉ်ဆက် နေရာ ဆက်ခံတဲ့ အထက်တန်းလွှာသူကောင်းမျိုး လူတန်းစားမရှိတာကလည်း သက်ဦးဆံပိုင် ဘုရင်စနစ်ကို သက်ဆိုးရှည်စေတယ်လို့ ဆရာမောင်မောင်ကြီးကဆိုပါတယ်။ ဗမာမင်း လက်ထက်မှာဘုရင့်မိသားစုနဲ့ မင်းမှုထမ်းကတစ်ဖက်၊ ပြည်သူလူထုကတစ်ဖက်၊ လူတန်းစား ၂မျိုးသာရှိပါတယ်။ အနောက်တိုင်းမှာလို ရှင်ဘုရင်အပေါ် ဩဇာညောင်းနိုင်တဲ့ အထက်တန်းစား မရှိပါဘူး။ ဒါတင်မကသေးပါဘူး။ မြို့ကြီးပြကြီးတွေ မရှိတဲ့အတွက် အတိုက်အခံလုပ်ချင်သူတွေ စုဝေးစရာ ခိုလှုံစရာ နေရာမရှိဘဲ ဖြစ်နေတာကလည်း ဘုရင်စနစ်ကို အားကောင်းစေပါတယ်။

ဘုရင်ကရှိသေလေးစားတဲ့သံဃာတော်တွေရှိပေမယ့် သူတို့ကလောကီရေးကို စိတ်ဝင်စားတာမဟုတ်လို့ နိုင်ငံရေးနဲ့ဝေးနေပါတယ်။ ဒါကြောင့်မို့ ဗမာမင်းလက်ထက်က အုပ်ချုပ်သူလူတန်းစားဆိုတာ ဘုရင့်မိသားစုသာဖြစ်ပါတယ်။ မှူးမတ်ဆိုတာကလည်း ဘုရင်ကခန့်ထားတဲ့ သာမန်လူတန်းသားဖြစ်လို့ ဘုရင်ကိုပဲ မှီခိုနေရပါတယ်။ ဘုရင်သေတာနဲ့ သူခန့်ထားတဲ့ မှူးမတ်တွေလည်း အာဏာလက်လွတ်ဖြစ်ကုန်တာများပါတယ်။ ဘုရင့်အလိုကို ဆန့်ကျင်ပြောဆိုတဲ့ မင်းမှုထမ်းဆိုတာ မရှိသလောက်ဖြစ်ပြီး အားလုံးမှန်ပါဘုရားတွေ ဖြစ်နေပါတယ်။ ပညာတတ်အားလုံး ဘုန်းကြီးကျောင်းထွက် ဖြစ်နေတာကြောင့် ဗုဒ္ဓဘာသာကျမ်းဂန်တွေမှာ ကျွမ်းကျင်ကြပေမယ့် လောကီရေးရာကို သိပ်မသိကြပါဘူး။ ဒါကြောင့် တိုင်းပြည်အုပ်ချုပ်ရေးပညာမှာ ဗြဟ္မဏပုဏ္ဏားတွေရဲ့ဟိန္ဒူအတွေးအခေါ်လွှမ်းမိုးနေတာတွေ့ရပါတယ်။ ရာဇနီတိကျမ်းကို ဗြဟ္မဏပုဏ္ဏားနှစ်ဦးကပြုစုတာဖြစ်ပါတယ်။

တကယ်တော့ လောကနီတိကျမ်းဟာ ဟိန္ဒူမနုကျမ်းပါ။ ဒီကျမ်းကို မြန်မာသက္ကရာဇ် ၁၁၉၆၊ ခရစ်သက္ကရာဇ်၁၈၃၄ခုနှစ်မှာ မဟာအောင်မြေဘုံစံကျောင်း ဆရာတော်ဦးဗုဒ်က မြန်မာဘာသာ ပြန်ဆိုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မင်းမှူးထမ်းတွေရဲ့နိုင်ငံရေးအမြင်ဆိုတာဟာ အစဉ်အလာ ကျမ်းဂန်လာ အကန့်အသတ်ဘောင်အတွင်းမှာ ရှိနေတဲ့အတွက် သက်ဦးဆံပိုင်ဘုရင်စနစ်ကို အပြစ်မမြင်နိုင်ကြပါဘူး။ ဘုရင့်အာဏာကို ဘယ်သူကမှ မေးခွန်းမထုတ်ကြပါဘူး။ အများလက်ခံထားတဲ့ ရိုးရာအစဉ်အလာ အယူအဆဘောင်ကို ဗမာပညာတတ်တွေက မကျော်နိုင်ပါဘူး။

၁၉ရာစုအစပိုင်းမှာ မြန်မာပြည်ရဲ့လူဦးရေဟာ ၃-၄သန်းလောက်သာ ရှိတယ်လို့ ခန့်မှန်းကြပါတယ်။ ပြင်ပနဲ့အဆက်အသွယ်နည်းတာကြောင့် အယူအဆ အသစ်အဆန်း တစ်ခု ရှင်သန်ဖို့ အခြေအနေမပေးပါဘူး။ နေရာတကာမှာ ဘာသာရေးက စိမ့်ဝင်ပျံ့နှံ့နေတာမို့ ရှိပြီးသားဘာသာရေးအယူအဆကိုဆန့်ကျင်ပြီး အယူအဆသစ် ရှာဖွေဖို့ဆိုတာ အလွန်ခက်ခဲတဲ့ကိစ္စပါ။ သံဃာတော်တွေ နိုင်ငံရေးကင်းရှင်းတယ် ဆိုပေမယ့် ဘုရင့်အာဏာကိုတော့ ထောက်ခံကြပါတယ်။ သာသနာ့ဒါယကာ ဗမာမင်းရဲ့ ကူညီထောက်ပံ့မှုကို လက်ခံရယူတဲ့သံဃာတွေဟာ အခွင့်ထူးခံလူတန်းစားလို ဖြစ်လာပါတယ်။ ဗမာမင်းလက်ထက်က ပညာရေးတိုးတက်မှုဆိုတာဟာ ဗုဒ္ဓဘာသာကျမ်းဂန်တွေကိုဗမာပြန်ဆိုပြီး အနက်အဓိပ္ပာယ်ဖွင့်ဆိုတာပဲဖြစ်ပါတယ်။ လက်ရှိဘဝကို ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်ဆန်းစစ်တဲ့ပညာရေး မဟုတ်ပါဘူး။ ဘုရင်မင်းမြတ်ရဲ့အမိန့်ကို မဆိုင်းမတွ အပြည့်အဝ နာခံဖို့ကိုသာ မြန်မာစာပေနဲ့နန်းတွင်းလက်စွဲကျမ်းတွေက တိုက်တွန်းကြောင်း သမိုင်း ပါမောက္ခဆရာဦးမောင်မောင်ကြီးက ရေးသားထားပါတယ်ခင်ဗျား။

အပိုင်း(၄)

ရှေးမြန်မာစာပေမှာ ဘုရင့်အာဏာစက်ကြီးမားပုံနဲ့ ဘုရင့်လက်အောက်မှာ ဦးခေါင်းဆံမြေ့သစ္စာရှိစွာအမှုထမ်းရပုံ၊ ဘုရင်ပေးတဲ့တာဝန်ကို ထမ်းဆောင်ရာမှာ နောက်မတွန့်ဘဲ ဦးလည်မသုန် လုပ်ကိုင်ပုံတွေကို အများဆုံးရေးထားတာ တွေ့ရပါတယ်တဲ့။ ဘယ်လောက်ပဲ ရာထူးကြီးကြီး မင်းမှုထမ်းကို အချိန်မရွေး ဘုရင်က သတ်ပစ်နိုင်တာကို "မင်းခယောကျ်ား ကမ်းနားသစ်ပင်" ဆိုတဲ့ စကားကဖော်ပြနေပါတယ်တဲ့။

ဘုရင်လုပ်သူရဲ့အာဏာကို အကန့်အသတ်ထားသင့် မထားသင့်ဆိုတာကို အနောက်တိုင်းမှာလို အတိအလင်း ဝေဖန်ဆန်းစစ်တာမျိုး မြန်မာ့နိုင်ငံရေးအတွေးအခေါ်မှာ မရှိပါဘူး။ တိုင်းပြည်မှာ ဘုရင်မရှိရင်မဖြစ်ဘူးလို့ ဗမာတွေက ယူဆထားကြပြီး ဘုရင်လုပ်သူဟာ မင်းကျင့်တရားနဲ့အညီ အုပ်ချုပ်မင်းလုပ်တဲ့ အကြွင်းမဲ့အာဏာရှင် ဖြစ်ရမယ်လို့သာ ယုံကြည်ကြပါတယ်။ အာဏာအလွဲသုံးစားလုပ်လို့ အကြွင်းမဲ့အာဏာရှင်ဘဝက မင်းဆိုးမင်းညစ်အဖြစ် အသွင်ပြောင်းသွားတာကိုတော့ စဉ်းစားမိကြပုံမရပါဘူး။ မှူးမတ်တွေရဲ့ ပြုစုမှုကိုခံယူရင်း နန်းတွင်းမှာကြီးပြင်းလာရတဲ့ မင်းသား ဘုရင်ဖြစ်လာတဲ့အခါ ဘုရင့်အာဏာကို ဥပဒေစည်းကမ်းနဲ့ ဘောင်ခတ်ဖို့မှူးမတ်တွေက စိတ်မကူးကြပါဘူး။ ရှေးက မင်းကောင်းမင်းမြတ်တွေရဲ့လုပ်ကိုင်ဆောင်ရွက်မှုကိုသာ ထောက်ပြပြီး အကြံပေးတာလောက်ပဲ လုပ်ပါတယ်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း ကင်းဝန်မင်းကြီးကလွဲပြီး ဘုရင့်အာဏာကို

ကန့်သတ်ဖို့ ဘယ်သူကမှစိတ်မကူးကြပါဘူး။ ရှင်ဘုရင်က ဒိန်ပ်ညှင်းပန်းပြီး အနိုင်ကျင့်တာကို မခံနိုင်တော့လို့ ပုန်ကန်ထကြွတာမျိုးရှိပေမယ့် ဘုရင်စနစ်ကို မဆန့်ကျင်ကြပါဘူး။ တော်လှန်ပုန်ကန်သူတွေက အနိုင်ရရင်လည်း သက်ဦးဆံပိုင်ဘုရင်စနစ်ကိုပဲ ဆက်ပြီး ကျင့်သုံး ကြပါတယ်။

ရှေးဗမာတွေဟာ အကြွင်းမဲ့ အာဏာရှင်ဘုရင်စနစ်ကလွဲပြီး တခြားနိုင်ငံရေးစနစ်တွေကို နားမလည်ကြပါဘူး။ ဒါကြောင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးမှာ ဘုရင်ဟာအာဏာအရှိဆုံးဖြစ်နေတာပါ။ဒီနေရာမှာ ဥပဒေပြုရေးလို့ ဆိုပေမယ့် အနောက်တိုင်းမှာလို ဥကဒေပြုပြီး ပြဋ္ဌာန်းတာမျိုး မဟုတ်ပါဘူး။ တကယ်တော့ ဗမာဘုရင်ဟာ ဥပဒေပြုသူ မဟုတ်ပါဘူး။ ဥပဒေလို့ ဥပဒေပညာရှင်တွေက သတ်မှတ်နိုင်လောက်တဲ့အမိန့်ကို ဗမာမင်းက ပြဋ္ဌာန်းဖူးတာ မဟုတ်ပါဘူး။ ဘုရင့်အမိန့်တော်ဆိုတာ ဥပဒေမဟုတ်ဘဲ အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်တွေပါ။ ဘုရင်ဟာ ရှေးဟောင်းအစဉ်အလာကရှိခဲ့တဲ့ ဥပဒေတွေကိုသာ ကျင့်သုံးရမယ်လို့ ယူဆခဲ့ကြပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်ပြီး ဥပဒေပြုနိုင်တဲ့ အဖွဲ့အစည်းဆိုတာ ဗမာ့သမိုင်းမှာ မရှိခဲ့ပါဘူး။

ဒါကြောင့်လည်း ဥပဒေပြုရေးဆိုတာ မြန်မာ့နိုင်ငံရေးအတွေးအခေါ်မှာ မရှိခဲ့တာဖြစ်ပါတယ်။ အင်္ဂလိပ်ပါလီမန် လွှတ်တော်ဟာ မြန်မာ့လွှတ်တော်နဲ့ ကွဲပြားခြားနားပါတယ်။ "လွှတ်တော်ဟူသော ဝေါဟာရမှာ မြန်မာဘာသာဖြစ်သည်။ ရှင်ဘုရင်အမိန့်တော်အတိုင်း လိုက်နာဆောင်ရွက်ရသော ဌာနကိုဆိုလိုသည်" လို့ကိုလိုနီခေတ်ပုဂံဝန်ထောက်မင်း ဦးတင်ပြုစုတဲ့ "မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းဒုတိယတွဲ" မှာဖော်ပြထားပါတယ်။ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး ကွဲပြားခြားနားတာကို ရှေးဗမာတွေသိပေမယ့် ဒီတာဝန် ၂ရပ်စလုံး ဘုရင့်လက်ထဲမှာ ထည့်ထားပါတယ်။ ဘုရင်ကလည်း လွှတ်တော်နဲ့ မြို့ဝန်တွေကို တာဝန်လွှဲပေးပါတယ်။ ဒါကြောင့် လွှတ်တော်ဟာ အမြင့်ဆုံး အုပ်ချုပ်ရေးဌာန ဖြစ်သလို တရားရုံးချုပ်လည်း ဖြစ်ပါတယ်။

အာဏာရှင်ဆံတဲ့ အပြုအမူတွေကို နိုင်ငံရေးတွင် မကဘဲ လူမှုရေးနယ်ပယ်မှာလည်းတွေ့ကြရတယ်လို့ဆရာမောင်မောင်ကြီးကဆိုပါတယ်။လိုက်နာရမယ့် ကိုယ်ကျင့်တရားနဲ့ တာဝန်ဝတ္တရားအပေါ်မှာ မြန်မာ့လူမှုရေးစနစ်ကို တည်ဆောက်ထားပါတယ်တဲ့။ အထက်လူနဲ့ အောက်လူ၊ လူကြီးနဲ့လူငယ် အဆင့်မြင့် သူနဲ့ အဆင့်နိမ့်သူ၊ မိဘနဲ့သားသမီး၊ ယောကျ်ားနဲ့ မိန်းမ၊ ဆရာနဲ့တပည့် စတဲ့ဆက်ဆံရေး အစဉ်အလာအရ လက်ခံထားတဲ့ ကိုယ်ကျင့်တရားကို ကျင့်သုံးရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုလူမှုဆက်ဆံရေးမျိုးမှာ အဆင့်မြင့်သူ၊ အသက်ကြီးသူနဲ့အာဏာရှိသူဟာ အမြဲတမ်းအပေါ်စီးရနေပါတယ်။ ဗုဒ္ဓဘာသာဝင်ဟာ ဗုဒ္ဓ၊ဓမ္မ၊သံဃာ၊မိဘ၊ဆရာဆိုတဲ့ အနန္တာအနန္တ၅ပါးကို တရိုတသေထားပြီး ကိုးကွယ်ပူဇော်ကြတာဖို့ မိဘနဲ့ဆရာမဟုတ်တာလုပ်လို့ ခံပြောရင် အပြစ်ကြီးပါတယ်။ မိဘ၊ ဆရာကိုပြန်ပြောတာကို ဘာသာရေးပြစ်မှုအနေနဲ့မြင်တဲ့ ရှေးဟောင်းဓလေ့လည်း ကျန်ရှိနေပါသေးတယ်။

မြန်မာ့လူ့အဖွဲ့အစည်းမှာ × × × × × × × × × × × × ရိုးရာအစဉ်အလာအရ ရာထူးဆက်ခံတဲ့ မူးမတ်မျိုးရိုး မရှိတာကြောင့်သာမန် နိုင်ငံသားထဲကပဲ မင်းမှုထမ်းကို ရွေးချယ်ခန့်ထားရပါတယ်။ ဒီလိုနဲ့ အုပ်ချုပ်ခံလူတန်းစား အချို့ဟာ အုပ်ချုပ်တဲ့ လူတန်းစား

ထဲ ပါသွားပါတယ်။ ဒါကြောင့်မို့ မင်းမှုထမ်းနဲ့သာမန် လူတန်းစားရဲ့ စိတ်နေသဘောထားကို အကြွင်းမဲ့အာဏာရှင်စနစ်က ဖန်တီးလိုက်သလို ဖြစ်သွားပါတယ်တဲ့။ အစိုးရမင်းဆိုတာ ကောင်းတဲ့အရာမဟုတ်ဘူးလို့ မင်းမှုထမ်းကရော၊ သာမန်နိုင်ငံသားတွေကရော ယုံကြည်ထားကြပါတယ်။ မကောင်းတဲ့အရာဖြစ်တာကြောင့် ဖိနှိပ်ပြီး မတရားလုပ်တာဟာ အစိုးရရဲ့ သဘာဝလို့သတ်မှတ်ကြပါတယ်။ ဒါကြောင့် အစိုးရကိုဆန့်ကျင်နေလို့ အကျိုးရှိမှာ မဟုတ်ဘူးဆိုတဲ့အမြင် ထွက်ပေါ်လာတာလို့ ဆရာမောင်မောင်ကြီးကဆိုပါတယ်။ အစိုးရအလုပ်ဟာ ကိုယ်နဲ့မဆိုင်ဘူးလို့ယူဆပြီး အရာခပ်သိမ်း အစိုးရက လုပ်လိမ့်မယ်လို့ ရှေးမြန်မတွေကယူဆပါတယ်တဲ့။ အစိုးရကို မကောင်းတဲ့အရာလို့ မြင်ပေမယ့် မင်းမှုထမ်း အရာရှိ ဖြစ်ရတာကိုတော့ အကောင်းဆုံးလို့ ယူဆကြပြန်ပါတယ်။ ဘယ်လောက်ပဲချမ်းသာ၊ ချမ်းသာ ရာထူးမရှိရင် အစိုးရလုပ်သချွတ်ခံရမယ်လို့ယူဆလို့ပါဘဲ။ ရာထူးတည်မြဲဖို့အတွက် လုပ်ငန်း ကျွမ်းကျင်ဖို့မလိုပဲ အထက်လူကြီးကြိုက်ဖို့သာလိုတယ်လို့ ယူဆကြပါတယ်။ ဒီအယူအဆဟာ မျက်မှောက်ခေတ် မြန်မာပြည်မှာလည်း ခေတ်စားနေ တုန်းပါပဲ။

အစိုးရဟာ နေရာတိုင်းမှာ အာဏာရှိနေတာမို့ အစိုးရလုပ်သချွ တရားမျှတယ်၊ မှန်ကန်တယ်ဆိုတဲ့အယူအဆ ထွက်ပေါ်လာတာဖြစ်ပါတယ်။ ဒီလိုအတွေးအခေါ် အားလုံးဟာ အကြွင်းမဲ့ အာဏာရှင်ဘုရင်စနစ်မှာဖြစ်ပွားခဲ့ပါတယ်။ ရှင်ဘုရင်ကို သက်ဦးဆံပိုင် အာဏာရှင်ဘုရင်မင်းမြတ်လို့သတ်မှတ်ပြီး မင်းမှုထမ်းကိုတော့ ပြည်သူလူထုကို ဖိနှိပ်တဲ့ သာပေါင်းညာစားလို့ သတ်မှတ်ထားကြပါတယ်။ မင်းနဲ့ မင်းမှုထမ်းဟာ × × × × × × × ဘလောင်းဘလဲလုပ်တတ်တာကြောင့် ဒီလိုလူတွေကို မကောင်းဆိုးဝါးအဖြစ် ပြည်သူလူထုက သတ်မှတ်ကြပါတယ်။ ဝန်ကြီးအဆင့်ကစပြီး စာရေးအဆင့်ထိ ပြည်သူလူထုကို အနိုင်ကျင့် နေတာမို့မင်းမှုထမ်းနဲ့ထိပ်တိုက်တွေ့လာရင် ပြည်သူလူထုကိုကူညီမယ့်သူ မရှိပါဘူး။ ပြည်သူနဲ့အနီးဆုံး မင်းမှုထမ်းကို အကြောက်ရဆုံးမို့ "နီးရာဓါးကြောက်ပြီ" ဆိုတဲ့စကား ပေါ်ထွက်လာတာပါပဲ။ မြို့ပေါ်မှာ ရှင်ဘုရင်ကကြီးစိုးသလို နယ်မှာတော့ မင်းမှုထမ်းက ဘုရင်လေးတွေလို ဖြစ်ကြပါတယ်။ ဒီလိုမတရားလုပ်တာကို ညြစာတိုက္ခမရှိတဲ့ ဘုန်းကြီးကသာ ကြားဝင်ပြီးဟန့်တားနိုင်ဖွယ်ရှိတယ်လို့ ဆရာမောင်မောင်ကြီးက ဖော်ပြထား ပါတယ်ခင်ဗျား။

အပိုင်း(၅)

အစိုးရမင်းကိုရန်သူမျိုး၅ပါးထဲထည့်ထားတဲ့ဗမာပြည်သားတွေဟာ မင်းမှုထမ်း သိပ်ဖြစ်ချင်ကြကြောင်း ဆရာမောင်မောင်ကြီးသုံးသပ်တင်ပြထားတာကို မြန်မာ့နိုင်ငံရေး အတွေးအခေါ်အပိုင်း(၅)မှာ ဒီကနေ့ တင်ပြပါမယ်။

ပြည်သူလူထုနဲ့ အနီးစပ်ဆုံးမင်းမှုထမ်းဟာ ပြည်သူလူထုကို ဒုက္ခအပေးဆုံး ဖြစ်တဲ့အတွက် "နီးရာဓားကြောက်ပြီ"ဆိုတဲ့ စကားပေါ်ပေါက်လာရပုံကို အယင်အပတ်က တင်ပြခဲ့ပါတယ်။ ဘဝရှင်မင်းတရားလို့ခေါ်တဲ့ရှင်ဘုရင်ဟာ အကြွင်းမဲ့အာဏာရှင် ဖြစ်သလို သူခန့်ထားတဲ့ဝန်ကြီးဝန်ကလေးနဲ့ မြို့စားနယ်စားတွေကလည်းအကြွင်းမဲ့အာဏာရှင်လေးတွေ ဖြစ်လို့ မတရားလုပ်ရင် အရေးယူဖို့အတော်ခက်ပါတယ်။ သာမန်အရပ်သားနဲ့ မင်းမှုထမ်း

ပြဿနာဖြစ်ရင် အစိုးရဟာ မင်းမှုထမ်းဘက်က လိုက်ဖို့များတာမို့ မင်းနဲ့ မင်းမှုထမ်းမတရားလုပ်တာကို အရေးယူဖို့ဆိုတာ မဖြစ်နိုင်သလောက်ပါပဲ။

၁၉-ရာစုအလယ်ပိုင်းမှာ နန်းတက်တဲ့ပုဂံမင်းလက်ထက် အမရပူရမြို့ဝန် အီရန်နွယ်ဖွားဘိုင်ဆာဟစ်နဲ့ မြို့စာရေးမောင်ပိန်တို့ရဲ့သောင်းကျန်းမှုဟာ ဒီနေရာမှာ ထင်ရှားပါတယ်။ ဘိုင်ဆာဟစ်နဲ့မောင်ပိန်ဟာ ဂျပိုးသူခိုးအရာရှိဆိုးတွေကို လက်သပ်မွေးပြီး သူများဥစ္စာပစ္စည်းကို လုယက်သိမ်းပိုက်ပါတယ်။ သူတို့အနိုင်ကျင့်သတ်ဖြတ်လို့ သေဆုံးရသူပေါင်း ၆၀၀၀နီးပါးလောက်ရှိပါတယ်တဲ့။ဒီလိုနှစ်ရှည်လများ သောင်းကျန်းလာတာကို အရေးယူမဲ့သူ မရှိပါဘူး။ နောက်ဆုံးပြည်သူလူထုတစ်ရပ်လုံး မခံမရပ်ဖြစ်လာတဲ့အခါကျမှ ဘိုင်ဆာဟစ်နဲ့ မောင်ပိန်ကို ကွပ်မျက်သုတ်သင်စေပြီး သူတို့မတရားသိမ်းထားတဲ့ ဥစ္စာပစ္စည်းတွေကို ပုဂံမင်းကအပိုင်သိမ်းလိုက်ပါတယ်။ ကိုယ်ကျိုးအတွက်ဆိုရင် ဗမာမင်းက နိုင်ငံခြားသားကိုလည်း မြှောက်စားတဲ့သာဓကပါပဲ။

ဘုရင်ကခန့်ထားတဲ့ မင်းမှုထမ်းတွေ အာဏာအလွဲသုံးစားလုပ်ပြီး အနိုင်ကျင့်ရမ်းကားတာကို မင်းကလွဲပြီး ဘယ်သူကမှ အရေးမယူနိုင်တာဟာ မြန်မာ့ရိုးရာနိုင်ငံရေးဓလေ့တစ်ခုပါဘဲ။ တိုင်းပြည်ရေးရာကိုလည်း မင်းနဲ့မင်းမှုထမ်းကပဲ စည်းကြပ်ပါတယ်။ နိုင်ငံအရေးမှာ ပြည်သူလူထုပါဝင်တဲ့အစဉ်အလာ မြန်မာမှာမရှိပါဘူး။ ပြည်သူလူထုနဲ့ သင့်တော်တယ်၊ မသင့်တော်ဘူးဆိုတာကို မင်းနဲ့မင်းမှုထမ်းကပဲ ဆုံးဖြတ်ပါတယ်။ ပြည်သူလူထုက ဆုံးဖြတ်တာမဟုတ်ပါဘူး။ ကျေးရွာအဆင့်လောက်မှာပဲ ရပ်ရွာကိစ္စမှာ ပြည်သူလူထုကပါဝင်ကြပါတယ်။ ပြည်သူလူထုကတင်မြှောက်ထားတဲ့လူကြီးနဲ့သမာဓိတွေက ရွာသူကြီးနဲ့တိုင်ပင်ပြီး ရပ်ရွာကိစ္စကို ဆုံးဖြတ်ကြပါတယ်။ ဒီအဆင့်ထိပဲ သာမန်အရပ်သားတွေ ပါဝင်နိုင်ကြပါတယ်။ ပြည်သူ့အခန်းကဏ္ဍဟာ ကျေးရွာအဆင့်ထက် မပိုတာကြောင့်အစိုးရကိစ္စမှန်သမျှဟာ "တိမ်တောင်သဖွယ်မင်းရေးကြွယ်"ဆိုသလို ဖြစ်နေတာပါ။ အစိုးရကိစ္စဆိုတာ သာမန်အရပ်သား နားလည်နိုင်တာမဟုတ်လို့ ပြည်သူလူထုဟာ အုပ်ချုပ်ခံဘဝမှာသာ နေရမယ်ဆိုတဲ့ သဘောပါဘဲ။ ဒီလိုနားလည်ထားတဲ့ ပြည်သူလူထုဟာ မိမိနဲ့တိုက်ရိုက်မပတ်သက်တဲ့ နိုင်ငံရေးကိစ္စကို စိတ်မဝင်စားကြတော့ပါဘူး။ "ကြေးတင်ဘုရင်ဆပ်လိမ့်မယ်"ဆိုတဲ့ စကားဟာ နိုင်ငံရေးကို စိတ်မဝင်စားကြောင်းပြတဲ့စကားပါ။

မြန်မာ့လူ့ဘောင်မှာ ဟိန္ဒူဇာတ်စနစ်လိုလူမှုအဆင့်အတန်းကိုပုံသေ သတ်မှတ်တာမျိုးမရှိပေမယ့် လူတန်းစားခြင်နဲ့ မင်းမှုထမ်းစိတ်ဓာတ်ကတော့ ရှင်သန်နေပါတယ်။ ဒီလိုဖြစ်ရတာကလဲ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဘုရင့်မိသားစုနဲ့ မင်းမှုထမ်းကသာ အခွင့်ထူးခံဖြစ်နေလို့ပါပဲ။ အာဏာရှိတဲ့ ဘုရင်အစေအပါးအမှုထမ်းဟာသာမန်အရပ်သားတွေကို အနိုင်ကျင့်နိုင်ပေမဲ့ မင်းမှုထမ်းအချင်းချင်း မတရားလုပ်လို့မရပါဘူး။ ဒါကြောင့် မြန်မာတွေမှာ မင်းမှုထမ်းဖြစ်ချင်စိတ်ပြင်းပြတာပါတဲ့။ မင်းမှုထမ်းဖြစ်မှသာ မတရား အနိုင်ကျင့်ခံရတဲ့ ဘေးက ကင်းဝေးမယ်လို့ ယူဆကြပါတယ်။

အစိုးရကို ရန်သူမျိုးငါးပါးထဲထည့်ထားတဲ့ ဗုဒ္ဓဘာသာမြန်မာတွေမှာ မင်းမှုထမ်း ဖြစ်ချင်စိတ်ရှိတာ သဘာဝမကျသလိုဖြစ်နေပါတယ်။ အစိုးရမကောင်းမှန်း သိပေမယ့် ဘာမှ မတတ်နိုင်တဲ့အတွက် အနိုင်ကျင့်မခံရအောင် အစိုးရနဲ့ပူးပေါင်းလိုက်တဲ့သဘောပဲလို့ သမိုင်းပါမောက္ခဒေါက်တာမောင်မောင်ကြီးက ယူဆပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ

လူတန်းစား မရှိပေမယ့် မြန်မာတွေဟာ ရာထူး၊ ဂုဏ်၊ အဆင့်အတန်းကို အတော်မက်ကြပါတယ်တဲ့။ လူတစ်ဦးကိုအကဲဖြတ်ရာမှာ ပင်ကိုယ်အရည်အသွေးကိုမကြည့်ဘဲ ဂုဏ်အဆင့်အတန်းကိုသာ ကြည့်တတ်ပါတယ်။ အရည်အချင်းကို ဦးစားမပေးဘဲ ရာထူးအဆင့်အတန်းကို ဦးစားပေးတဲ့ဓလေ့ ဖြစ်ပါတယ်။ ရာထူးအဆင့်အတန်းလျော့ကျသွားတာနဲ့ ဂုဏ်သိက္ခာလည်း ကျဆင်းသွားပါတော့တယ်။ ဂုဏ်အဆင့်အတန်းရှိသူကိုမိတ်ဖွဲ့ပြီး ဂုဏ်အဆင့်အတန်း မရှိသူကို ရှောင်ကြဉ်ကြပါတယ်။ ဘုရင့်မိသားစုဝင်တွေထဲမှာတောင် အဆင့်အတန်းမရှိတော့ရင် အပေါင်းအသင်း မရှိတော့ပါဘူး။

ခေတ်စနစ်မရှိတဲ့ မြန်မာ့လူ့ဘောင်မှာ ဘယ်သူမဆို ကြိုးစားရင် ကြိုးစားသလို ဖြစ်ထွန်းနိုင်ပါတယ်။ သာမန်လယ်သမားဟာ လက်မှုပညာသည်၊ စာပေပညာရှင်၊ ရဟန်းစသဖြင့် အမျိုးမျိုးဖြစ်နိုင်ပါတယ်။ တိုင်းပြည်ဟာကျယ်ဝန်းပြီး လူဦးရေနည်းတာမို့ ကိုယ်ကြိုက်တဲ့ အသက်မွေးဝမ်းကျောင်းပညာကို လိုက်စားနိုင်ပါတယ်။ ဒါပေမယ့် အဆင့်အတန်းကိုအခြေခံတဲ့ အထက်အောက်ဆက်ဆံရေးပုံစံကတော့ ရှင်သန်နေပါတယ်။ ဒီလိုလူ့အဖွဲ့အစည်းမှာ အာဏာလက်ကိုင်ရှိဖို့ အဓိကထားတာမဆန်းပါဘူး။မိမိရဲ့ လက်အောက်ငယ်သားနဲ့ သာမန်အရပ်သားကိုနှိမ်ပြီး ဆက်ဆံတာဟာ မင်းမှုထမ်းဓလေ့လို ဖြစ်နေပါတယ်။ ရာထူးမြင့်သူဟာ ရာထူးနိမ့်သူရဲ့ အိမ်ကိုသွားလည်တဲ့ထုံးစံမရှိပါဘူး။ ဥပမာ ဝန်ကြီးလုပ်သူဟာ အတွင်းဝန် သို့မဟုတ် ဝန်ထောက်အိမ်ကို အလည်သွားလေ့မရှိပါဘူး။ သာမန်အရပ်သားတစ်ဦးဟာ မင်းမှုထမ်းဖြစ်သွားတာနဲ့ အတိတ်ကိုမေ့ပြီး မင်းမှုထမ်းစိတ်ပေါက်သွားကို မျက်မှောက်ခေတ်မှာလည်း တွေ့နိုင်ပါတယ်။ ဥစ္စာပစ္စည်းရှိပေမယ့် အာဏာမရှိရင် အစိုးရမင်း အနိုင်ကျင့်တာကိုခံရမှာမို့ ဘေးကင်းရန်ကင်းဖြစ်သွားအောင် မင်းမှုထမ်းဖြစ်ရတာ အကောင်းဆုံး ပဲလို့ မှတ်ယူကြတာ ဖြစ်ပါတယ်။

မြန်မာမင်းအုပ်ချုပ်ပုံစနစ်ဟာ သစ္စာခံ ပုဂ္ဂလိကဆက်ဆံရေးပေါ်မှာ တည်ဆောက်ထားပါတယ်။ ဘုရင်ကခန့်ထားတဲ့ ဝန်ကြီးတွေ၊ အရာထမ်းတွေဟာ သူတို့လက်အောက်ခံ အမှုထမ်းတွေကို ခန့်ထားတဲ့အတွက် အောက်လူက အထက်လူကို မှီခိုနေရတဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ ဒီလိုစနစ်မျိုးမှာ အထက်အရာရှိက အကာအကွယ်ပေးနေသမျှ ကာလပတ်လုံး လက်အောက်ခံအမှုထမ်းဟာ မဟုတ်တရုတ် လုပ်နိုင်ပါတယ်။ အုပ်ချုပ်ရေးစနစ်ကောင်း မကောင်း တိုင်းတာတဲ့ စံသတ်မှတ်ချက်မရှိတဲ့အတွက် အစစအရာရာ အထက်အရာရှိအပေါ်မှာ မူတည်နေပါတယ်။ ကိုယ်ကျင့်တရားကောင်းတဲ့ အထက်အရာရှိဆိုရင် အုပ်ချုပ်ရေးကောင်းမွန်ပြီးတော့ အကျင့်မကောင်းတဲ့ အထက်အရာရှိကြီးနဲ့ရင် လက်အောက်ငယ်သားတွေ အကျင့်ပျက်တဲ့အတွက် အုပ်ချုပ်ရေးစနစ်လည်း ညံ့ဖျင်းသွားပါတယ်။ မင်းမှုထမ်းတွေ လိုက်နာရမယ့် ကျင့်ဝတ်တွေရှိပေမယ့် နန်းတွင်းမှာပဲသုံးပြီး ပြည်သူလူထုနဲ့ဆက်ဆံရာမှာ မသုံးပါဘူး။ ဒါကြောင့် အမှုထမ်းတွေဟာ အထက်အရာရှိ ကျေနပ်အောင် အမြဲတမ်း ကြိုးစားနေရပါတယ်။ အထက်လူကြီးရဲ့ ထောက်ခံမှုရဖို့ကသာ အဓိကဖြစ်နေတာမို့ အမှုထမ်းအားလုံး မှန်ပါ့ဘုရားဆိုတဲ့ အနေအထားမှာ ရပ်တည်နေကြပါတယ်။ အထက်အရာရှိ အမိန့်ကို နာခံရုံသာမကတော့ဘဲ မျက်နှာလိုမျက်နှာရ ခယယလုပ်ကြရပါတယ်။ အဲဒီဆက်ဆံရေးပုံစံမှာ လယ်ပေးလယ်ယူတဲ့ဓလေ့ ပေါ်ထွက်လာတာ ဖြစ်တယ်လို့ သမိုင်းပါမောက္ခဟောင်း ဆရာမောင်မောင်ကြီးက သုံးသပ်ထားပါတယ်ခင်ဗျား။

အပိုင်း(၆)

ဗမာမင်းအုပ်ချုပ်ရေး နိဂုံးချုပ်ပြီး ကိုလိုနီအုပ်ချုပ်ရေးစနစ်ရောက်ရှိလာပုံကို မြန်မာ နိုင်ငံရေးအတွေးအခေါ် အပိုင်း(၆)မှာ ဒီကနေ့တင်ပြပါမယ်။

မြန်မာတစ်ပြည်လုံး အင်္ဂလိပ်လက်အောက်ခံဖြစ်ကြောင်း ၁၈၈၆ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှာ ကြေငြာချိန်ကစပြီး မြန်မာပြည်မှာ ဘုရင်စနစ်အဆုံးသတ်သွားပါ တယ်။ ဗိတိုရိယဘုရင်မဦးဆောင်တဲ့အင်္ဂလိပ်အစိုးရဟာ အိန္ဒိယအခြေစိုက်အင်္ဂလိပ် ဘုရင်ခံ ကတစ်ဆင့် မြန်မာပြည်ကိုအုပ်ချုပ်ပါတယ်။ အိန္ဒိယနေ အင်္ဂလိပ်ဘုရင်ခံကလည်း ရန်ကုန် အခြေစိုက်အရာရှိချုပ်ကတစ်ဆင့် မြန်မာပြည်ကိုအုပ်ချုပ်ပါတယ်။ အဲဒီအရာရှိချုပ် လက်အောက်မှာ အင်္ဂလိပ်အရာရှိတွေရှိပြီးတော့ အင်္ဂလိပ်အရာရှိလက်အောက်မှာ အိန္ဒိယနဲ့ မြန်မာအမှုထမ်းတွေရှိပါတယ်။ အကြွင်းမဲ့ အာဏာရှင် အုပ်ချုပ်ရေးစနစ်ကို အခြေခံဥပဒေအရ အုပ်ချုပ်တဲ့ဗျူရိုကရေစီစနစ်နဲ့ အစားထိုးလိုက်တာပါ။ မြန်မာပြည်ဟာ အိန္ဒိယကိုလိုနီတွင်းမှာ ပါဝင်တဲ့နယ်ပယ်တစ်ခု ဖြစ်သွားပါတယ်။ အိန္ဒိယမှာသာအစိုးရရှိပြီး မြန်မာပြည်မှာမရှိပါ ဘူး။ ဥပဒေအရအုပ်ချုပ်တဲ့ဗျူရိုကရေစီယန္တရားနဲ့ အစဉ်အလာအတိုင်းလုပ်တဲ့ သီပေါမင်းရဲ့ အုပ်ချုပ်ရေးစနစ်ဟာ အများကြီးကွဲပြားခြားနားပါတယ်။ အင်္ဂလိပ်ဗျူရိုကရေစီယန္တရားဟာ ဆင်ခြင်တဲ့တရားနဲ့ ရေးဆွဲထားတဲ့ တရားဥပဒေကို အခြေခံပြီး ဗမာမင်းကတော့ မိုးရာဇလေ့ ထုံးစံကို အခြေခံပါတယ်။ ပြည်သူ့ဝန်ထမ်းသဘောတရားနဲ့ အခြေခံဥပဒေအရ အုပ်ချုပ်တဲ့ ဘုရင်စနစ်ဟာ အင်္ဂလိပ်အုပ်ချုပ်ရေးရဲ့ အခြေခံတွေပါ။ အင်္ဂလိပ်အရာရှိတွေဟာ တရားမျှတမှု၊ မှန်ကန်စွာ စီရင်ဆုံးဖြတ်မှုစတဲ့ အခြေခံမူဝါဒတွေကို လေးစားကြရပါတယ်။ မြန်မာ့စနစ် ကတော့ အာဏာရှင်မင်းရဲ့စိတ်ကြိုက် လိုက်လုပ်ရတဲ့ သက်ဦးဆံပိုင်ဘုရင်စနစ် ဖြစ်တဲ့အတွက် မကောင်းမှုအတော်များတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပါတယ်။ ရှိုင်နဲ့ တနင်္သာရီကို ၁၈၂၆ခုနှစ်မှာ သိမ်းပိုက်လိုက်ပြီးတဲ့နောက် အင်္ဂလိပ်ကျင့်သုံးတဲ့ အုပ်ချုပ်ရေးလမ်းစဉ်ဟာ အေးချမ်းစွာ လွတ်လွတ်လပ်လပ် ကူးသန်းရောင်းဝယ်နိုင်ရေးဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်စွာစီးပွားရှာနိုင်ရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးရဲ့ အဓိကရည်ရွယ်ချက် ဖြစ်ပါတယ်။

အခုခေတ်အမြင်နဲ့ကြည့်ရင်တော့ ကိုလိုနီအုပ်ချုပ်ရေးစနစ်ဟာ တဖက်သတ် ဥပဒေပြဋ္ဌာန်းပြီးအပေါ်စီးက အုပ်ချုပ်တဲ့နည်းဖြစ်တာကြောင့် မိနိပ်တဲ့စနစ်လို့ ပြောနိုင်ပေမယ့် အဲဒီအချိန်အာရှတိုက်မှာ ခေတ်စားနေတဲ့ အစိုးရစနစ်တွေနဲ့စာရင် အများကြီးတိုးတက်တဲ့ အုပ်ချုပ်ရေးစနစ်ပါပဲ။ စံသတ်မှတ်ချက်အတိုင်းမလုပ်ဘဲ ရာထူးအာဏာကို အလွဲသုံးစား လုပ်ပြီး အနိုင်ကျင့်တာမျိုးရှိပေမဲ့ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးစနစ်ဟာ ဗမာမင်းအုပ်ချုပ် ပုံထက် အများကြီးသာတယ်လို့ ဆရာမောင်မောင်ကြီးကယူဆပါတယ်။ ဖြူစင်တာတ ဆောင် ရွက်မှု၊ မှန်ကန်စွာတရားစီရင်မှု၊ ယုံကြည်ချက်အတိုင်း လုပ်ကိုင်မှုစတာတွေကို အင်္ဂလိပ် အရာရှိတွေမှာ တွေ့နိုင်ပါတယ်။ တိုင်းသူပြည်သားကို အတတ်နိုင်ဆုံး အနှောင့်အယှက် မပေးဖို့လည်း ကိုလိုနီအစိုးရက သတိထားပါတယ်။ ၁၈၂၆မှာ ရှိုင်နဲ့ တနင်္သာရီကို သိမ်းပိုက်ချိန်ကစပြီး ဒေသခံ ပြည်သူလူထုရဲ့ နေထိုင်မှုဘဝနဲ့ ဥစ္စာပစ္စည်းကို မထိပါးဘဲ နေနိုင်အောင် အင်္ဂလိပ်ကကြိုးစားပါတယ်။ မိမိယုံကြည်ချက်အတိုင်း ပြောဆိုကျင့်ကြံတဲ့ အင်္ဂလိပ်အရာရှိတစ်ဦးကိုလည်း ဆရာမောင်မောင်ကြီးက ဥပမာပေးထားပါတယ်။ အထက်

မြန်မာပြည်ကို သိမ်းပိုက်ပြီး မကြာမီ သီပေါမင်းလက်ထက်က အင်္ဂလိပ်ဆန့်ကျင်ရေးလုပ်ခဲ့သူ တိုင်တားမင်းကြီးဟာ အင်္ဂလိပ်လက်အောက်မှာ ဝင်ရောက်အမှုထမ်းပါတယ်။ ဒါကို ဂရုမစိုက်ဘဲ တိုင်တားမင်းကြီးကိုဖမ်းဆီးဖို့ အင်္ဂလိပ်အရာရှိချုပ်က နိုင်ငံရေးအရာရှိ ဗိုလ်မှူးကြီးစလေဒင်ကိုအမိန့်ပေးလိုက်ပါတယ်။ ဒါပေမယ့် ဗိုလ်မှူးကြီးစလေဒင်က အမိန့်ကိုမနာခံတဲ့အပြင် အင်္ဂလိပ်လက်အောက်မှာ မငြီးမငြူ အမှုထမ်းနေလို့ လုပ်ဖော်ကိုင်ဖက်ဖြစ်နေပြီဖြစ်တဲ့ တိုင်တားမင်းကြီးကို ဖမ်းဆီးခြင်း မပြုဖို့ ဗိုလ်မှူးကြီးစလေဒင်က အင်္ဂလိပ်အရာရှိချုပ်ဆီကို စာရေးသားပေးပို့ခဲ့ပါတယ်။လုပ်ကြံမှုမှာ ပါဝင်တယ်လို့ သင်္ကာမကင်းဖြစ်ခံရတဲ့ ငနိုင် ဆိုသူကို အင်္ဂလိပ်အရာရှိတစ်ဦးက ရိုက်နှက်ညှင်းပန်းပြီး ဖြောင့်ချက်ပေးနိုင်းတဲ့ကိစ္စကိုလည်း ဗိုလ်မှူးကြီးစလေဒင်က ကန့်ကွက်ပါတယ်။ ဒီကိစ္စကို ဗိုလ်ချုပ်ကြီးပရင်ဒါဂတ်ဆီကို စလေဒင်က စာရေးတိုင်ကြားတဲ့အတွက် နှိပ်စက်ညှင်းပန်းပြီး ရယူထားတဲ့ဖြောင့်ချက်ကို တရားရုံးက အသိအမှတ်မပြုတော့ပါဘူး။ ရာထူးတက်ဖို့နဲ့ နာမည်ကောင်းရဖို့ကို အဓိကထားပြီး အကျဉ်းသားတွေကို မတရားနှိပ်စက်တဲ့ အဲဒီအရာရှိကို စစ်ခုံရုံးတင် စစ်ဆေးပါတယ်။

အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးရဲ့ ထူးခြားချက်တစ်ရပ်က ဗမာမင်းလက်ထက်က ကျင့်သုံးတဲ့ လုပ်ခမပေးဘဲ ခိုင်းစေတဲ့ စနစ်ကို ရုပ်သိမ်းလိုက်တာပါဘဲ။ လုပ်ခမရပဲ ဗမာမင်းခိုင်းသမျှလုပ်ပေးခဲ့ရတဲ့ ပြည်သူလူထုဟာ လုပ်ခပေးတဲ့စနစ်ကို အလွန်အမင်းသဘောကျကြပါတယ်တဲ့။ စည်းမရှိကမ်းမရှိ အလုပ်သမားဆင့်ခေါ်တာမျိုး မလုပ်ရလို့ ၁၈၈၉မှာ ထုတ်ပြန်တဲ့ အတွင်းဝန်ရုံးကြေငြာစာမှာ ဖော်ပြထားပါတယ်။ ဒေသခံဗမာနဲ့ တိုင်းရင်းသားတွေက အင်္ဂလိပ်ကို ခုခံတိုက်ခိုက်နေတဲ့ အချိန်အခါဖြစ်ပေမယ့် စစ်တပ်သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် အလုပ်သမားဆင့်ခေါ်ရင် ဒေသခံအရပ်သားတွေ ဒုက္ခမရောက်အောင် အတတ်နိုင်ဆုံးလုပ်ရမယ်လို့ ဖော်ပြထားပါတယ်။ အတင်းအဓမ္မအလုပ်ခိုင်းတာမျိုးကို လုံးဝရှောင်ကျဉ်ရမယ်လို့ဆိုပါတယ်။ ဒီလိုစည်းကမ်းဥပဒေထုတ်ထားတာတောင် အတင်းအဓမ္မ စေခိုင်းမှုမရှိဘူးလို့ မပြောနိုင်ပါဘူး။ ရှမ်းစော်ဘွားတွေဟာ ၁၉၃၀လောက်အထိ ပြည်သူလူထုကို လုပ်ခမပေးဘဲ ခိုင်းနေတုံးပါဘဲ။ ဒါပေမယ့် ဗမာမင်းခေတ်ကလို ပြည်သူလူထုကို ထင်သလို အနိုင်ကျင့်လို့ မရတော့ပါဘူး။ အောက်ပိုင်းက ဗမာအရာရှိတွေ အလွဲသုံးစားလုပ်ပြီးကိုယ်ကျိုးရှာတဲ့အတွက် အင်္ဂလိပ်အရာရှိက ပြင်းပြင်းထန်ထန် အရေးယူတာမျိုးတွေ ရှိပါတယ်။

အစိုးရအရာရှိဟာ အရပ်သားကိုထင်သလို အနိုင်ကျင့်နိုင်တယ်ဆိုတဲ့ မင်းမှုထမ်းညဉ်ဟာ ဗမာအရာရှိတွေမှာကျန်ရှိနေပါသေးတယ်။ဗမာအရာရှိရဲ့ တပည့်တပန်းတွေကလည်း အရပ်သားကို အနိုင်ကျင့်လေ့ရှိပါတယ်။ ဗမာမြို့အုပ်တစ်ဦးနယ်လှည့်ပြီး သူနဲ့အတူ လိုက်ပါသွားတဲ့တပည့်တွေ သောင်းကျန်းတဲ့အတွက် အဲဒီမြို့အုပ်ကို ၁၈၉၆မှာ ရာထူးလျှော့ချတဲ့ သာဓကရှိပါတယ်။ ဒါပေမယ့် ဗမာမင်းအုပ်ချုပ်ပုံနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးက အများကြီးပိုကောင်းနေတာ တွေ့ရပါတယ်။ ဗမာမင်းမျက်စောင်းထိုးတာခံရမှာစိုးလို့ ဘယ်သူမှသူဌေးဖြစ်အောင် မကြိုးစားချင်တဲ့အတွက် ကုန်သွယ်ရောင်းဝယ်မှု မထွန်းကားတာလို့ အောက်မြန်မာပြည်ကို အုပ်ချုပ်တဲ့ အင်္ဂလိပ်အရာရှိချုပ်က မှတ်ချက်ချဖူးပါတယ်။ အကြီးအကျယ် ချမ်းသာလာတာနဲ့ ဘုရင်က မျက်စောင်းထိုးတော့

တာပါဘဲ။ နိုင်ငံခြားသား ကုလားဖြူအုပ်ချုပ်တာကို ဗမာတွေ မခံမရပ်ဖြစ်ကြပေမယ့်သာမန် အရပ်သားကို ဆက်ဆံရာမှာတော့ အင်္ဂလိပ်က ဗမာမင်းထက်သာတာကို ဗမာတွေဝန်ခံ ရမယ်လို့ ဆရာမောင်မောင်ကြီးက ဆိုပါတယ်။

ကုန်ပစ္စည်းကိုသာ စိတ်ဝင်စားတဲ့ အင်္ဂလိပ်ဟာ အရပ်သားကို မနှောင့်ယှက် ပါဘူး ဗမာမင်းလက်ထက်မှာတော့ အရာရှိဆိုးနဲ့တပည့်သားမြေးတွေ မတရားလုပ် အနိုင်ကျင့်တာကို ဘုရင်ကလွှဲပြီး ဘယ်သူမှ အရေးယူနိုင်တာ မဟုတ်ပါဘူး။ ပြဌာန်းထားတဲ့ တရားဥပဒေ စည်းမျဉ်း အတိုင်းလုပ်ရင် အစိုးရမင်းကိုကြောက်စရာ မလိုဘူးဆိုတဲ့ အချက်ကို မြန်မာပြည်သားတွေ အင်္ဂလိပ်ရောက်လာမှ နားလည်သဘောပေါက်လာတာပါ။ ဒါပေမယ့် ကိုလိုနီအုပ်ချုပ်ရေးဆိုတာ နိုင်ငံခြားသားအုပ်ချုပ်ရေးဖြစ်နေတာမို့ ရာဇဝင်နှုန်းပြည့် ထောက်ခံ ဖို့ မြန်မာပြည်သားတွေ ဝန်လေးနေကြပါတယ်။ ဒါကြောင့် အင်္ဂလိပ်ကိုလိုနီ အုပ်ချုပ်ရေးကို အကောင်းဘက်က မြင်တာရှိသလို အဆိုးဘက်ကလည်း မြင်တတ်တဲ့ စိတ်နှစ်ခွ မြန်မာတွေ မှာ ရှိနေကြောင်း ပါမောက္ခဒေါက်တာမောင်မောင်ကြီးက သုံးသပ်ထားပါတယ်ခင်ဗျား။ ။

အပိုင်း(၇)

ဒီကနေ့နားဆင်ရမယ့် မြန်မာ့နိုင်ငံရေးအတွေးအခေါ် အပိုင်း(၇)မှာ ဘာသာရေး နဲ့ ပညာရေးက နိုင်ငံရေး လှုပ်ရှားမှုပေါ်ပေါက်လာပုံကို တင်ပြပါမယ်။

အင်္ဂလိပ်အစိုးရဟာ အောက်မြန်မာပြည်ကို အနှစ် ၆၀ သိမ်းပိုက်ပြီးတော့မှ အထက်မြန်မာပြည်ကိုသိမ်းပိုက်တာပါ။ ဗမာမင်းအုပ်ချုပ်တဲ့ အထက်မြန်မာပြည်မှာ မနေရဲလို့ အင်္ဂလိပ်ပိုင်အောက်မြန်မာပြည်မှာ ခိုလှုံကြတဲ့မြန်မာတွေ အများကြီးရှိပါတယ်။ တပြည်လုံးကို သိမ်းပိုက်တော့လည်း အင်္ဂလိပ်လက်အောက်မှာ လုံခြုံအေးချမ်းတာကို ပြည်သူလူထုက သဘောကျပါတယ်။ ကိုလိုနီခေတ်မှာ ညအိပ်နေတုန်း အသတ်မခံရဘူးလို့ ပြောကြပါတယ်။ ကိုလိုနီအုပ်ချုပ်ရေးစနစ်ဟာ ဗမာမင်းအနိုင်ကျင့်တဲ့ စနစ်ထက်ကောင်းမှန်းသိကြပေမယ့် နိုင်ငံခြားသားအုပ်ချုပ်တာကို လက်ခံချင်စိတ် မရှိကြပါဘူး။ ဒါကြောင့် ကိုလိုနီအုပ်ချုပ်ရေး နဲ့ပတ်သက်လာရင် ဗမာတွေမှာ စိတ်နှစ်ခွဖြစ်နေကြပါတယ်တဲ့။ အင်္ဂလိပ်လက်အောက်မှာ အောက်မြန်မာပြည် ဖွံ့ဖြိုးတိုးတက်လာတာကို ၁၈၆၇ခုနှစ်လောက်ကတည်းက ဗမာတွေ သတိထားမိကြပါတယ်။ အောက်မြန်မာပြည်မှာ ရွာဟာ မြို့ဖြစ်လာပြီး အထက်မြန်မာပြည် မှာတော့ မြို့ဟာရွာဖြစ်လာတယ် လို့ ပြောကြပါတယ်။ သားသည်အမေတဦးဟာ မိုးကောင်း- ကျိုင်းတုန် ရန်ကုန်ခရီးကို လုံခြုံစွာ သွားလာနိုင်တယ်လို့ မှတ်တမ်းတစ်ခုမှာ ဖော်ပြထား ပါတယ်။ ကိုလိုနီခေတ် အစောပိုင်းမှာ အေးချမ်းသာယာတာကို သံသယရှိစရာ မလိုပါဘူး။ မင်းမှုထမ်းရဲ့ ဖိနှိပ်မှု နိဂုံးချုပ်သွားပြီး သူခိုး၊ ဓါးပြရန်က ကင်းသွားတာကြောင့် ပြည်သူတွေ စိတ်အေးလက်အေးနေနိုင်ကြပါတယ်။ ဗမာမင်းက မနာလိုတိုရှည်ဖြစ်ပြီး မျက်စောင်းထိုး လာမှာကြောက်လို့ သိုသိုသိပ်သိပ် ရှိုးရှိုး ကုတ်ကုတ်နေခဲ့ရတဲ့ ငွေရှင်ကြေးရှင်တွေဟာ လွတ်လပ်စွာ သုံးဖြုန်းနိုင်တဲ့ အခြေအနေကို ရောက်ရှိသွားပါတယ်။

စီးပွားရေးပြိုင်ဆိုင်မှု မပြင်းထန်သေးတဲ့ အချိန်အခါမို့ ဗမာတွေ ပေါ့ပေါ့နေ ပေါ့ပေါ့စားတဲ့ကာလပါပဲ။ ဒါပေမယ့် ဘုန်းကြီးစာသိုတော်နဲ့ အခွင့်ထူးခံမင်းမှုထမ်း လူ့နည်းစုကတော့ ဗမာမင်းကွယ်ပျောက်သွားတာကို အများကြီး စိတ်မကောင်းဖြစ်မိကြ

ပါတယ်။ သာမန်ပြည်သူကလည်း လွတ်လပ်ရေး ဆုံးရှုံးရတာကို သဘောပေါက်ပါတယ်။ ဘယ်လောက်ပဲ ဆိုးဆိုး ကိုယ့်မင်းကိုယ့်ချင်းကိုသာ လိုလားကြတာပေါ့။ အင်္ဂလိပ်အုပ်ချုပ်ရေး ဘယ်လောက် ကောင်းကောင်း ရှင်ဘုရင်ကိုတော့ အစားထိုးလို့ မရဖူးလို့ဗမာတွေက ယူဆပါတယ်။ သူရဲကောင်းမင်းတွေ ရဲ့ သမိုင်းဝင်အောင်ပွဲတွေကို ဂုဏ်ယူပြီး အမျိုးသားစိတ် ပြင်းထန်နေတဲ့ ဗမာတွေအဖို့အင်္ဂလိပ်အုပ်ချုပ်ရေးကို လက်ခံဖို့ အခက်အခဲရှိနေပါတယ်။ ပြည်တွင်းလူမျိုးရေး ပဋိပက္ခကို အောင်နိုင်ပြီး အိမ်နီးချင်းကို နယ်ချဲ့နိုင်တဲ့ ဗမာစွမ်းရည်ကို ဂုဏ်ယူနေကြပါတယ်။

မိမိသမိုင်းကိုဂုဏ်ယူတတ်တဲ့ဗမာတွေအဖို့ လွတ်လပ်ရေးဆုံးရှုံးရတာဟာ ကျက်သရေမရှိတဲ့ဖြစ်ရပ်ပါ။ ဗမာမင်းမရှိတော့တဲ့အတွက် ဗုဒ္ဓဘာသာလေ့ထုံးစံမှေးမှိန် ပျောက်ကွယ် သွားမှာကိုလည်း ဗမာတွေစိုးရိမ်ကြပါတယ်။ သာသနာ့ဒါယကာ က ဘုရင်မင်းမြတ်ပါ။ ဘုရင်ဟာ သူခန့်ထားတဲ့သာသနာပိုင်ကတဆင့် သံဃာလောကကို ကြီးကိုင်ပါတယ်။ အမြဲတမ်း လှူဒါန်းပြီး ဘာသာရေး စာပြန်ပွဲကျင်းပပေးလေ့ရှိတဲ့ ရှင်ဘုရင် မရှိရင် သာသနာလည်း မှေးမှိန်သွားလိမ့်မယ်လို့ ယူဆကြပါတယ်။ အင်္ဂလိပ်ကတော့ သာသနာပိုင်ခန့်ပြီး သာသနာ့ဒါယကာလုပ်ဖို့ စိတ်မကူးပါဘူး။ ဘာသာရေးနဲ့ဝေးဝေးပဲ နေလိုပါတယ်။ ဒါကြောင့် ဗမာမင်းလုပ်ခဲ့သလို သာသနာ့ဒါယကာလုပ်မယ်ဆိုရင် အင်္ဂလိပ်အုပ်ချုပ်ရေးကို လက်ခံကြဖို့ တရွာဝင် တရွာထွက် တရားဟောပေးမယ်လို့ နန်းတွင်းဆရာတော်နဲ့ဝါရင့်သံဃာအချို့က အင်္ဂလိပ်ကို ၁၈၈၇ ဇန်နဝါရီလမှာ ကမ်းလှမ်းခဲ့ပါတယ်တဲ့။ ဒါပေမယ့် ဘာသာရေးနဲ့ ကင်းရှင်းလိုတဲ့ အင်္ဂလိပ်အရာရှိတွေက ဒီကမ်းလှမ်းချက်ကို လိမ်မာပါးနပ်စွာ ပယ်ချလိုက်ပါတယ်။ သံဃာကမ်းလှမ်းချက်ကို လက်ခံလိုက်ရင် အင်္ဂလိပ်ကိုလိုနီအစိုးရဟာ သာသနာ့ဒါယကာဖြစ်လာပြီး အများပြည်သူရဲ့ထောက်ခံမှုကို ရရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် အနောက်တိုင်းအယူအဆအရ ဘာသာရေးနဲ့ ကင်းရှင်းလိုတာကြောင့် အင်္ဂလိပ်ကိုလိုနီအစိုးရဟာ မိစ္ဆာဒိဋ္ဌိကုလားအစိုးရအဖြစ် ပြည်သူက မုန်းတီးတာကို ခံရပါတော့တယ်။

အင်္ဂလိပ်ကိုလိုနီအစိုးရဟာ ဘာသာရေးကို လုံးဝလျစ်လျူရှုတာတော့ မဟုတ်ပါဘူး။ ၁၈၉၆ခုနှစ်မှာ ပထမပြန်စာမေးပွဲကိုကျင်းပပြီး အောင်မြင်သူတွေကို ဆုချီးမြှင့်ပါတယ်။ ၁၉၁၂မှာ အဂ္ဂမဟာပဏ္ဍိတဘွဲ့နဲ့အတူ ဆုငွေ၁၀၀ကို ကိုလိုနီအစိုးရက ချီးမြှင့်ပါတယ်။ ပထမပြန်အောင်တဲ့သံဃာတွေကို မွေးထုတ်နိုင်တဲ့ ကျောင်းထိုင်ဆရာတော်တွေကို ၁၉၁၉ကစပြီး ဆုချီးမြှင့်ပါတယ်။ ဒီလိုဆုပေးပေမယ့် ဗုဒ္ဓသာသနာ မှေးမှိန်ပျောက်ကွယ်သွားမှာကို အမြဲတမ်းတွေးပူ နေကြတုန်းပါပဲ။

၁၈၉၇ခုနှစ်မှာ သာသနာ့နဂ္ဂဟအသင်းကို မော်လမြိုင်မှာ တည်ထောင်ပြီးတော့ ဗုဒ္ဓသာသနာ ပြန့်ပွားအောင်လုပ်ပါတယ်။ ၁၈၉၈ခုနှစ်မှာ ပရိယတ္တိသာသနာ့ဟိတဆိုတဲ့ ဘာသာရေးနဲ့လူမှုရေးအသင်းကို မန္တလေးမှာ တည်ထောင်ပါတယ်။ ကိုလိုနီခေတ်က ဗမာတွေဟာ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာကို အင်မတန်ဂုဏ်ယူတဲ့အတွက် ခေတ်ပညာတတ်တွေ ပထမဆုံး တည်ထောင်တဲ့အဖွဲ့ဟာ ဗုဒ္ဓဘာသာလူငယ်အသင်း ဖြစ်နေပါတယ်။ YMBA လို့ လူသိများတဲ့ ဗုဒ္ဓကလျာဏယုဝအသင်းပါပဲ။ ပညာတတ်လူငယ်တွေဖြစ်တဲ့ ကိုဘဖေ၊ ကိုဘဉ္စန်း၊ မောင်လှဘေနဲ့ ကိုမောင်ကြီးတို့က ၁၉၀၆ခုနှစ်မှာ တည်ထောင်တာပါ။ ဒါပေမယ့်

YMBA ရဲ့ရည်ရွယ်ချက်ကို ၁၉၀၈ခုနှစ်မှာ ပုံနှိပ်ပြီး ပထမအကြိမ် အစည်းအဝေးကျင်းပပါတယ်။ နောက် ၁၀နှစ်ကြာတော့ YMBA ဟာ နိုင်ငံရေးမှာ အထင်အရှားပါဝင်လှုပ်ရှားတဲ့ အဖွဲ့အစည်းဖြစ်လာပါတော့တယ်။ ၁၉၂၀ပြည့်နှစ်ကိုရောက်တော့ နိုင်ငံရေးချည်းလုပ်တဲ့ GCBA ခေါ် မြန်မာအသင်းများ အဖွဲ့ချုပ်ကို တည်ထောင်ပါတယ်။

ကိုလိုနီခေတ်မြန်မာပြည်ဟာ အိန္ဒိယလက်အောက်ခံ ပြည်နယ်တစ်ခုသာ ဖြစ်တာလို့ အိန္ဒိယနိုင်ငံရေးနဲ့ အမြဲတမ်းဆက်စပ်နေပါတယ်။ ပထမကမ္ဘာစစ်မှာ အိန္ဒိယအမျိုးသားတွေကိုအင်္ဂလိပ်ဘက်က တိုက်နိုင်းဖို့အတွက် အိန္ဒိယပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမယ်လို့၁၉၁၇ ခုနှစ်မှာ အင်္ဂလိပ်အစိုးရက ကတိပေးပါတယ်။ ပထမကမ္ဘာစစ်ပြီးဆုံးတော့ အိန္ဒိယပြည်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးဖို့စီစဉ်တဲ့အခါ မြန်မာပြည်ကို အိန္ဒိယလက်အောက်ခံပြည်နယ်အဖြစ် ဆက်ထားလို့ မဖြစ်တော့ပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးဖို့ အဆင့်မမီသေးဘူးလို့ အင်္ဂလိပ်က ယူဆပါတယ်။ ဒါကြောင့် ၁၉၂၃ခုနှစ် ဇန်နဝါရီ ၁ရက်နေ့မှာ ဒိုင်အာခီအခြေခံဥပဒေကို ပြဋ္ဌာန်း ပြီးမြန်မာပြည်ကို ဘုရင်ခံအုပ်ချုပ်တဲ့ ကိုလိုနီအဖြစ်သတ်မှတ်ပါတယ်။ ရွေးကောက်တင်မြောက်ထားတဲ့ ကိုယ်စားလှယ်အများစုပါဝင်တဲ့ ဥပဒေပြုကောင်စီနဲ့ဘုရင်ခံက မှူးတွဲအုပ်ချုပ်ပါတယ်။ အိန္ဒိယမှာကျင့်သုံးမယ့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို မြန်မာပြည်မှာလည်း ကျင့်သုံးဖို့ GCBA က ရည်ရွယ်ပါတယ်။ အမျိုးသားစိတ်ပြင်းထန်လာတဲ့အခါမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးအဖြစ် တောင်းဆိုလာကြပါတယ်။ တက္ကသိုလ်ကျောင်းသားသပိတ်ကြောင့် တစ်ပြည်လုံးမှာ အမျိုးသားကျောင်းတွေပေါ်ထွက်လာချိန်လည်းဖြစ်ပါတယ်။ GCBAခေါင်းဆောင်တဲ့ သပိတ်နဲ့ ဝံသာနုလုပ်ငန်းတွေခေတ်စားနေချိန်ပါပဲ။ သမရိုးကျပြည်တွင်းဖြစ်ပင်နီအင်္ကျီကိုဝတ်ပြီး အင်္ဂလိပ်ပစ္စည်းကိုသပိတ်မှောက်ကြပါတယ်။ အမျိုးသားရေးလှုပ်ရှားမှုပြင်းထန်လေလေ အင်္ဂလိပ်နဲ့ ဗမာအကြားရင်ကြားစေ့ဖို့ခက်လေလေဖြစ်လာပါတော့တယ်ခင်ဗျား။

အပိုင်း(၈)

ဗမာမင်းနဲ့ဗမာပြည်သူတွေရဲ့ဆက်ဆံရေးလေ့ ကိုလိုနီခေတ်အထိရှင်သန်နေလို့ အင်္ဂလိပ်ကိုသခင်လို့ခေါ်ပြီး ဘုရားထူးသူတွေအများအပြားရှိပေမယ့် ခေတ်ပညာတတ်လူငယ်တွေက အမျိုးသားရေးအတွက် လှုပ်ရှားကြပုံကို ပါမောက္ခဒေါက်တာမောင်မောင်ကြီးရဲ့ မြန်မာ့နိုင်ငံရေး အတွေးအခေါ်အပိုင်း(၈)မှာ ဒီကနေ့တင်ပြပါမယ်။

အင်္ဂလိပ်ကိုလိုနီအစိုးရဟာ မှုတတဲ့အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်ဖို့ ကြိုးစားပေမယ့် ပြည်သူလူထုရဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ ထောက်ခံမှုကိုမရတဲ့အတွက် အမိန့်အာဏာကိုသုံးရပါတယ်။ နိုင်ငံခြားသား အုပ်ချုပ်ပေမယ့် ဗမာမင်းလက်ထက်က ဆက်ဆံရေးပုံစံကို ဆက်သုံးကြပါတယ်။ အုပ်ချုပ်သူအင်္ဂလိပ်ကို သခင်လို့ခေါ်ပြီး "မှန်ပါဘုရား" လို့ပြန်ထူးရပါတယ်။ အရပ်သားရဲ့အစည်းရှေ့မှာ 'င'အက္ခရာမထဲ့တော့ပေမယ့် တရားခံကို 'ငတုံး၊ ငယုံ၊ ငမဲ' စသည်ဖြင့်ခေါ်တုန်းပါပဲ။ အင်္ဂလိပ်အရာရှိက ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဗမာအရာရှိနဲ့အရပ်သားတွေက ကြမ်းပေါ်မှာကြို့ကြို့လေးထိုင်ကြရပါတယ်။ အင်္ဂလိပ်အရာရှိရဲ့ရုံးခန်းကိုဝင်တဲ့ အရပ်သားဟာအခန်းဝမှာ ဖိနပ်ချွတ်၊ လက်အုပ်ချီပြီး ခါးကုန်းသွားရပါတယ်။ အင်္ဂလိပ်ပြောတာကို နားထောင်ပြီး 'ဘုရား'ထူးရပါတယ်။ ဒီလိုလက်အုပ်ချီရှိခိုးပြီး

အရိုအသေပေးတာကို အင်္ဂလိပ်ကလည်း သဘောကျပါတယ်။ ဗမာတွေကလည်း မင်းမှုထမ်းနဲ့ဆက်ဆံရာမှာ ရှိန်းပြီးဆက်ဆံတဲ့နည်းကလွဲပြီး တခြားနည်းလမ်းကို နားမလည်တဲ့အတွက် အင်္ဂလိပ်အရာရှိကို လက်အုပ်ချီရှိခိုး နေတာဖြစ်ပုံရပါတယ်။ ကျေးကျွန်လိုမဖြူမှုဘဲ သာမန်လူသားတစ်ယောက်လို လူ့သိက္ခာနဲ့အညီ နေထိုင်ဖို့ သွန်သင်ဆုံးမတာမျိုး အင်္ဂလိပ်ကမလုပ်ပါဘူး။ လူလူချင်းရှိခိုးပြီး အရိုအသေပေးတဲ့ ဗမာ့ရိုးရာဓလေ့ကို အင်္ဂလိပ်က ဆက်လက်ပြီး အားပေးနေပုံရပါတယ်။

အထက်မြန်မာပြည်ကို သိမ်းပိုက်တဲ့ အင်္ဂလိပ်စစ်ဗိုလ်တွေကို ဗမာတွေက 'ဗိုလ်'လို့ခေါ်ပါတယ်။ နောက်တော့အင်္ဂလိပ်မှန်သမျှကို 'ဗိုလ်'လို့ခေါ်ပါတယ်။ လွတ်လပ်ရေးရတာတောင် အနောက်တိုင်းဆန်သူကို ဗိုလ်ဆန်တယ်လို့ ဗမာတွေသုံးနှုန်းတုန်းပါပဲ။ အာဏာရှိသူကို နာခံကြောက်ရွံ့တဲ့ ဗမာ့ဓလေ့ကို အင်္ဂလိပ်က ဆက်လက်ထိန်းသိမ်း ထားတဲ့အတွက် ပြည်သူလူထု ရဲ့ စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်မှုနဲ့ ချစ်ကြည်ရင်းနှီးမှုကို မရရှိတော့ပါဘူး။ အင်္ဂလိပ်အုပ်ချုပ်ရေးစနစ်ရဲ့ တရားမျှတမှုသဘောတရားကိုလည်း နားလည်သဘောပေါက်ဖို့ခက်ခဲသွားပါတယ်။ အင်္ဂလိပ်အုပ်ချုပ်ရေးစနစ်ရဲ့ ကောင်းမွန်တဲ့အချက်တွေကို ဗမာက မမှတ်မိတော့ဘဲ သခင်နဲ့ကျွန်ဆက်ဆံပုံ၊ ရှိခိုးနေရတာကိုသာ စိတ်ထဲမှာစွဲနေပါတော့တယ်။

အဲဒီခေတ်အခြေအနေကို ပြန်လည်သုံးသပ်မယ်ဆိုရင် အင်္ဂလိပ်လုပ်ပုံကိုင်ပုံဟာ သိပ်မဆိုးဘူးလို့ပြောနိုင်ပါတယ်တဲ့။စေ့စေ့တွေးရင် အင်္ဂလိပ်လုပ်တာဟာ ကောင်းတယ်လို့ ပြောနိုင်ပါတယ်တဲ့။ ဗမာမင်းရဲ့အကြွင်းမဲ့အာဏာရှင်စနစ် အလွယ်တကူပျက်စီးသွားတာ အင်္ဂလိပ်ကဝင်ရောက်တိုက်ခိုက်လို့ပါ။ ဒီလိုသာနိုင်ငံခြားက ဝင်မတိုက်ဘူးဆိုရင် အကြွင်းမဲ့အာဏာရှင်စနစ်ပျက်ဆီးဖို့အတွက် တော်လှန်ရေးတရပ်ဆင်နွှဲရပါလိမ့်မယ်။ ဒါပေမယ့် အာဏာရှင်စနစ်ဆိုးရဲ့ အကျိုးဆက်တွေကတော့ ကျန်ရှိနေပါသေးတယ်။ ပြည်သူလူထုအဖို့ကတော့ အစိုးရဆိုတာ သူတို့နဲ့နီးစပ်တဲ့သူကြီးနဲ့ မြို့အုပ်ပါပဲ။ ဗဟုသုတရှိသူကသာ အာဏာပိုင်ဟာရန်ကုန်အခြေစိုက် အရာရှိလောက်ဖြစ်မှန်း သိကြပါတယ်။ ဘိလပ်က အင်္ဂလိပ်ဘုရင်ဟာ အမြင့်ဆုံးအာဏာပိုင်ဖြစ်မှန်း ခပ်ရေးရေးသဘောပေါက်ပေမယ့် ဘယ်လိုအုပ်ချုပ်တယ်ဆိုတာကိုတော့ မသိကြပါဘူး။ အခြေခံဥပဒေနဲ့အုပ်ချုပ်တယ်ဆိုတာကို ဗမာတွေနားမလည်ကြပါဘူး။ ပါလီမာန်စနစ်နဲ့ အုပ်ချုပ်တဲ့အစိုးရ၊ သီးခြားလွတ်လပ်တဲ့ တရားစီရင်ရေးဌာန၊ တရားဥပဒေစိုးမိုးရေးဆိုတာတွေကိုဗမာတွေ တခါမှ ကြားဖူးတာမဟုတ်ပါဘူး။ အင်္ဂလိပ်ပိုင်အောက်မြန်မာပြည်က အုပ်ချုပ်ရေးစနစ်ကို အတုခိုးပြီး မင်းတုန်းမင်းက အနည်းအကျဉ်းပြုပြင်ရေး လုပ်တာလောက်ပဲ ရှိပါတယ်။

ကိုလိုနီခေတ်မှာ ဗမာတွေခေတ်ပညာတတ်လာလို့ အမျိုးသားစိတ်ဓါတ်နဲ့ လွတ်လပ်လိုစိတ် ရှိလာတာကို ခေါင်းမဖော်နိုင်အောင် ဖိနှိပ်တာမျိုး အင်္ဂလိပ်က မလုပ်ပါဘူး။ နိုးကြားလာတဲ့ အမျိုးသားစိတ်ဓါတ်ကို လိုချင်သလိုပုံသွင်းပြီး ဗြိတိသျှအင်ပါယာမှာ အံဝင်ခွင်ကျ ဖြစ်သွားအောင်လုပ်ဖို့သာ အင်္ဂလိပ်ကစိတ်ဝင်စားပါတယ်။ ဗမာ့အမျိုးသားဝါဒဟာ ဗြိတိသျှအင်ပါယာကြီးရဲ့အစိတ်အပိုင်းတစ်ခုအနေနဲ့ ရှင်သန်ကြီးထွားလာတာကိုသာ အင်္ဂလိပ်ကိုလိုနီအစိုးရကမြင်လိုပါတယ်။ ဒါကြောင့် ဗြိတိသျှအင်ပါယာဆိုတဲ့ အယူအဆကို ကျောင်းနဲ့ကောလိပ်တွေမှာ သင်ကြားဖို့ နည်းလမ်းရှာတဲ့ အင်ပါယာသဘောတရားကော်မတီ

(Committee on the Emperial Idea)ကို ၁၉၁၇ခုနှစ်မှာ ဖွဲ့စည်းပါတယ်။ ဗြိတိသျှအင်ပါယာအတွင်းမှာ နေထိုင်ကြသူတွေဟာ လူမျိုး၊ ဘာသာအယူဝါဒ အမျိုးမျိုးကွဲပြားကြပေမယ့် တရားမျှတမှုသဘောတရားကို ကျင့်သုံးရာမှာ တူညီကြတဲ့အတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့ အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးလမ်းစဉ်ကို ကျင့်သုံးတာ အကောင်းဆုံးလို့ အင်ပါယာသဘောတရားကဆိုပါတယ်။ အင်္ဂလိပ်ဘုရင်စကရာဇ်က အင်ပါယာကို ကိုယ်စားပြုပြီး အင်္ဂလိပ်အလံတော်ယူနီယံဂျက်ဟာ အင်ပါယာရဲ့ သင်္ကေတ ဖြစ်ပါတယ်တဲ့။ အင်ပါယာအဖွဲ့ဝင်အဖြစ် ဗမာကျောင်းသားတွေ မြင်လာအောင် သင်ကြားဖို့ ရည်ရွယ်ဖြစ်ပါတယ်။ ဘုရင်စကရာဇ်ရဲ့ ရုပ်ပုံကားချပ်ကိုကျောင်းမှာ ချိတ်ဆွဲထားပြီး ကျောင်းရှေ့မှာယူနီယံဂျက်အလံတော်ကိုစိုက်ထူကာ ]]God Save the King }} " ဘုရင်မင်းမြတ်ကို ဘုရားသခင်စောင့်ရှောက်ပါစေ" ဆိုတဲ့ အင်္ဂလိပ်အမျိုးသားသီချင်းကို ကျောင်းမှာ သီဆိုကြဖို့ အင်ပါယာကော်မတီကတောက်ခံတင်ပြပါတယ်။ အင်ပါယာကို သစ္စာရှိကြဖို့ စည်းရုံးတဲ့ လုပ်ရပ်ပါပဲ။ အင်ပါယာသဘောတရားဆောင်မြင်အောင် မြန်မာစာပေနဲ့ မြန်မာ့သမိုင်းကို သင်ကြားဖို့လည်း ကော်မတီက တောက်ခံတင်ပြပါတယ်။

အမျိုးသားရေးရည်မှန်းချက်ကို အင်ပါယာကော်မတီက ဘယ်လိုအဓိပ္ပါယ်ဖွင့်တယ်ဆိုတာမသိရပေမယ့် ဗမာတွေကတော့ အမျိုးသားရေးရည်မှန်းချက်ဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးဖြစ်တယ်လို့ အစောပိုင်းကကြေငြာပြီး နောက်ပိုင်းမှာလုံးဝလွတ်လပ်ရေးကို ဦးတည်ကြပါတယ်။ ဗမာတွေဟာ အေးအေးဆေးဆေး တင်းတိမ်ရောင့်ရဲနေကြတယ်လို့ ၁၉၂၀ မတိုင်ခင်မှာ အင်္ဂလိပ်ကယူဆခဲ့တာကြောင့် အမျိုးဘာသာသာသနာကို ဂုဏ်ယူဝင့်ကြွားတတ်တဲ့ ဗမာတွေမှာ အမျိုးသားစိတ် တငွေ့ငွေ့လောင်ကျွမ်းနေတာကို သတိမထားမိခဲ့တာ ဖြစ်ပုံရပါတယ်တဲ့။ အကယ်၍ သတိထားမိရင်တောင် အမျိုးသားဝါဒကို လိုက်လျှောဖို့ မလိုသေးဘူးလို့ ယူဆတာလည်းဖြစ်နိုင်ပါတယ်။ ဒါကြောင့် အမျိုးသားရေးဝါဒဟာ တဖြည်းဖြည်းရှင်သန်ကြီးထွားခွင့်ရလာတာပါ။ ၁၉၂၀ ကျောင်းသားသပိတ်နောက်ပိုင်းမှာ အမျိုးသားရေးလှုပ်ရှားမှု ကျယ်ပြန့်လာပြီး ခေတ်မီနည်းလမ်းတွေနဲ့ စည်းရုံးလှုံ့ဆော်လာကြပါတယ်။ ဒါကို အင်္ဂလိပ်က ဂရုမစိုက်ဘဲ သူ့အစီအစဉ်အတိုင်းသာ ဆက်လုပ်နေပါတယ်။ တက်ကြွလာတဲ့ အမျိုးသားရေးလှုပ်ရှားမှုကို ၂ဦး၂ဖက် အကျိုးရှိအောင် အသုံးမပြုနိုင်တာဟာ အင်္ဂလိပ်ကိုလိုနီအစိုးရရဲ့အမှားပဲလို့ ဆရာမောင်မောင်ကြီးကယူဆပါတယ်။ မြန်မာ့အမျိုးသားစိတ်ဓါတ်ကို မှန်မှန်ကန်ကန် ဖမ်းမှန်းနိုင်တဲ့အတွက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်မှာလို့ ဂျပန်စစ်တပ်ဝင်လာတဲ့အထိ ဗမာလူငယ်တွေကို စည်းရုံးသိမ်းသွင်းရင် ရနိုင်သေးတယ်လို့ အင်္ဂလိပ်ကိုလိုနီအစိုးရက ယူဆခဲ့တာ ဖြစ်ပုံ ရပါတယ်ခင်ဗျား။ ။

## အပိုင်း(၉)

ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက်ပြင်ဆင်တဲ့ ဒိုင်အာခီခေတ်နိုင်ငံရေးပြုပြင်မှုကို နားလည်သူကနည်းပြီး နားမလည်သူကများနေကြောင်း သမိုင်းပါမောက္ခဒေါက်တာ မောင်မောင်ကြီး ရေးသားထားတာကို မြန်မာ့နိုင်ငံရေးအတွေးအခေါ်အပိုင်း(၉)မှာ ဆက်လက်တင်ပြပါမယ်။

၁၉၂၃ကစပြီး ဂျပန်ဝင်လာတဲ့ ၁၉၄၂ခုနှစ်အထိဖြစ်တဲ့ ၁၈နှစ်တာကာလကို အခြေခံဥပဒေအရအုပ်ချုပ်တဲ့ ဒိုမိုကရေစီကျင့်စဉ်စမ်းသပ်တဲ့ကာလလို့ ခေါ်နိုင်ပါတယ်တဲ့။ နိုင်ငံရေးအတွေ့အကြုံရှိလာတဲ့အတွက် အင်္ဂလိပ်နဲ့ပတ်သက်တဲ့ မြန်မာ့သဘောထား ပျော့ပြောင်းလာပါတယ်။ အရင်လိုလှေနံဓါးထစ်တရားသေမဟုတ်တော့ပါဘူး။ ဒါပေမယ့် တဖက်ကလည်း ဗမာမင်းလက်သက်ကအယူအဆကို လုံးဝစွန့်လွှတ်နိုင်သေးတာ မဟုတ်ပါဘူးတဲ့။ အင်္ဂလိပ်အုပ်ချုပ်ရေးရဲ့ အကျိုးအမြတ်ကို တန်ဖိုးထားတတ်ပေမယ့် ပါလီမန် လုပ်ထုံးလုပ်နည်း၊ ပြည်သူ့ကိုယ်စားလှယ်နဲ့အုပ်ချုပ်တဲ့နိုင်ငံရေးစနစ် စတာတွေကို နားလည်သဘောပေါက်ဖို့ကတော့ ၁၈နှစ်ကာလဟာ အလွန်တိုတောင်းလှပါတယ်။

၁၉၂၃မှာ စတင်ကျင့်သုံးတဲ့ဒိုင်အာခီအုပ်ချုပ်ရေးစနစ်မှာ အင်္ဂလိပ်ဘုရင်ခံဟာ အာဏာအရှိဆုံးဖြစ်ပေမယ့် ဗမာတွေရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ ကိုယ်စားလှယ် အမတ်အချို့ဟာ အစိုးရဌာနအချို့ကို အုပ်ချုပ်ခွင့်ရကြပါတယ်။ ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ ပြည်ထဲရေးနဲ့ အခွန်တော်ဌာနကို ဘုရင်ခံလက်အောက်မှာထားပြီး ဒေသန္တရအုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနဲ့ သစ်တောဌာနတွေကို ပြည်သူ့ကိုယ်စားလှယ် ဗမာဝန်ကြီးတွေလက်အောက်မှာထားပါတယ်။ ဗမာဝန်ကြီးက ဘုရင်ခံနဲ့တိုင်ပင်ပြီး အုပ်ချုပ်ရပါတယ်။ ဒီလိုဘုရင်ခံနဲ့ ပြည်သူ့ကိုယ်စားလှယ်လက်တွဲပြီး အုပ်ချုပ်တာကို ဒိုင်အာခီလို့ ခေါ်တာပါပဲ။ တွဲဖက်အုပ်ချုပ်ရေးလို့ အဓိပ္ပာယ်ရပါတယ်။ ဝန်ကြီးတွေကို ဥပဒေပြု ကောင်စီဝင် ၁၀၃ဦးထဲက ရွေးပြီးခန့်ထားပါတယ်။ ဥပဒေပြုကောင်စီမှာ ၇၉ဦးကိုသာ ရွေးကောက်တင်မြှောက်ပြီး၂၄ဦးက အစိုးရခန့်တွေ ဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ခံ ရသူ ၇၉ဦးထဲမှာ ဗမာက ၅၈ဦး၊ တိုင်းရင်းသားနဲ့ အင်္ဂလိပ်ကပြားက ၂၁ဦးဖြစ်ပါတယ်။ ဥပဒေပြုကောင်စီဝင်တွေဟာ အစိုးရလက်အောက်က အတိုင်ပင်ခံတွေ ဖြစ်တာမို့ သူတို့ကို မင်းတိုင်ပင်အမတ်လို့လဲ အဲဒီခေတ်က ခေါ်ပါတယ်။

ဒိုင်အာခီအုပ်ချုပ်ရေးစနစ်နဲ့ ပတ်သက်ပြီး ဗမာနိုင်ငံရေးသမားတွေ သဘော ထားကွဲလွဲကြပါတယ်။ အုပ်ချုပ်ရေးစနစ်သစ်မှာ ပါဝင်စမ်းသပ်လုပ်ကိုင်လိုချင်သူရှိသလို လက်မခံဘဲ ငြင်းပယ်လိုသူလည်းရှိပါတယ်။ ဘာမှန်းမသိဘဲအင်္ဂလိပ်လုပ်တာဆိုပြီး မကြိုက်သူလည်းရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး မသင့်မတင့်ဖြစ်လာလို့ရှိရင် 'မင်းကဒိုင်အာခီ' ပဲလို့ အဲဒီအချိန်က ပြောလေ့ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ကျင့်သုံးချိန်မှာ အစိုးရနဲ့ပတ်သက်တဲ့ ဗမာ့သဘောထားလည်း ပြောင်းလဲလာပါတယ်တဲ့။ အုပ်ချုပ်ရေးဌာနဟာ အာဏာပိုင်မဟုတ်ဘဲ အခြားဌာနတွေဖြစ်တဲ့ ဥပဒေပြုရေးနဲ့ တရားရေးဌာနရဲ့ကန့်သတ်ထိန်းချုပ်ခံရတာကို သဘောပေါက်လာကြပါတယ်။ အုပ်ချုပ်ရေး အရာရှိဟာ ထင်သလို တစ်ဖက်သတ်မလုပ်နိုင်ဘူးဆိုတာကို နားလည်လာကြပေမယ့် အစိုးရအရာရှိဟာ နေရာတကာမှာ အာဏာရှိတယ်ဆိုတဲ့ ရှေးဟောင်းအယူအဆကတော့ ပျောက်ကွယ်မသွားပါဘူး။ အာဏာအလွဲသုံးစားလုပ်တဲ့ အရာထမ်းတွေရဲ့ အနိုင်ကျင့်မှုကြောင့် အစိုးရကိုအာဏာရှင်လို့ အယင်အတိုင်းယူဆနေကြတာလည်း ဖြစ်နိုင်ပါတယ်။ တချိန်တည်း မှာပဲ အုပ်ချုပ်သူတွေရဲ့အပြုအမူကို ဥပဒေပြုကောင်စီမှာ မေးမြန်းစုံစမ်းပိုင်ခွင့်ရှိတာကို ပညာတတ် ဗမာတွေနားလည်လာကြပါတယ်။ အစိုးရရဲ့ပေါ်လစီလမ်းစဉ်၊ စီမံကိန်းနဲ့ လုပ်ကိုင်ဆောင်ရွက်ပုံတွေကို ဥပဒေပြုကောင်စီထဲမှာ ဝေဖန်ကန့်ကွက်နိုင်သလို အပြင်မှာ

လည်း ဝေဖန်ကန့်ကွက်နိုင်တာကို ဗမာတွေနားလည်စပြုလာပါတယ်။ တနည်းဆိုရင်တော့ အစိုးရလုပ်သမျှကောင်းတယ်၊ မှန်တယ်လို့ ယူဆတာမျိုး နည်းပါးလာပြီး အတိုက်အခံလုပ်နိုင်ကြောင်း နားလည်လာကြပါတယ်။ အဲဒီအချိန်မှာ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်လည်း ရှိလာပါပြီ။ ဒါပေမယ့် လွတ်လပ်စွာရေးသား ပြောဆိုခွင့်ကို အလွဲသုံးစားလုပ်ရာမှာ ဗမာနိုင်ငံရေးသမားတွေဟာ ရှေ့တန်းက ပါဝင်တယ်လို့ ဆရာမောင်မောင်ကြီးက ဆိုပါတယ်။ အင်္ဂလိပ် အစိုးရကို ဓမ္မဓိဋ္ဌာန်ကျကျ မဝေဖန်ဘဲ နိုင်ငံခြားအစိုးရအဖြစ် ဝေဖန်ကြတာများပါတယ်။

ဘုရင်ခံကောင်စီဝင် ကက်ဘိနက်ဝန်ကြီးတွေဟာ ရွေးကောက်တင်မြှောက်ခံရသူတွေဖြစ်ပေမယ့် အင်္ဂလိပ်လက်ကိုင်တုတ်အဖြစ်သာ ဗမာတွေက မြင်ကြပါတယ်။ တကယ့်အာဏာက အင်္ဂလိပ်လက်ထဲမှာရှိပြီး ဗမာဝန်ကြီးမှာ အာဏာအနည်းအကျဉ်းသာ ရှိတယ်လို့ ယူဆကြပါတယ်။ အစိုးရဆန့်ကျင်သူကို သူရဲကောင်းသဖွယ် ဂုဏ်ပြုချီးကျူးကြပြီး အစိုးရကိုဝေဖန်ရင် ကောင်းကောင်း၊ မကောင်းကောင်းယုတ္တိရှိရှိမရှိရှိ ပြည်သူလူထုက ထောက်ခံကြပါတယ်။ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်လာတာမို့ ကိုလိုနီအစိုးရလုပ်သမျှ ဆန့်ကျင်ရမယ်လို့ ယုံကြည်သူတွေများလာပေမယ့် အစိုးရကို အားကိုးလိုစိတ်ကတော့ ကျန်နေပါသေးတယ်။ ဗမာမင်း အဆက်ဆက် နှစ်ပေါင်းရာနဲ့ချီပြီး တည်ရှိခဲ့တဲ့ ဗမာ့နိုင်ငံရေး အတွေးအခေါ်ဟာ ၁ခုနှစ် အတွင်းမှာ ကွယ်ပျောက်သွားဖို့ မလွယ်ပါဘူး။ အမြင်ဟောင်းနဲ့ အမြင်သစ် ယှဉ်တွဲ တည်ရှိနေတုန်းပါပဲ။ ပညာတတ်လူနည်းစုကရော၊ လူထုကရော အခြေခံ ဥပဒေအရ အုပ်ချုပ်တာ ကို ကောင်းကောင်း သဘောမပေါက်ကြပါဘူး။

စောစောက ပြောခဲ့သလို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကျင့်သုံးလာတဲ့အခါ မင်းရဲ့အာဏာမှာလည်း အကန့်အသတ် ရှိနေတာကို မြို့နေလူတန်းစားက အရင်ဆုံး သိရှိပြီး နောက်တော့ နယ်ဖက်ကလည်း သိရှိလာကြပါတယ်။ ဒါပေမယ့် နယ်ဘက်မှာသူကြီး၊ မြို့အုပ်၊ နယ်ပိုင်၊ အရေးပိုင်စတဲ့ အရာထမ်းတွေဟာ အာဏာပိုင်အဖြစ် ဆက်လက် အုပ်ချုပ်နေလို့ သူတို့ကိုလည်း နယ်သူနယ်သားတွေက ကြောက်ရွံ့နေတုန်းပါပဲ။ ၁၉၁၈ခုနှစ် မတိုင်မီမှာ နိုင်ငံရေးလှုံ့ဆော်တောင်းဆိုတာမျိုး (political agitation) မြန်မာပြည်မှာ လုံးဝ မရှိခဲ့ဘူးလို့ အင်္ဂလိပ်အစိုးရအစီရင်ခံစာက မှတ်တမ်းတင်ထားပါတယ်။ အင်္ဂလိပ် အုပ်ချုပ်တာကို မကျေနပ်လို့ ပုန်ကန်ထကြွတဲ့ မင်းဆွေ၊ မင်းမျိုး၊ မင်းလောင်းနဲ့ ဘုန်းကြီးတွေသာ ရှိပါတယ်။ ၁၉၁၈ခုနှစ် ရောက်တော့မှ အင်္ဂလိပ်ကျောင်းထွက်ခေတ်ပညာတတ် ဗမာလူငယ်တွေ လူကြီးဖြစ်လာကြတဲ့ အတွက် အင်္ဂလိပ်အစိုးရသင်ပေးတဲ့ နိုင်ငံရေးပညာကို အသုံးပြုပြီး နိုင်ငံရေးလှုံ့ဆော်တောင်းဆိုလာကြတာဖြစ်ပါတယ်။ ဒီနေရာမှာ အိန္ဒိယက ဗမာပြည်ထက် အနှစ် ၅၀ လောက်စောပါတယ်။ အဲဒါကြောင့် ပြည်သူ့ကိုယ်စားလှယ်တွေ ပါဝင်တဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို နိဒါန်းပျိုးတဲ့အခါ တာဝန်သိတဲ့ ကိုယ်ပိုင် အုပ်ချုပ်ရေး သဘောကို ဗမာတွေနားဝေးနေတာဖြစ်ပါတယ်တဲ့။ ဒါကြောင့် ကိုလိုနီခေတ်က ဗမာ နိုင်ငံရေးသမားတွေဟာ တာဝန်သိ အစိုးရတည်ဆောက်ရေးကို ဦးစားပေးတာ မဟုတ်ဘဲ ဗမာကြီးစိုးတဲ့ အစိုးရတည်ထောင်ရေးကိုသာအဓိကဦးစားပေးကြတယ်လို့ ဆရာမောင်မောင် ကြီး က ဆိုပါတယ်။ ဒါကြောင့်လည်း ဗမာတွေဟာ လစ်ဘရယ်ဒီမိုကရေစီ သဘောတရားကို သိပ်စိတ်မဝင်စားကြဘဲ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်ကိုသာ ပိုပြီး စိတ်ဝင်စားကြတာ ဖြစ်ပါတယ်တဲ့။

တနည်းဆိုရင်တော့ နိုင်ငံရေးစနစ်တစ်ရပ် တည်ဆောက်ရေးထက် ဗမာတွေ လုပ်ပိုင်ခွင့်ရရှိရေးကို စိတ်ဝင်စားကြတာ ဖြစ်ပါတယ်ခင်ဗျား။

အပိုင်း (၁၀)

ဒိုင်အာခီအုပ်ချုပ်ရေးအောက်မှာ ဒီမိုကရေစီအခြေခံတွေကို ဗမာတွေပထမဆုံး ထိတွေ့လာပါတယ်။ ဥပဒေပြုကောင်စီဝင်ရွေးကောက်ပွဲကို ၁၉၂၂မှာ ပထမဆုံးအကြိမ် ကျင်းပတဲ့အခါ မှတ်ပုံတင်ထားတဲ့မဲဆန္ဒရှင် ၇%ကသာ မဲပေးကြပါတယ်။ ၁၉၂၅ခုနှစ်မှာ ဒုတိယအကြိမ် ရွေးကောက်ပွဲကျင်းပတော့ မဲဆန္ဒရှင် ၁၆%ကျော် မဲပေးကြပြီး ၁၉၂၈မှာ တတိယအကြိမ် ရွေးကောက်ပွဲကျင်းပတော့ မဲဆန္ဒရှင် ၂၀%အထိ မဲပေးလာကြပါတယ်။ ဒါကြောင့် ဒိုင်အာခီအုပ်ချုပ်ရေးကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒီစနစ်အောက်မှာ နိုင်ငံရေး နိုးကြားလာပါတယ်။

ဒိုင်အာခီပြုပြင်ပြောင်းလဲရေး ဘယ်လောက်ထိ အကျိုးသက်ရောက်တယ်ဆိုတာကို ခန့်မှန်းနိုင်ဖို့အတွက် ဆာဂျွန်ဆိုင်မွန်ခေါင်းဆောင်တဲ့ ကော်မရှင် ၁၉၂၈ခုနှစ် အစောပိုင်းမှာ မြန်မာပြည်ကိုရောက်ရှိလာပါတယ်။ အဲဒီအချိန်မှာ မြန်မာပြည်ကို အိန္ဒိယပြည်နဲ့တွဲထားတဲ့ကိစ္စကို ဗမာတွေအကြီးအကျယ် ဆွေးနွေးလာကြပါတယ်။ အိန္ဒိယပြည် နဲ့တွဲရေးသို့မဟုတ် ခွဲရေးကိစ္စဟာ မြန်မာ့နိုင်ငံရေးလောကမှာ အလေးအနက် ဆွေးနွေးတဲ့ကိစ္စတစ်ခုပါ။ အိန္ဒိယနဲ့တွဲထားရင် အိန္ဒိယမှာ ရရှိတဲ့ခံစားခွင့်ကို မြန်မာတွေလည်း ရရှိနိုင်တယ်လို့ တွဲရေးသမားတွေက ယူဆပါတယ်။ အင်္ဂလိပ်ကုန်သည်တွေကလည်း ခွဲရေးကိုထောက်ခံနေတာမို့ အိန္ဒိယနဲ့ ခွဲလိုက်ရင် မြန်မာတွေအတွက် အကျိုးရှိပါ့မလားလို့ တွေးကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခွဲရေးတွဲရေးကိစ္စကြောင့် မြန်မာပြည်သားတွေ နိုင်ငံရေးစိတ်ဝင်စားလာတာ တိုးတက်မှုပါပဲ။ ဒါပေမယ့် တောင်သူလယ်သမားတွေကတော့ ဒိုင်အာခီပြုပြင်ရေးကို စိတ်မဝင်စားပါဘူး။ ဒါကြောင့် ၁၉၃၀ပြည့်နှစ်အောက်တိုဘာလ ၂၈ရက်နေ့မှာ ဆရာစံက သုပဏ္ဏကဂဠုန်ရာဇာ ဘွဲ့ရမင်းအဖြစ်ကို ခံယူပြီး အင်္ဂလိပ်ကို စစ်ကြေငြာပါတော့တယ်။ ခေတ်ပညာတတ်နဲ့ မြို့နေလူတန်းစားက ဒိုင်အာခီပြုပြင်ရေးကို အခြေအတင်ဆွေးနွေးနေချိန်မှာ ဆရာစံက လယ်သမားသူပုန်ကို ခေါင်းဆောင်ပြီး ဂါထာမန္တရား အားကိုးနဲ့ အင်္ဂလိပ်ကို အပြုတ်တိုက်ဖို့ ကြိုးစားတာကိုကြည့်ရင် ခေတ်သစ်နဲ့ ရိုးရာ အတွေးအခေါ် အတူရှင်သန်နေတာ သိသာပါတယ်။

သခင်လှုပ်ရှားမှုနဲ့ တို့ဗမာအစည်းအရုံးကို ခေတ်လူငယ်တွေက စတင်ပါတယ်။ ဗမာတွေနဲ့မထိတွေ့ရသေးတဲ့ နိုင်ငံရေးအတွေးအခေါ်ကို ဗမာလိုရေးပြီး နဂါးနီအသင်းကထုတ်ဝေပါတယ်။ ဒီတော့မှ ဆိုရှယ်လစ်နဲ့ကွန်မြူနစ်သဘောတရားတွေ စတင်ကြားသိလာရပါတယ်။ ဗမာပြည်ကို အိန္ဒိယလက်အောက်ကခွဲထုတ်ပြီး သီးခြားအုပ်ချုပ်ဖို့ ဆိုင်မွန်ကော်မရှင်က ထောက်ခံတင်ပြတဲ့အတိုင်း ၁၉၃၅ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေကို အင်္ဂလိပ်အစိုးရက ပြဋ္ဌာန်းလိုက်ပါတယ်။ ဒါဟာခေတ်သစ်မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော အခြေခံဖွဲ့စည်းပုံဥပဒေ ဖြစ်ပါတယ်။

ရွေးကောက်ပွဲကို ၁၉၃၆ ဒီဇင်ဘာလမှာ ကျင်းပပါတယ်။ အဲဒီအချိန်မှာ နိုင်ငံရေးပါတီအကြောင်း၊ ပါတီစည်းရုံးရေးအကြောင်းနဲ့ ပါလီမန်အစိုးရအကြောင်းကို

ဗဟာတွေ အတော်လေးသိရှိလာပါပြီ။ ၁၉၃၅ အခြေခံဥပဒေအရ အုပ်ချုပ်ရေးအာဏာဟာ ဘုရင်ခံလက်ထဲမှာရှိပြီး ဘုရင်ခံကိုကူညီဖို့ ဝန်ကြီးများကောင်စီကို ဖွဲ့ထားပါတယ်။ ဒါပေမယ့် ဘုရင်ခံဟာ အာဏာရှင်လို ထင်သလိုမလုပ်နိုင်ပါဘူး။ ညွှန်ကြားချက်လက်စွဲအတိုင်းသာ လုပ်ရသူဖြစ်တာကြောင့် ဝန်ကြီးများကောင်စီကို ထင်သလိုနိုင်းလို့မရပါဘူး။ လွှတ်တော်အမတ်တွေထဲက ရွေးချယ်ပြီး ဝန်ကြီးခန့်ထားရာမှာ အမတ်အများစုထောက်ခံသူနဲ့တိုင်ပင်ပြီး ခန့်ထားရမယ်ဆိုပြီး ဘုရင်ခံရဲ့ လုပ်ပိုင်ခွင့်ကို ကန့်သန့်ထားပါတယ်။ ဘုရင်ခံဟာ ဝန်ကြီးအဖွဲ့ နဲ့ မူးတွဲတာဝန်ယူရမယ်လို့လည်း သတ်မှတ်ထားပါတယ်။

၁၉၃၅ အခြေခံဥပဒေအရ ဥပဒေပြုလွှတ်တော်မှာ အများစုထောက်ခံမှုရရှိသူကသာ ကဲဘိနက်ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းရတာကြောင့် ကဲဘိနက်အစိုးရဟာ လွှတ်တော်မှာ မေးမြန်းသမျှကိုဖြေရှင်းဖို့ တာဝန်ရှိပါတယ်။ ဝန်ကြီးကို ဘုရင်ခံကရွေးချယ်ပြီး ဘုရင်ခံကထောက်ခံနေသမျှ ရာထူးမြဲနိုင်တယ်လို့ ၁၉၃၅ ဥပဒေဆိုထားပေမယ့် လက်တွေ့မှာတော့ အမတ်အများစုထောက်ခံမှုနဲ့ ဝန်ကြီးအဖွဲ့ကို ဖွဲ့စည်းထားတာဖြစ်လို့ အများစုထောက်ခံမှု မရတာနဲ့ အာဏာကို လက်လွှတ်ရပါတယ်။ စစ်ပြီးလို့ ၁၉၄၅ အောက်တိုဘာမှာ စစ်အုပ်ချုပ်ရေး နိဂုံးချုပ်တဲ့အခါ ၁၉၃၅ အခြေခံဥပဒေအရ ဘုရင်ခံကို ပေးထားတဲ့ အထူးအာဏာနဲ့အုပ်ချုပ်ပါတယ်။ ဒါပေမယ့် အဖွဲ့ဝင် ၈ဦးပါဝင်တဲ့ အုပ်ချုပ်ရေးကောင်စီရဲ့ အကူအညီနဲ့ အုပ်ချုပ်တာဖြစ်ပါတယ်။ ဒီအုပ်ချုပ်ရေး ကောင်စီကို ဆန့်ကျင်သူတွေများလာတဲ့အခါ ၁၉၄၆ စက်တင်ဘာလမှာ အဖွဲ့ဝင် ၉ဦးပါတဲ့ ကောင်စီသစ်နဲ့ အစားထိုးလိုက်ရပါတယ်။ ၉ဦးကောင်စီထဲမှာ ၆ဦးက ဖဆပလ အဖွဲ့ဝင်တွေပါ။ နောက်တော့ ဒီအုပ်ချုပ်ရေးကောင်စီကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်ကိုဖိတ်ခေါ်ပြီး ဥပဒေအတိုင်း အာဏာလွှဲပြောင်းပေးဖို့ အောင်ဆန်း-အက်တလီ သဘောတူချက်ကို ၁၉၄၇ ဇန်နဝါရီလ ၂၇ ရက်မှာ လက်မှတ်ရေးထိုးလိုက်ပါတယ်။ နောက်ပြီးတော့ ဖေဖော်ဝါရီ ၁၂ရက်နေ့မှာ ပင်လုံညီလာခံ ကျင်းပပြီး အခြေခံဥပဒေရေးဆွဲဖို့အတွက် တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက်ဖို့ စီစဉ်ပါတယ်။

၁၉၄၇ခုနှစ် ဧပြီလ ၇ရက်နေ့မှာ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပပြီး ဇွန်လ ၉ရက်နေ့မှာ လွှတ်တော်ကို စတင်ကျင်းပပါတယ်။ လွှတ်တော်ရဲ့ လုပ်ထုံးလုပ်နည်းဟာ ၁၉၃၅အခြေခံ ဥပဒေအရသာ ဖြစ်စေရမယ်လို့ဆိုပါတယ်။ စစ်ပြီးတာနဲ့ ၁၉၃၅ အခြေခံဥပဒေကို ပြန်လည်ကျင်းသုံးပြီး ဒီအပေါ်မှာအခြေခံပြီး ၁၉၄၇ အခြေခံဥပဒေကို ရေးဆွဲတာဖြစ်တယ်လို့ သမိုင်းပါမောက္ခဦးမောင်မောင်ကြီးက ဆိုပါတယ်။ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲအတွက် စည်းရုံးရေးဆင်းတဲ့အခါမှာ ဘုရင်ခံအုပ်ချုပ်ရေးကောင်စီဒုဥက္ကဌနဲ့ ဖဆပလ ဥက္ကဌဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလ အလိုကျလုပ်နိုင်တဲ့ ယုံကြည်စိတ်ချရသူကိုပဲ လိုချင်တယ်လို့ပြောပါတယ်။ ပညာတတ်တွေးခေါ်ရှင်ကို မလိုချင်ဘူးဆိုတဲ့ သဘောပါပဲ။ ဥပဒေပညာရှင်တွေရဲ့ အကြံပေးချက်ကို ရယူပြီး ခေါင်းဆောင်တွေက အခြေခံဥပဒေရေးဆွဲတာကို ထောက်ခံမယ့် လွှတ်တော်အမတ်ကိုသာ လိုချင်တယ်။ ဆွေးနွေးပြီး အငြင်းပွားမဲ့ ပညာတတ်ကို မလိုချင်ဘူးလို့ ဆိုလိုတာပါပဲ။

လွတ်လပ်တဲ့ မြန်မာနိုင်ငံကို အမြန်ဆုံးတည်ထောင်နိုင်ဖို့က အရေးကြီးဆုံးဖြစ်နေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆပလခေါင်းဆောင်တွေ ချမှတ်တဲ့လမ်းစဉ်ဟာ

တိုင်းပြည်အတွက် ကောင်းမှာပဲလို့သာ ယုံကြည်ထားကြပါတယ်။ ခေါင်းဆောင်ကို ယုံကြည်အားထားပြီး မျှော်လင့်တဲ့ခေတ်ပါပဲ။ ခေါင်းဆောင်တွေ ပြောသမျှကို မတွန့်မဆုတ် လိုက်နာတာဟာ လွှတ်တော်အမတ်တွေရဲ့ တာဝန်သာမဟုတ်ဘဲ တိုင်းသူပြည်သား အားလုံးရဲ့ တာဝန်လို့ယူဆနေချိန်လည်း ဖြစ်ပါတယ်။ အဲဒီလိုအချိန်မှာ အခြေခံဥပဒေမူကြမ်းကို စုံညီအစည်းအဝေးတွေမှာ အသေးစိတ်ဆွေးနွေးတာဟာ အချိန်ဖြုန်းတာပဲလို့သာ မြင်ကြပါတယ်။ ဒါမှမဟုတ်လည်း တမင်ကြန့်ကြာအောင်လုပ်တဲ့ အဖျက်လုပ်ငန်းလို့ သတ်မှတ်နိုင်ပါတယ်။ ဖဆပလနဲ့ သဘောထားကွဲလွဲသူကို အင်္ဂလိပ်လက်ကိုင်တုတ်လို့ စွတ်စွဲမဲ့ အချိန်အခါလည်း ဖြစ်နေပါတယ်ခင်ဗျား။

အပိုင်း ၁၁

လက်ရှိလုပ်နည်းအတိုင်း တိုင်ပင်ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် လွတ်လပ်တဲ့မြန်မာနိုင်ငံ ပေါ်ထွက်လာလိမ့်မယ်လို့ အောင်ဆန်း-အက်တလီ စာချုပ်မှာ ဖော်ပြထားတာကို မယုံကြည်သူတွေ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ရှိနေပါတယ်။ အင်္ဂလိပ်လက်ထဲကအာဏာကို ဗမာ့လက်ထဲငြိမ်းချမ်းစွာလွှဲပြောင်းပေးဖို့ဆိုတာ မဖြစ်နိုင်တဲ့ ကိစ္စပဲလို့ ကွန်မြူနစ်အမတ်တစ်ဦးက ပြောပါတယ်တဲ့။ ဒါကြောင့် အခြေခံဥပဒေရေးဆွဲဖို့ ကျင်းပနေတဲ့ တိုင်းပြု ပြည်ပြုလွှတ်တော်ကို အချုပ်အခြာအာဏာပိုင်အဖွဲ့အဖြစ် သတ်မှတ်ပြီး လွတ်လပ်ရေးကြေငြာဖို့ အဲဒီကွန်မြူနစ်အမတ်က တောင်းဆိုပါတယ်။ တစ်ဦးကဆိုရင် တိုင်းရင်းသားပဋိပက္ခကို မီးမွှေးပေးဖို့ လွှတ်တော်ခေါ်ယူတာလို့တောင် စွတ်စွဲပါသေးတယ်။ ဒီလိုထင်သလိုမဟုတ်တန်း တရားပြောဆိုနေတာကြောင့် အခြေခံဥပဒေမူကြမ်းကို အများက လက်ခံအတည်ပြုနိုင်ရေးဟာ လောလောဆယ်မှာ အရေးအကြီးဆုံးကိစ္စဖြစ်နေပါတော့တယ်။

အုပ်ချုပ်ရေးအာဏာပိုင်ဟာ ဘယ်လိုအခန်းကဏ္ဍကပါဝင်ပြီး ဘယ်လိုမူဝါဒနဲ့ လုပ်ထုံးလုပ်နည်းကျင့်သုံးရမယ်ဆိုတာမျိုးကို တိုင်းပြုပြည်ပြုလွှတ်တော်မှာ မဆွေးနွေး ပါဘူး။ လူ့အဖွဲ့အစည်းရဲ့ အခြေခံသဘာဝကို ပြောင်းလဲနိုင်စွမ်း လွှတ်တော်မှာရှိ နေတာကို လွှတ်တော် အမတ်တွေသတိရကြပုံမရပါဘူး။ ဘယ်လိုလူမျိုးဟာ အုပ်ချုပ်ရေးအာဏာပိုင် ဖြစ်သင့်သလဲ၊ ခေါင်းဆောင်ပိုင်းမှာ အပြောင်းအလဲဖြစ်လာရင် ဘယ်လိုလုပ်မလဲဆိုတဲ့ ကိစ္စတွေကိုလည်း လွှတ်တော်အမတ်နဲ့ ဖဆပလခေါင်းဆောင်တွေ သတိမရကြပါဘူး။ ဖဆပလအဖွဲ့နဲ့ တိုင်းရင်းသားတွေရဲ့လိုအင်ဆန္ဒနဲ့ ကိုက်ညီပြီး ဆိုရှယ်လစ်ဝါဒကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးကိုသာ အားလုံးစိတ်စောနေကြပါတယ်။ အမျိုးသားလွှတ်တော်ဖွဲ့စည်းရေး၊ အခြေခံအခွင့်အရေး၊ ပြည်ထောင်စုအရေး၊ တရားဥပဒေ အရေး စတာတွေကိုသာ ဦးစားပေးနေတဲ့အတွက် အုပ်ချုပ်ရေးအာဏာကိစ္စကို အဓိကမထား နိုင်ဘဲဖြစ်နေရပါတယ်။ အုပ်ချုပ်ရေးအာဏာရဲ့ သဘောသဘာဝကို အခြေခံဥပဒေရေးဆွဲ တုန်းကရော မူကြမ်းတင်သွင်းစဉ်ကရော ဆွေးနွေးတာမျိုး လုံးဝမရှိခဲ့ပါဘူး။ ၁၉၃၅ မြန်မာ နိုင်ငံအက်ဥပဒေကညွှန်ကြားထားတဲ့အတိုင်း စစ်ပြီးခေတ်မြန်မာဝန်ကြီးအဖွဲ့က တာဝန်ယူ ဆောင်ရွက်တာကိုကြည့်ပြီး လွတ်လပ်ရေးရတော့လည်း ဒီလိုပဲဆက်ပြီး ဆောင်ရွက်သွား လိမ့်မယ်လို့ မျှော်လင့်ထားကြပုံရပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးအာဏာပိုင်ရဲ့ လုပ်ပိုင်ခွင့်၊

တာဝန်ဝတ္တရား၊ အနေအထားနဲ့ ပတ်သက်တဲ့ စာပုဒ်တွေ ကို လွှတ်တော်အမတ်တွေက အလွယ်တကူ လက်ခံလိုက်ကြတာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ၁၉၃၅ ဥပဒေပါ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်နေကြတဲ့ အင်္ဂလိပ်ဘုရင်ခံရဲ့ အုပ်ချုပ်ရေးကောင်စီဝင်တွေကပဲ လွတ်လပ်တဲ့ မြန်မာပြည်ကို ဆက်ပြီး အုပ်ချုပ်ကြမှာမို့ အုပ်ချုပ်ရေးအာဏာကိစ္စကို သတိမထားကြတာ ဖြစ်ပုံရပါတယ်။ ဘုရင်ခံနဲ့ အတူ လုပ်ကိုင်ရတဲ့ အုပ်ချုပ်ရေးစလေ့ကို ပိုပြီးလွတ်လွတ်လပ်လပ်ကျင့်သုံးနိုင်တာပဲ ကွာခြားပါတယ်။ ၁၉၄၇အခြေခံဥပဒေမူကြမ်းပါ စာပုဒ်တွေကို အခြေအတင်အချီအချ မဆွေးနွေးနိုင်ဘဲ ဖြစ်သွားရတဲ့ အကြောင်းရင်းတစ်ခုကတော့ အချိန်အလုံအလောက်မရတာပဲ ဖြစ်ပါတယ်။ တိုင်းပြုပြည်ပြု လွှတ်တော်ရဲ့အဓိကတာဝန်ဟာ အခြေခံဖွဲ့စည်းပုံဥပဒေကို အတည်ပြုဖို့သာ ဖြစ်နေပါတယ်။ ၁၉၄၇ ဇန်နဝါရီ ၂၇ရက်နေ့မှာ အောင်ဆန်း-အက်တလီ စာချုပ်လက်မှတ်ရေးထိုးစဉ်က ဖဆပလရဲ့ ဦးတည်ချက်ဟာ တစ်နှစ်အတွင်း လွတ်လပ်ရေး ရဖို့ပဲလို့ ဗိုလ်ချုပ်အောင်ဆန်းက ကြေငြာခဲ့ပါတယ်။ ဒါကြောင့် ၁၉၄၇ စက်တင်ဘာလမှာ အခြေခံဥပဒေကို ပြီးစီးအောင်လုပ်ပြီး အတည်ပြုနိုင်ဖို့လိုကြောင်း ဦးနုက လွှတ်တော်ကို ရှင်းပြပါတယ်။ ဒါမှသာ အောက်တိုဘာလ လန်ဒန်မှာ ကျင်းပတဲ့ အင်္ဂလိပ်ပါလီမန်မှာ မြန်မာ့ လွတ်လပ်ရေးအက်ဥပဒေကို တင်သွင်းနိုင်မှာဖြစ်ပါတယ်။ အခုလိုတိုတောင်းလှတဲ့ အချိန်ကာလမှာ အခြေခံဥပဒေကို ဒီလိုပြီးမြောက်အောင် ဘယ်ညီလာခံကမှ ရေးဆွဲပြီး အတည်ပြုနိုင်မှာ မဟုတ်ဘူးလို့ အစိုးရအစီရင်ခံစာတစ်ခုမှာ ဖော်ပြထားပါတယ်။

ဦးအောင်ဆန်းရဲ့ လမ်းညွှန်(၇)ချက်အတိုင်း အခြေခံဥပဒေရေးဆွဲရာမှာ ထိရောက်စွာ လုပ်ကိုင်နိုင်ဖို့အတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းပြီး လုပ်ကိုင်ဖို့ ဆုံးဖြတ်ကြပါတယ်။ လမ်းညွှန် ၇ချက်ကတော့ လွတ်လပ်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေ ဖြစ်ရမယ်။ ဒီပြည်ထောင်စုထဲမှာ ကိုယ်ပိုင်အုပ်ချုပ်တဲ့ ဒေသတွေပါဝင်ရမယ်၊ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ အာဏာအားလုံးပြည်သူလူထုထံမှာ ဖြစ်ဖျားခံရမယ်။ ပြည်သူလူထုရဲ့ အခြေခံ လူ့အခွင့်အရေးကို အာမခံပေးရမယ်၊ လူနည်းစုကို အာဏာအကွယ်ပေးရမယ်၊ တရားမျှတမှုနဲ့ အပြည်ပြည်ဆိုင်ရာဥပဒေအတိုင်း နိုင်ငံနယ်နမိတ်နဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းရမယ်၊ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနဲ့ လူ့ဘဝသာယာဝပြောရေးကိုဦးတည်ရမယ်လို့ ဦးအောင်ဆန်း ရဲ့ လမ်းညွှန် (၇)ချက်မှာ ဖော်ပြထားပါတယ်။ အခြေခံဥပဒေရေးဆွဲမယ့်ကော်မတီနဲ့ ဆပ်ကော်မတီတွေမှာ အရည်အချင်းပြည့်ဝသူတွေ ပါဝင်နေတာမို့ လွှတ်တော်အမတ်က ဝေဖန်နေလို့ အကျိုးမရှိဘူးလို့ ယူဆကြပါတယ်။ ကရင်နီကလွဲပြီး အဓိက တိုင်းရင်းသား လူမျိုးစု ကိုယ်စားလှယ် အားလုံးပါဝင်တဲ့ ၅၅ဦး အခြေခံဥပဒေကော်မတီကို ၁၉၄၇ ဇွန်လ ၁၉ရက်နေ့မှာ ဖွဲ့စည်းပါတယ်။ နောက်တော့ ၇၁ဦးထိ တိုးလာပါတယ်။ ကရင်နီကတော့ သူတို့ကိုယ်သူတို့ သီးခြားလွတ်လပ်တဲ့နိုင်ငံလို့သတ်မှတ်ထားလို့ ပင်လုံညီလာခံကို ကိုယ်စားလှယ်မလွှတ်ဘဲ လေ့လာသူ၃ဦးသာ လွှတ်ခဲ့ပါတယ်။ အခြေခံဥပဒေရေးတော့လည်း အစောပိုင်းမှာ ကရင်နီကိုယ်စားလှယ် အစည်းအဝေးမတက်ပါဘူး။ စက်တင်ဘာလ ၂၇ရက်နေ့မှာကျင်းပတဲ့လွှတ်တော်အစည်းအဝေးကျမှ ကရင်နီ ကိုယ်စားလှယ် တက်ရောက် ပြီး ပြည်ထောင်စု မှာ ပါဝင်ဖို့ ဆုံးဖြတ်ပါတယ်။

အခြေခံဥပဒေကော်မတီအောက်မှာ ဆပ်ကော်မတီ ၄ခု ရှိပါတယ်။ ပြည်ထောင်စုနဲ့ ပြည်နယ်ရေးရာ ဆပ်ကော်မတီ၊ တရားရေးရာဆပ်ကော်မတီ၊ အခြေခံအခွင့်အရေးဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုရေးရာဆပ်ကော်မတီ စတာတွေ ဖြစ်ပါတယ်။ နောက်တော့ ရှမ်းပြည်နယ်ရေးရာ ဆပ်ကော်မတီနဲ့ ကချင်ပြည်နယ်ရေးရာ ဆပ်ကော်မတီတွေကို ထပ်ဖွဲ့ပါတယ်။ နိုင်ငံသားဖြစ်မှုနဲ့ ပတ်သက်ပြီး အသေးစိတ်လေ့လာဖို့ ယာယီဆပ်ကော်မတီ တစ်ခုကိုလည်း ထပ်မံဖွဲ့စည်းပါတယ်။ အခြေခံဥပဒေကော်မတီ ပထမအကြိမ်အစည်းအဝေးကို ၁၉၄၇ ဇွန်လ ၂၃ရက်နေ့မှာ ကျင်းပပါတယ်။ နောက်ထပ် အစည်းအဝေး ၁၃ကြိမ် ကျင်းပပြီးတဲ့အခါမှာ မူကြမ်းတစ်စိတ်တစ်ပိုင်းကို ဇူလိုင်လ ၃၁ရက်နေ့မှာ ဦးနုက လွှတ်တော်ကိုတင်ပြပါတယ်။ နောက်တော့ အခြေခံဥပဒေမူကြမ်းထဲက ပြီးစီးတဲ့ အစိတ်အပိုင်းတွေကို ရှင်းလင်းနိုင်ဖို့အတွက် သြဂုတ်လ ၄ရက်နေ့မှာ ဦးနုက လွှတ်တော်ကို တင်ပြပါတယ်။ လွှတ်တော် ၆ရက်နားချိန်မှာ ၄ရက် ဆွေးနွေးပြီးတော့ သြဂုတ် ၁၆ရက်နေ့မှာ အခြေခံ ဥပဒေမူကြမ်းကို တိုင်းပြုပြည်ပြု လွှတ်တော်မှာ တညီတညွတ်တည်း သေသေချာချာ အတည်ပြုလိုက်ပါတော့တယ်။ ဒါကြောင့် ၁၉၄၇ အခြေခံဥပဒေမူကြမ်းကို ၂လနဲ့ ရေးဆွဲပြီးစီးတယ်လို့ ပြောနိုင်ပါတယ်။

အပိုင်း ၁၂

၁၉၄၇ခု အခြေခံဥပဒေကိုအတည်ပြုဖို့ စက်တင်ဘာလ ၁၆ရက်နေ့မှာ သခင်တင်က တိုင်းပြုပြည်ပြုလွှတ်တော်ကို တင်သွင်းပါတယ်။ အထိုက်အလျောက် ဆွေးနွေးပြီးတဲ့အခါ စက်တင်ဘာ ၂၄ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို တညီတညွတ်တည်း တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုလိုက်ပါတယ်။ ဒါပေမယ့် အခြေခံဥပဒေမူကြမ်းအဆင့်မှာရော နောက်ဆုံးအတည်ပြုတဲ့အဆင့်မှာရော အုပ်ချုပ်ရေးအာဏာကိစ္စကို လုံးဝမဆွေးနွေးဘူးလို့ ဆရာမောင်မောင်ကြီးက ထောက်ပြပါတယ်။ မူကြမ်းမှာ အုပ်ချုပ်ရေးနဲ့ဆိုင်တဲ့စာပိုဒ် ၁၃ပိုဒ်ရှိပြီး အတည်ပြုရာမှာ ၁၂ပိုဒ်ဖြစ်သွားတာကို မေးမြန်းစုံစမ်းတာမျိုးမလုပ်ကြပါဘူး။ တကယ်တော့ ၁၉၃၇ အိုင်ယာလန်အခြေခံဥပဒေ၊ ၁၉၃၅အိန္ဒိယအက်ဥပဒေနဲ့ ၁၉၃၅ မြန်မာနိုင်ငံ အက်ဥပဒေကို စုပေါင်းပြီးပြုပြင်လိုက်ရင် ၁၉၄၇ အခြေခံဥပဒေ ဖြစ်သွားတယ်လို့ဆိုပါတယ်။ ဥပမာ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံဥပဒေအပိုဒ် ၁၂၂ဟာ ၁၉၃၇ အိုင်ယာလန်အခြေခံဥပဒေ အပိုဒ် ၂၈နဲ့အတူတူ ဖြစ်နေတာတွေ့ရပါတယ်တဲ့။ အိုင်ယာလန်ဥပဒေရဲ့ စုပေါင်းတာဝန်ယူမှုသဘောကိုလည်း သုံးပါတယ်။ အင်္ဂလိပ်ဥပဒေအတတ်ပညာကို လေ့လာဆည်းပူးထားတဲ့ ဥပဒေပညာရှင် တစ်စုနဲ့ ဖဆပလခေါင်းဆောင်အချို့ပူးတွဲပြီး ဖန်တီးလိုက်တဲ့ရလဒ်ဟာ ၁၉၄၇ အခြေခံဥပဒေ ဖြစ်ပါတယ်။

ဥပဒေပညာရှင်တွေထဲမှာ ဆာမြဘူး၊ ဆာဘဦး၊ ဦးအေးမောင်နဲ့ ဦးချန်ထွန်းအောင်တို့ဟာ ထင်ရှားပါတယ်။ အခြေခံဥပဒေကို နောက်ဆုံးအချောသတ်တဲ့အခါမှာ အိန္ဒိယအခြေခံဥပဒေအကြံပေးအရာရှိ ဆာဘီအမ်လောင်းကိုယ်တိုင် ရန်ကုန်ကို လာရောက်ပြီး ကူညီပါတယ်။ ဒါကြောင့် မြန်မာအခြေခံဥပဒေကို ဆွေးနွေးတယ်ဆိုရင် ကော်မတီ အဆင့်လောက်မှာသာ ဆွေးနွေးခွင့်ရရှိပါတယ်။ လွှတ်တော်မှာ ဆွေးနွေးတာမဟုတ်ပါဘူး။

အင်္ဂလိပ်လက်အောက်မှာ ကျင့်သုံးတဲ့ပါလီမန်အုပ်ချုပ်ရေးစနစ်ကို ယုံယုံကြည်ကြည် ကျင့်သုံးလာတာမို့လို့ ကော်မတီအဆင့်မှာပဲ ကိစ္စပြီးနေတဲ့အတွက် လွှတ်တော်မှာ မဆွေးနွေးတော့ပါဘူး။ ဒီလိုနဲ့ အင်္ဂလိပ်အုပ်ချုပ်ရေးစနစ်ဟာ ဆန့်ကျင်မှုမရှိဘဲ မြန်မာ့လက်ထဲရောက်သွားပါတော့တယ်။ ပါလီမန်အုပ်ချုပ်ရေးစနစ်ကို အင်္ဂလိပ်က အမွေပေးခဲ့တဲ့သဘောပါပဲ။ ကွန်မြူနစ်အမတ်တစ်ဦးကပဲ ပါလီမန်ဆိုတဲ့ ဝေါဟာရကို မသုံးသင့်ကြောင်း ကန့်ကွက်ပါတယ်။

၁၉၄၇ အခြေခံဥပဒေအရ ရှမ်း၊ ကချင်၊ ကရင်နီနဲ့ ချင်းတိုင်းရင်းသားတွေဟာ ပြည်ထောင်စုအစိုးရအဖွဲ့မှာ ဝန်ကြီးတစ်နေရာစီရပိုင်ခွင့်ရှိပါတယ်။ ဒီလိုဖြစ်လာအောင် ပင်လုံသဘောတူညီချက်က လမ်းခင်းပေးခဲ့တာပါ။ စစ်မဖြစ်ခင်ကတော့ ရှမ်း၊ ကချင်၊ ချင်းစတဲ့ တောင်တန်းသားတွေကို နယ်စပ်ဒေသအုပ်ချုပ်ရေးဌာန လက်အောက်မှာထားပါတယ်။ ကရင်နီကိုတော့အင်္ဂလိပ်အစိုးရလက်အောက်ခံ မဟာမိတ်ပြည်နယ်တစ်ခုအနေနဲ့ သဘောထားပါတယ်။ ၁၉၃၅ မြန်မာနိုင်ငံ အက်ဥပဒေကို မြန်မာပြည်မမှာသာ ကျင့်သုံးပါတယ်။ ရခိုင်၊ တနင်္သာရီ ကမ်းရိုးတန်းနဲ့ ရောဝတီ၊ စစ်တောင်းမြစ်ဝှမ်းဒေသကို ပြည်မလို့ ခေါ်ပါတယ်။ ဒါကြောင့် ဥပဒေပြုလွှတ်တော်ကို တောင်တန်းဒေသက ကိုယ်စားလှယ်လွှတ်ခွင့်မရှိပါဘူး။ တိုင်းရင်းသားတွေနေထိုင်ရာ တောင်တန်းဒေသကို ဘုရင်ခံကပဲ သီးခြားအုပ်ချုပ်ပါတယ်။ စစ်ပြီးခေတ် လွတ်လပ်ပြီးစည်းလုံးညီညွတ်တဲ့မြန်မာနိုင်ငံကို တည်ဆောက်နေတဲ့ ဖဆပလအဖွဲ့ဟာ တိုင်းရင်းသားခေါင်းဆောင်တွေကို စည်းရုံးသိမ်းသွင်းပါတယ်။ အခြေအနေပြောင်းလဲလာတာကို သဘောပေါက်တဲ့ တိုင်းရင်းသားခေါင်းဆောင်တွေကလည်း ဗမာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

အောင်ဆန်းအက်တလီသဘောတူချက် အပိုဒ်၈အရ တိုင်းရင်းသားကိုယ်စားလှယ်တွေ ပင်လုံမှာညီလာခံကျင်းပပြီး ဗမာအစိုးရနဲ့ ဘယ်လိုပူးတွဲဆောင်ရွက်မယ်ဆိုတာကို ဆွေးနွေးကြပါတယ်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ပင်လုံမှာ လက်မှတ်ရေးထိုးတဲ့စာချုပ်အရ ရှမ်း၊ ကချင်နဲ့ ချင်းကို ကိုယ်စားပြုတဲ့ ကောင်စီဝင်တစ်ဦးစီနဲ့ ဒုကောင်စီဝင် ၂ဦး၊ ဘုရင်ခံရဲ့ အုပ်ချုပ်ရေးကောင်စီမှာ ပါဝင်ခွင့်ရသွားပါတယ်။ တောင်တန်းဒေသက တိုင်းရင်းသားကိုယ်စားလှယ်တွေကဲဘိနက်အစိုးရအဖွဲ့မှာ ပါဝင်ရမယ်ဆိုတဲ့မူကို ပင်လုံစာချုပ်က ပြဋ္ဌာန်းလိုက်တာပါပဲ။ တနည်းဆိုရင် တောင်တန်းဒေသတိုင်းရင်းသားတွေရဲ့ ပူးပေါင်း ဆောင်ရွက်မှုကို ရယူလိုတဲ့အတွက် သူတို့ကိုယ်စားလှယ်ကို အစိုးရဝန်ကြီးအဖွဲ့မှာ ပါဝင်ခွင့်ပေးလိုက်တာဖြစ်ပါတယ်။ ဒီအချက်ကို ၁၉၄၇ အခြေခံဥပဒေကလည်း အာမခံထားပါတယ်။ ဒါတွေကိုကြည့်မယ်ဆိုရင် ၁၉၃၅ မြန်မာနိုင်ငံအက်ဥပဒေကချမှတ်တဲ့ အုပ်ချုပ်ရေးပုံစံကို အခြေခံပြီး ပြည်ထောင်စု အစိုးရကို တည်ထောင်တာ ထင်ရှားပါတယ်။ စစ်မဖြစ်ခင်က ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ကျင့်သုံးဖို့ဆုံးဖြတ်ရတဲ့ အဓိကအကြောင်းရင်းကတော့ ဖဆပလခေါင်းဆောင်ပိုင်းနဲ့ လွှတ်တော်အမတ်တွေဟာ ဒီစနစ်နဲ့ လက်ပွန်းတတီးရှိခဲ့လို့ပါပဲ။ အခြေခံဥပဒေရေးဆွဲတဲ့ ပညာရှင်တွေကလည်း အင်္ဂလိပ်ဥပဒေကိုလည်း ကျွမ်းကျင်ကြတာမို့ စစ်မဖြစ်ခင်က ကျင့်သုံးခဲ့တဲ့ ပါလီမန် ဓလေ့ကို ပြုပြင်ပြောင်းလဲပြီး တိုင်းရင်းသားတွေပါ အကျုံးဝင်အောင် လုပ်လိုက်တာပဲဖြစ်ပါတယ်။

အင်္ဂလိပ်ကိုလိုနီခေတ်က ကျင့်သုံးခဲ့တဲ့ပါလီမန် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်မွမ်းမံပြီး အုပ်ချုပ်ရေးပုံစံသစ်သဘောမျိုးနဲ့ ၁၉၄၇ အခြေခံဥပဒေမှာ ပြဋ္ဌာန်းတာကို နိုင်ငံရေးပါတီနဲ့ခေါင်းဆောင်တွေက အလေးအနက် ယုံကြည်တယ်လို့တော့ မပြောနိုင်ပါဘူး။ နိုင်ငံရေးပါတီနဲ့ တိုင်းရင်းသားအုပ်စုတွေမှာအယူအဆအမျိုးမျိုးရှိနေတာကြောင့် ပြည်ထောင်စုအခြေခံဥပဒေပါသဘောတရားတွေကို လက်တွေ့ကျင့်သုံးလို့မရနိုင်ပဲ ဖြစ်နေပါတယ်။ ပြည်သူလူထုကလည်း သိပ်ပြီးစိတ်မဝင်စားကြပါဘူး။ ပြည်ထောင်စုအခြေခံဥပဒေကို အထွတ်အမြတ် အလေးထားအပ်တဲ့အရာ၊ မချိုးဖောက်အပ်တဲ့အရာ၊ မပြစ်မှားအပ်တဲ့အရာလို့ မယူဆခဲ့ကြပါဘူး။ ပြည်ထောင်စုကို လူတိုင်းထောက်ခံရမယ်လို့လည်းမယူဆကြပါဘူး။ တရားမျှတတဲ့ အုပ်ချုပ်ရေးစနစ်တည်ဆောက်ဖို့ လမ်းညွှန်ထားတဲ့ ဥပဒေလို့လည်း မယူဆကြပါဘူး။

နိုင်ငံရေးအုပ်စုတွေအဖို့ကတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် အာဏာရဖို့ကသာ အရေးကြီးဆုံးဖြတ်နေပါတယ်။ ကရင်အဖွဲ့တဖွဲ့ကလည်း အခြေခံဥပဒေကို မယုံကြည်လို့ လက်နက်နဲ့ ပြဿနာရှင်းဖို့ ကြိုးစားပါတယ်။ ကွန်မြူနစ်နဲ့ ပြည်သူ့ရဲဘော်ကလည်း လက်နက်ကိုင်ပုန်ကန်ကြပါတယ်။ အာဏာရဆိုရှယ်လစ်အုပ်စုကသာ ၁၉၄၇ အခြေခံဥပဒေကို ယုံကြည်နေတာတွေ့ရပါတယ်။ ဒါကြောင့် ၁၉၄၇ အခြေခံဥပဒေဟာ မူလအစကတည်းက တိုင်းသူပြည်သားတွေအပေါ်မှာ ဩဇာညောင်းနိုင်တဲ့ အနေအထားမှာ မရှိပါဘူး။ နိုင်ငံရေးအုပ်စုတွေ၊ ပြည်သူ့စစ်တွေနဲ့ အဓိကတိုင်းရင်းသားအုပ်စုဖြစ်တဲ့ ကရင်တိုင်းရင်းသားက အပြည့်အဝ မယုံကြည်တာရယ်၊ ပြည်သူလူထုကလည်း စိတ်ဝင်စားမှုနည်းပါးတာရယ် စတာတွေကြောင့် ၁၉၄၇အခြေခံ ဥပဒေဟာ မူလအစကတည်းက စွမ်းအားမရှိဖြစ်နေရတာလို့ ပါမောက္ခဒေါက်တာမောင်မောင်ကြီးက သုံးသပ်ထားပါတယ်ခင်ဗျား။

အပိုင်း ၁၃

အာဏာရဖို့ဦးတည်တဲ့ ဂိုဏ်းဂဏအုပ်စုတိုက်ပွဲများ ပြင်းထန်လာပြီး အခြေခံဥပဒေကို မလေးမစားတဲ့အတွက် လွတ်လပ်ရေးရကတည်းက ပါလီမန်ဒီမိုကရေစီစနစ် အခြေမယိုင်လာရပုံကို ဆရာမောင်မောင်ကြီးရဲ့ "မြန်မာ့နိုင်ငံရေးအတွေးအခေါ်" အပိုင်း(၁၃)မှာ ဒီကနေ့တင်ပြပါမယ်။

နိုင်ငံရေးပါတီတွေ အာဏာရယူနိုင်ဖို့အတွက် ဒီမိုကရေစီနည်းအရ ယှဉ်ပြိုင်ရမယ့် လုပ်ထုံးလုပ်နည်းနဲ့ သဘောတရားကို ၁၉၄၇ အခြေခံဥပဒေက သတ်မှတ်ထားပါတယ်။ ဒါပေမယ့် ကွန်မြူနစ်ပါတီ၂ပါတီ၊ ရဲဘော်ဖြူနဲ့ KNU ကရင်အဖွဲ့က ၁၉၄၇ အခြေခံဥပဒေကိုလက်မခံနိုင်တဲ့အတွက် လက်နက်ကိုင်ပုန်ကန်ကြပါတယ်။ ဖဆပလအစိုးရလို့ အဲဒီတုန်းကလူသိများတဲ့ ပြည်ထောင်စုအစိုးရကို ဆိုရှယ်လစ်၊ တသီးပုဂ္ဂလ၊ ရဲဘော်ဝါနဲ့ တိုင်းရင်းသားကိုယ်စားလှယ်တွေက ထောက်ခံကြပါတယ်။ ဒါပေမယ့် ဖဆပလအစိုးရထဲမှာလည်း ပုဂ္ဂိုလ်ရေးကိုလိုက်ပြီးဩဇာအာဏာပြိုင်ဆိုင်တာတွေရှိလာတာကြောင့် လွတ်လပ်ရေးရပြီး ၅လအကြာမှာ သူ့ရာထူးက နုတ်ထွက်ဖို့ဝန်ကြီးချုပ်ဦးနုပြောရတဲ့အထိ အာဏာပြိုင်ဆိုင်မှုက ပြင်းထန်လာပါတယ်။ အချင်းချင်းယုံကြည်မှုနည်းပါးလာတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး မယုံသင်္ကာဖြစ်မှု ပိုမိုများပြားလာတဲ့အတွက် ဖဆပလ အဖွဲ့ချုပ်ယိုယွင်း

ပျက်စီးလာရတယ်လို့ ဝန်ကြီးချုပ်ဦးနုက ယူပါတယ်။ တချို့ကလည်း အာဏာရဲ့အရသာကို ခံစားလိုက်ရလို့ အာဏာလက်လွှတ်သွားမှာကို အလွန်စိုးရိမ် နေကြပါတယ်။

ဖဆပလအဖွဲ့ထဲမှာ ပုဂ္ဂိုလ်ရေး တိုက်ပွဲ၊ အာဏာလုပွဲဖြစ်နေတာကို နှစ်လုံးနာလွန်းလို့ ရာထူးကထွက်ပြီး ဖဆပလကိုပြန်လည်စည်းရုံးရမယ်လို့ ၁၉၄၈ မေလ ၂၅ရက်နေ့မှာ ဦးနုကကြေငြာပါတယ်။ ဦးနုဟာ တသီးပုဂ္ဂလအဖြစ် ဖဆပလအဖွဲ့မှာ ပါဝင်နေတာပါ။ ပါတီဝင်မဟုတ်ပါဘူး။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားကတည်းက ဖဆပလဥက္ကဋ္ဌ လုပ်လာခဲ့ရတာ ဖြစ်ပါတယ်။ အရင်ကလည်း လွတ်လပ်ရေးရပြီးရင် ၆လအတွင်း ရာထူးကထွက်မယ်လို့ ဦးနုကပြောဖူးပါတယ်။ ဦးနုခေါင်းဆောင်တဲ့ ဝန်ကြီးအဖွဲ့ ၁၉၄၈ ဇူလိုင်လ ၁၅ ရက်နေ့မှာ နုတ်ထွက်ပေမယ့် သမတက မေတ္တာရပ်ခံတဲ့အတွက် ၁၉၄၉ ဧပြီလမှာ အထွေထွေရွေးကောက်ပွဲ ကျင်းပတဲ့အထိ ဆက်လုပ်ဖို့ ဦးနုက သဘောတူလိုက်ပါတယ်။ အခြေခံဥပဒေကို စတင်ကျင့်သုံးပြီး ၁၈လကြာတဲ့အခါမှာ ရွေးကောက်ပွဲကျင်းပရမယ်လို့ အခြေခံဥပဒေအပိုဒ် ၂၃၃က ဆိုပါတယ်။ လက်နက်ကိုင်ပုန်ကန်ဖို့ခြိမ်းခြောက်နေချိန်မှာ ဦးနုထွက်သွားမှာကို တိုင်းရင်းသားကိုယ်စားလှယ် တွေက မလိုလားကြပါဘူး။ တကယ်တော့ ပြည်ထောင်စုအစိုးရဟာ လွတ်လပ်ရေးမရမီကတည်းက ပုန်ကန်မှုနဲ့ ရင်ဆိုင်ခဲ့ရတာပါ။ ၁၉၄၇အစောပိုင်းမှာ သခင်စိုးခေါင်းဆောင်တဲ့ အလံနီကွန်မြူနစ်ပါတီက ပထမဆုံးလက်နက်ကိုင်တော်လှန်ပါတယ်။ နောက်တော့ ရခိုင်မှာ ဘုံပေါက်သာကျော် ခေါင်းဆောင်ပြီး ပုန်ကန်ပါတယ်။ အဲဒီတုန်းကတော့ စိုးရိမ်စရာ အခြေအနေမဟုတ်သေးပါဘူး။ လွတ်လပ်ရေးရပြီး ၃လအကြာ မတ်လမှာ သခင်သန်းထွန်း ခေါင်းဆောင်တဲ့ ဗကပ ဗမာပြည်ကွန်မြူနစ်ပါတီက လက်နက်ကိုင် တော်လှန်ရေး စပါတယ်။ ဇူလိုင်လရောက်တော့ ပြည်သူ့ရဲဘော်အဖွဲ့ဝင် ၆၀%ဟာ ရဲဘော်ဖြူအဖြစ်နဲ့ တော်လှန် ပုန်ကန်ကြပါတယ်။ ဩဂုတ်လလယ်မှာ သရက်မြို့အခြေစိုက်တပ်မတော်တပ်ရင်းနဲ့ မင်္ဂလာဒုံအခြေစိုက်တပ်ရင်း ၃ ပုန်ကန်ပြီး သူပုန်နဲ့ပေါင်းသွားပါတယ်။ ဩဂုတ်လကုန်မှာ ကရင်လက်နက်ကိုင်တွေ ပုန်ကန်ပြီး သထုံနဲ့မော်လမြိုင်ကို သိမ်းပိုက်လိုက်ပါတယ်။ တချိန်တည်းမှာပဲ KNU ကရင်အမျိုးသား အစည်းအရုံးရဲ့ လက်နက်ကိုင်တပ်ဖွဲ့ KNDO ကလက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲပါတယ်။

အာဏာလိုချင်လို့ ကွန်မြူနစ်နဲ့ ရဲဘော်ဖြူက လက်နက်ကိုင် ပုန်ကန်ကြတာပါပဲ။ အကြမ်းဖက်ပြီး အာဏာသိမ်းဖို့ကြံစည်တာလို့ ဦးနုကပြောပါတယ်။ ၁၉၄၈ ဇန်နဝါရီလ အိန္ဒိယပြည် ကလကတ္တားမှာ ကျင်းပတဲ့ အရှေ့တောင်အာရှ ကွန်မြူနစ်ညီလာခံ ဆုံးဖြတ်ချက်အရ ဗကပ ကွန်မြူနစ်ပါတီက ပုန်ကန်ထကြွတာဖြစ်ပါတယ်။ အကြောင်းပြချက်က နု-အက်တလီစာချုပ်အရ အင်္ဂလိပ်ပေးလိုက်တဲ့ လွတ်လပ်ရေးဟာ အစစ်အမှန် မဟုတ်ဘူးလို့ဆိုတာပါပဲ။ ကရင်ကတော့ ဖဆပလ အစိုးရဟာ ကရင်အမျိုးသားတွေကို ငြိမ်းချမ်းရေးနဲ့လုံခြုံရေးပေးနိုင်မှာမဟုတ်ဘူးလို့ ယုံကြည်တာကြောင့် ပုန်ကန်တာဖြစ်ပါတယ်။ ဖဆပလ အစိုးရဟာကရင်ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမှာ မဟုတ်ဘူးလို့လည်း သံသယ ဖြစ်နေကြပါတယ်။ဒီလိုလက်နက်ကိုင် ပုန်ကန်မှုမျိုးစုံကို ရင်ဆိုင်လာရတုန်း ဝန်ကြီးချုပ်အဖြစ်နှုတ်ထွက်မယ်ဆိုရင် တိုင်းပြည်အခြေအနေ ပိုဆိုးသွားနိုင်တာကို ဦးနု သဘောပေါက်ပါတယ်။ သူကိုယ်တိုင် ခေါင်းဆောင်ပြီး သူပုန်ကို နှိမ်နင်းရမယ်လို့ ဦးနုက

ယုံကြည်ပါတယ်။ ပြည်ထဲရေးနဲ့ကာကွယ်ရေးဌာန ၂ခုစလုံးကို တာဝန်ယူလိုက်တာကိုကြည့်ရင် ဦးနုရဲ့သံန္နိဋ္ဌာန်ကို အကဲခတ်နိုင်ပါတယ်။ လက်နက်အားကိုးနဲ့ အာဏာလုဖို့ ကြိုးစားတဲ့ နိုင်ငံရေးဓားမြကို ဘယ်တော့မှ လက်မခံနိုင်ဘူးလို့ ဦးနုက ကြေငြာပါတယ်။ ပြည်သူလူထုက ဗိုလ်ချုပ်အောင်ဆန်းကို ပေးထားတဲ့အာဏာကို နိုင်ငံရေးဓားမြ လက်ထဲ ဘယ်တော့မှ မထဲ့နိုင်ဘူးလို့ သန္နိဋ္ဌာန်ချထားတာဖို့ ကြံ့ကြံ့ခံပြန်တိုက်ဖို့လမ်းသာ ရှိတယ်လို့ ဦးနုက ပြောပါတယ်။

ကွန်မြူနစ်၊ ရဲဘော်ဖြူနဲ့ KNDO ကရင်တပ်ဖွဲ့က ဥပဒေကို ကျော်နိုင်းပြီး တော်လှန်ပုန်ကန်နေချိန်မှာ အာဏာရအစိုးရအဖွဲ့ဝင် ဆိုရှယ်လစ်တွေကလည်း ဥပဒေကို လေးစားရမှန်း သိတာမဟုတ်ပါဘူး။ အကြွင်းမဲ့အာဏာရှင်ဖြစ်အောင် ကြိုးပမ်းရာမှာ အတိုက်အခံလုပ်သူကို ချေမှုန်းဖို့သာ စိတ်ဝင်စားပါတယ်။ ဖဆပလအစိုးရကို ဝေဖန်တဲ့ သတင်းစာ ၃စောင်က ပုံနှိပ်စက်တွေကို ၁၉၄၈ မတ်လ ၁၂ရက်နေ့မှာ ဆိုရှယ်လစ်ရဲ့ တပည့်လူမိုက်တွေက ရိုက်ချိုးပစ်လိုက်ပါတယ်။ မေလရောက်တော့ ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးက အစိုးရငွေ သိန်း ၄၀ကို အလစ်သုတ်ပြေးပါတယ်။ ဆိုရှယ်လစ်ပါတီမှာ ရန်ပုံငွေပြတ်နေလို့ ဦးကိုကိုကြီးက အလစ်သုတ်ပြီး ကိုယ်ရောင်ဖျောက်နေတာလို့ ဆိုပါတယ်။ ဒါတင်မကသေးပါဘူး ဝန်ကြီးချုပ်ဦးနုက သူပုန်ကို အပြတ်တိုက်ဖို့ ကြိုးစားနေချိန်မှာ အစိုးရအဖွဲ့ဝင် ဆိုရှယ်လစ်နဲ့ရဲဘော်ဝါတွေက သူပုန်နဲ့ တိတ်တဆိတ် ဆွေးနွေးပါတယ်။ ရဲဘော်ဝါဝန်ကြီးတစ်ဦးအိမ်မှာ ကွန်မြူနစ်နဲ့ရဲဘော်ဖြူ ကိုယ်စားလှယ်ကို လက်ခံထားပြီး ရာထူးအပေးယူလုပ်ဖို့ အစည်းအဝေး၄ကြိမ် ကျင်းပခဲ့ပါတယ်လို့ သိရပါတယ်။ ဆိုရှယ်လစ်နဲ့ရဲဘော်ဝါဝန်ကြီးတွေရဲ့နေရာကို ကွန်မြူနစ်နဲ့ ရဲဘော်ဖြူကိုပေးဖို့ ၁၉၄၉ ဇန်နဝါရီလမှာ ဆုံးဖြတ်ပါတယ်။ အဲဒီအကြောင်းကို ဦးနုသိတော့ "ဒါဟာ အစိုးရကာ ဒူးထောက်တာပဲ၊ ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့" ပြောပြီး သူပုန်ကို တိုက်ဖို့သာ ကြိုးပမ်းပါတယ်။ သူပုန်ကလည်း ဖဆပလကို ဖြုတ်ချပြီး အာဏာယူဖို့သာ စိတ်စောနေပြီး အချင်းချင်းစည်းလုံးအောင်မလုပ်နိုင်ကြပါဘူး။ ပြည်သူ့ ထောက်ခံမှုရအောင် မကြိုးစားကြပါဘူး။ သူပုန်တွေစည်းလုံးမှု ကင်းမဲ့နေချိန်မှာ အင်္ဂလန်နဲ့ အိန္ဒိယက ထောက်ပံ့မှုကြောင့် ဦးနုအစိုးရအင်အား ပြန်ကောင်းလာပါတယ်။ သူပုန်အားနည်းသွားပြီး အစိုးရပြန်အားကောင်းလာတဲ့အခါမှာ ဆိုရှယ်လစ်ပါတီဝင်တွေ အစိုးရအဖွဲ့ထဲ ပြန်ဝင်လာကြပါတယ်။ သူပုန်ကိုနေရာပေးဖို့ စီစဉ်ခဲ့တဲ့ ဆိုရှယ်လစ်ရဲ့လျှို့ဝှက်အကြံအစည်ကို မေ့ထားလိုက်ကြပါပြီ။ ဆိုရှယ်လစ်ဝန်ကြီး ၈ဦးပါတဲ့ အစိုးရအဖွဲ့ကို ၁၉၅၂ မေလ ၁၆ရက်နေ့မှာ ဖွဲ့စည်းလိုက်ပါတယ်ခင်ဗျား။ ။

အပိုင်း ၁၄

ဆရာမောင်မောင်ကြီးရဲ့ မြန်မာ့နိုင်ငံရေး အတွေးအခေါ်အပိုင်း(၁၃)မှာ ဂိုဏ်းဂဏအုပ်စုဖွဲ့ပြီး တစ်ဦးနဲ့တစ်ဦး အပြတ်တိုက်ချင်တဲ့အကျင့်ဆိုးကြောင့် ပါလီမန်ဒီမိုကရေစီစနစ် ပျက်စီးပြီး စစ်တပ်ကအာဏာသိမ်းလိုက်ပုံကို အကျဉ်းချုံးတင်ပြပါမယ်။

၁၉၄၇ အခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ၁၉၅၁မှာ တကြိမ်၁၉၅၆မှာတစ်ကြိမ်၊ ၂ကြိမ်ကျင်းပပါတယ်။ သက်တမ်း (၈)နှစ်ရှိတဲ့ ဒီမိုကရေစီအစိုးရ

ထဲမှာ အာဏာလုမှုတွေ ပြင်းထန်လာပါတယ်။ ဝန်ကြီး ၂၂ဦးရှိတဲ့ အစိုးရအဖွဲ့ထဲမှာ ဆိုရှယ်လစ်ပါတီဝင်က (၁၅)ဦး ဖြစ်နေတာကိုကြည့်ရင် ပါလီမန်မှာရော၊ ဖဆပလအဖွဲ့ချုပ်မှာရော ဆိုရှယ်လစ်တွေ လက်ဝါးကြီးအုပ်နေတာ သိသာထင်ရှားပါတယ်။ လွှတ်တော်အမတ် ၂၅၀ရှိတဲ့အနက် အတိုက်အခံ အမတ်ဦးရေက ၅၄ဦးသာရှိတာမို့ ဖဆပလအဖွဲ့ချုပ် ကြီးစိုးတဲ့ ပါလီမန် လွှတ်တော်ပါပဲ။ ၁၉၅၆ ဧပြီလမှာ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ကျင်းပပြီးစီးတဲ့အခါမှာ ဖဆပလအမတ်က (၁၄၁)ဦး၊ ဖဆပလကိုထောက်ခံတဲ့အမတ်က (၄၀)၊ စုစုပေါင်းထောက်ခံမဲ (၁၈၁)မဲရှိတာကြောင့် ဖဆပလ အစိုးရဟာ ပါလီမန်လွှတ်တော်ကို ကောင်းကောင်းကြီးစိုးနိုင်ပါတယ်။ ဒါပေမယ့် ဆိုရှယ်လစ် အချင်းချင်း နေရာလုရာက ဖဆပလအစိုးရအဖွဲ့ဟာ ၁၉၅၈မှာ နှစ်ခြမ်းကွဲသွားပါတယ်။ ဦးဗဆွေ၊ ဦးကျော်ငြိမ်း ခေါင်းဆောင်တဲ့ တွေငြိမ်းအုပ်စုနဲ့ သခင်တင်၊ သခင်ကျော်ဒွန်းခေါင်းဆောင်တဲ့အုပ်စုဆိုပြီး အုပ်စု နှစ်စု ကွဲသွားပါတယ်။ နောက်တော့ ဘယ်ပါတီမှာမှ မပါတဲ့ တသီးပုဂ္ဂလဦးနုက သခင်တင်၊ သခင်ကျော်ဒွန်းအုပ်စုကို ခေါင်းဆောင်လိုက်တဲ့အတွက် နုတင်အုပ်စု ဖြစ်လာပါတယ်။

နု–တင်အုပ်စုဟာ သန့်ရှင်းဖဆပလဖြစ်လာပြီး တွေငြိမ်းအုပ်စုက တည်မြဲဖဆပလ ဖြစ်လာပါတယ်။ အစိုးရအဖွဲ့မှာ ဝန်ကြီး ၃၀ရှိတဲ့အနက် သန့်ရှင်းအုပ်စုက ၁၅ဦး၊ တည်မြဲက ၁၅ဦး ဖြစ်နေပါတယ်။ လွှတ်တော်အမတ် ၁၂၉ဦးက သန့်ရှင်းကိုထောက်ခံပြီး ၁၁၉ဦးက တည်မြဲကိုထောက်ခံတဲ့အတွက် အမတ်အင်အား မတိမ်းမယိမ်း ဖြစ်နေပါတယ်။ ဒီနေရာမှာ အတိုက်အခံအမတ်တွေဟာ အလွန်အရေးပါလာပါတယ်။ အတိုက်အခံ အမတ်တွေ ထောက်ခံတဲ့ သန့်ရှင်းဖဆပလက ပါလီမန်လွှတ်တော်မှာ ထောက်ခံမဲ အများဆုံးရပြီး အစိုးရဖွဲ့နိုင်ပါတယ်။ အဲဒီမှာတင် သန့်ရှင်းဖဆပလနဲ့ တည်မြဲဖဆပလ တစ်ဦးနဲ့တစ်ဦး အပြတ်ရှင်းဖို့ ကြိုးစားပါတော့တယ်။ သူပုန်အားလုံးကို သန့်ရှင်းအစိုးရက လွှတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တဲ့ဟာကို တည်မြဲဖဆပလနဲ့စစ်တပ်က မကြိုက်ကြပါဘူး။ တည်မြဲဖဆပလဘက်က ပင်းနေတဲ့ စစ်တပ်ကို တန်ပြန်ဖို့အတွက် စစ်ရဲတပ်ဖွဲ့ရန်ကုန်ကို ရွှေ့ပြောင်းတာကိုလည်း စစ်တပ်က သဘောမကျပါဘူး။ နောက်ဆုံးအာဏာလွှဲပေးဖို့ စစ်တပ်ကတောင်းဆိုလာတာကို ဝန်ကြီးချုပ်ဦးနုက လိုက်လျော လိုက်ပါတယ်။

နိုင်ငံရေးပါတီတွေဖြစ်ပွားတဲ့ပဋိပက္ခမှာ စစ်တပ်က ဝင်ရောက်စွက်ဖက် နိုင်အောင် လမ်းခင်းပေးတာဟာ ဒီမိုကရေစီကို ကြိုးကွင်းစွတ်သလိုဖြစ်နေပါတယ်။ အိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီးနေဝင်းကို ၁၉၅၈အောက်တိုဘာလ ၂၈ရက်နေ့မှာ ပါလီမန်လွှတ်တော်က ခန့်အပ်လိုက်ပါတယ်။ အိမ်စောင့်အစိုးရ လက်ထက်မှာ ဦးနုခေါင်းဆောင်တဲ့ သန့်ရှင်းဖဆပလက ပြည်ထောင်စုပါတီလို့ အမည်ပြောင်းပြီး ၁၉၆၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ အပြတ်အသတ် အနိုင်ရရှိပြီး ပထစအစိုးရကို ဖွဲ့စည်းနိုင်ပါတယ်။ အမိန့်ပေးအုပ်ချုပ်တဲ့ စစ်အစိုးရကို မကျေနပ်တော့ စစ်တပ်နဲ့ ရောထွေးယှက်တင်ဖြစ်ခဲ့တဲ့ တည်မြဲဖဆပလကို မထောက်ခံဘူးပေါ့။ ဦးနုရဲ့ ပထစပါတီဟာ တည်မြဲဖဆပလနဲ့ တည်မြဲအလိုတော်ရိ စစ်တပ်ကိုထိုးနက်တိုက်ခိုက်ပြီးရွေးကောက်ပွဲ စည်းရုံးရေးဆင်းတဲ့အတွက် အပြတ်အသတ် အနိုင်ရရှိတာဖြစ်ပါတယ်။ ဒါပေမယ့် အာဏာပြန်ရလာတဲ့အခါမှာ စစ်တပ်နဲ့ ပြန်လည်သင့်မြတ်ရေးလုပ်ဖို့ ဦးနုကသတိမရဘူးလို့

ဆရာမောင်မောင်ကြီးကဆိုပါတယ်။ ဖဆပလအဖွဲ့ချုပ် နှစ်ခြမ်းကွဲသွား ချိန်ကစပြီး စစ်တပ်ဟာ နိုင်ငံရေးအင်အားစုတစ်စုအနေနဲ့ပါဝင်လာတာကို အသိအမှတ်ပြုပြီး မှန်ကန်စွာ ကိုင်တွယ်တတ်ဖို့ လိုပါတယ်တဲ့။

အာဏာပြန်ရလာတဲ့ ပထစပါတီနဲ့ တပ်မှူးတွေအကြား မယုံသင်္ကာဖြစ်တာ တွေလည်း ပိုများလာပါတယ်။ အစိုးရအနေနဲ့ ထိရောက်စွာအုပ်ချုပ်နိုင်ဖို့အတွက် စစ်တပ်ရဲ့ ကူညီပိုင်းပင်းဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် ပထစခေါင်းဆောင် ဝန်ကြီးချုပ်ဦးနုဟာ စစ်ခေါင်းဆောင်တွေကို စည်းရုံးသိမ်းသွင်းပြီး ရင်ကြားစေ့ဖို့ မကြိုးစားပါဘူး။ ရွေးကောက်ပွဲ ရှုံးသွားတဲ့တည်မြဲဖဆပလကို တရားဝင်အတိုက်အခံပါတီအဖြစ် အသိအမှတ်ပြုပြီး နားလည်မှုရအောင် လုပ်ထားနိုင်ပေမယ့် တည်မြဲဖဆပလနဲ့ ရောထွေးယှက်တင်ဖြစ်ခဲ့တဲ့ စစ်တပ်ကိုတော့ နိုင်ငံရေးဆွေးနွေးပွဲမှာ ထဲ့သွင်းဖို့တောင် မစဉ်းစားတော့ပါဘူး။ ဦးနုရဲ့ ပထစအစိုးရဟာ ပါလီမန်ဒီမိုကရေစီစနစ် အခြေမခိုင်သေးတာကို မေ့နေပုံရပါတယ်တဲ့။ စစ်တပ်ရဲ့ ပူးပေါင်းဆောင်ရွက်မှုမရရင် မလုပ်နိုင်တဲ့ ကိစ္စတွေအများကြီးရှိပါတယ်။ အိမ်စောင့်အစိုးရဟာ သူ့ဆောင်ရွက်ချက်ကို "ပြည်ရေးရွာမှု"ဆိုပြီး စာအုပ်ထုတ်ထားပေမယ့် ပထစအစိုးရက အသိအမှတ်ပြုတာ မဟုတ်ပါဘူး။ ဒါကြောင့်စစ်ခေါင်းဆောင်ပိုင်းက စိတ်နာတာလည်း ဖြစ်နိုင်ပါတယ်။ ဒေးကာနှက်ကိုရေးတဲ့ မိတ္တူဗလဋ်ကာစာအုပ်ကို ဘာသာပြန်ပြီး ၁၀တန်းကျောင်းသုံး အဖြစ် ပြဋ္ဌာန်းခဲ့တဲ့ ဝန်ကြီးချုပ်ဦးနုဟာ စစ်ခေါင်းဆောင် တွေနဲ့ ပြန်လည်သင့်မြတ်အောင် လုပ်ဖို့ သတိမရဘဲ ဖြစ်သွားပါတယ်။

စစ်ခေါင်းဆောင်ပိုင်းရဲ့ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ရယူဖို့ အရေးကြီးတယ်ဆိုတာကို ဦးနုကမေ့နေပုံရပါတယ်။ ရွေးကောက်ပွဲ အနိုင်ရတဲ့တရားဝင် အစိုးရခိုင်းတာကို စစ်တပ်က လုပ်ရမယ်လို့သာ မှတ်ယူထားပုံရပါတယ်။ ရွေးကောက်ပွဲ အနိုင်ရတာဟာ ပြည်သူတွေက လုပ်ပိုင်ခွင့်ပေးလိုက်တာဖြစ်လို့ ဒီအချက်တစ်ခုတည်းနဲ့ အစိုးရလမ်းစဉ်တွေကို အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ဦးနုအစိုးရက ယူဆထားပုံ ရပါတယ်။ ဒီလိုလုပ်တဲ့အတွက် အခြားအုပ်စုတွေကို ထိခိုက်သွားနိုင်တာကိုလည်း တွေးမိပုံ မရပါဘူး။ ဒါကြောင့် အိမ်စောင့် အစိုးရလက်ထက်က အနေအထားတွေကို ဂရုမစိုက်တော့ဘဲ ရွေးကောက်ပွဲအနိုင်ရတာနဲ့ မိမိအစီအစဉ်ကို အကောင်အထည်ဖော်ဖို့သာ ဦးနုက သန္နိဋ္ဌာန် ချထားပါတယ်။ စစ်တပ်ဟာ ဦးနုရဲ့ အစီအစဉ်ကို တန်ဖိုးမထားသလို ပြည်သူ့ဆန္ဒကိုလည်း မလေးစားပါဘူး။ ဘေးဖယ်ခံရတဲ့ ဗိုလ်နေဝင်းနဲ့ နောက်လိုက်စစ်ဗိုလ်တွေဟာ ဦးနုအစိုးရကို ဖြုတ်ချပြီး အာဏာသိမ်းဖို့ အချိန်အခါကို စောင့်နေတုန်း စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ဖို့ ရှမ်းကစပြီး တောင်းဆိုလာပါတယ်။ ဒါကို အကြောင်းပြပြီး ၁၉၆၂မှာ ဗိုလ်နေဝင်း ဦးဆောင်တဲ့ စစ်တပ်က အာဏာသိမ်းလိုက်တာပါပဲ။

၁၉၄၇ အခြေခံ ဥပဒေဟာ သဘောထားကွဲလွဲသူတွေ အတူတကွ နေနိုင် အောင် စီစဉ်ထားတဲ့စနစ်ဖြစ်ပါတယ်။ ဒါပေမယ့် ဆန့်ကျင်ဘက်နိုင်ငံရေး အယူအဆရှိသူတွေ အတူနေထိုင်နိုင်တဲ့အစဉ်အလာ မြန်မာပြည်မှာမရှိပါဘူး။ အင်္ဂလိပ်ရှိတုန်းက ယှဉ်တွဲနေထိုင်ခဲ့ ကြတဲ့ ဆန့်ကျင်ဘက်အုပ်စုတွေဟာ အင်္ဂလိပ်မရှိတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး အပြင်းအထန် တိုက်ဖို့သာ စိတ်ဝင်စားကြပါတယ်။ ရွေးကောက်ပွဲကိုလည်း တန်ဖိုးထားရကောင်းမှန်း

မသိပါဘူး။ စစ်တပ်အာဏာသိမ်းလို့ ပါလီမန်ဒီမိုကရေစီစနစ် နိဂုံးချုပ်သွားတာကို ပညာတတ်အနည်းငယ်က လွဲပြီးဘယ်သူကမှ စိတ်မကောင်း မဖြစ်ကြပါဘူးတဲ့။

ရှေ့အပတ်ကစပြီး လွှတ်တော်အစည်းအဝေးတွေမှာ ရောင်ပြန်ဟပ်နေတဲ့ မြန်မာ့နိုင်ငံရေး အတွေးအခေါ်ကို တင်ပြပါမယ်ခင်ဗျား။ ။

အပိုင်း (၁၅)

လွှတ်လပ်တဲ့ မြန်မာပြည်မှာ နိုင်ငံရေးအတိုက်အခံလုပ်တဲ့ အကျင့်ဓလေ့ ပေါ်ပေါက်လာရပုံကို ဆရာမောင်မောင်ကြီးရဲ့ မြန်မာ့နိုင်ငံရေး အတွေးအခေါ် အပိုင်း (၁၅)မှာ တင်ပြပါမယ်။

အခြေခံဥပဒေရေးဆွဲအတည်ပြုတဲ့ တိုင်းပြုပြည်ပြုလွှတ်တော်နဲ့ လွပ်လပ်ရေးရပြီး ကျင်းပတဲ့ ပါလီမန်လွှတ်တော်တွေမှာ ဖဆပလအဖွဲ့ချုပ်ကကြီးစိုးပါတယ်။ ဖဆပလအဖွဲ့ထဲမှာ တစ်ဦးချင်းအနေနဲ့ရော၊ ပါတီဝင်အနေနဲ့ရော ပါဝင်တာမို့ တသီးပုဂ္ဂလ အမတ်ရှိသလို ဆိုရှယ်လစ်နဲ့ကွန်မြူနစ်အမတ်လည်း ရှိပါတယ်။ နောက်တော့ ကွန်မြူနစ်နဲ့ ပြည်သူ့ရဲဘော်က တောခိုပြီး လက်နက်ကိုင်တော်လှန်ကြလို့ ပါလီမန်လွှတ်တော်မှာ ဆိုရှယ်လစ်ပါတီဝင်နဲ့ တသီးပုဂ္ဂလ အမတ်တွေပဲ ကျန်ပါတော့တယ်။ အားလုံးဖဆပလအဖွဲ့ဝင်တွေ ဖြစ်နေလို့ ဖဆပလ အစိုးရကို အတိုက်အခံ လုပ်မယ့်သူ ပါလီမန် လွှတ်တော်မှာ မရှိသေးပါဘူး။ တပြည်လုံးမှာ သူပုန်ထနေပေမယ့် လွှတ်တော်အစည်းအဝေးပုံမှန်ကျင်းပနိုင်တဲ့အတွက် စည်းလုံးညီညွတ်တဲ့လွှတ်တော်လို့ခေါ်နိုင်ပါတယ်။ ၁၉၅၀မှာ အာဏာရ ဖဆပလအဖွဲ့ဝင် ဆိုရှယ်လစ်ပါတီက ပါတီဝင် အချို့ခွဲထွက်ပြီး သီးခြားပါတီ တည်ထောင်တော့မှ လွှတ်တော်ထဲမှာ အတိုက်အခံပေါ်ထွက်လာတာ ဖြစ်ပါတယ်။

မြောက်ကိုးရိုးယားနဲ့တောင်ကိုးရိုးယားစစ်ဖြစ်တဲ့ကိစ္စမှာ ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ဖဆပလအစိုးရက ထောက်ခံပေမယ့် ဖဆပလအဖွဲ့ဝင်ဆိုရှယ်လစ်တွေဖြစ်တဲ့ သခင်လွင် နဲ့ သခင်လှကြွေက ကန့်ကွက်ကြပါတယ်။ အဲဒါကြောင့် ၁၉၅၀ စက်တင်ဘာလ ၂၀ရက်နေ့မှာ ၂ယောက်စလုံးကို ဖဆပလအဖွဲ့က ထုတ်ပစ်လိုက်ပါတယ်။ ကွဲလွဲတဲ့သဘောထားရှိသူကို ပါတီကလက်မခံနိုင်ကြောင်း ပြသလိုက်တာပါပဲ။ အထုတ်ခံရပြီး ၂လအကြာ ဒီဇင်ဘာလမှာ သခင်လွင်နဲ့ သခင်လှကြွေက အလုပ်သမား၊ လယ်သမားပါတီကို တည်ထောင်ပါတယ်။ မက်စ်ဝါဒကိုလေ့လာပြီး ကွန်မြူနစ်အယူအဆကို လက်ခံတဲ့ ဆိုရှယ်လစ်ဖြစ်လို့ သူတို့ကို ဆိုရှယ်နီလို့ခေါ်ကြပါတယ်။ ၁၉၅၁ ရောက်တော့ အတိုက်အခံဆိုရှယ်နီအမတ် ၁၀ဦးရှိလာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့အကို ဦးအောင်သန်း ခေါင်းဆောင်တဲ့ လွှတ်တော်အမတ် ၇ဦး ဖဆပလက ခွဲထွက်တဲ့အခါမှာ အတိုက်အခံဦးရေ တိုးပွားလာပါတယ်။ ဒါပေမယ့် တသီးပုဂ္ဂလအမတ်တွေကို ထဲ့ပြီးရေတွက်ရင်တောင် အတိုက်အခံအမတ်ဟာ ၃၀မကျော်ပါဘူး။ ဖဆပလအမတ်က ၂၀၀ ကျော်ရှိနေပါတယ်။ အခုလိုအတိုက်အခံ အမတ်ရှိလာတာကို ဖဆပလ အဖွဲ့ဝင် ပဲခူးအမတ် ဗိုလ်ခင်မောင်က ကြိုဆိုပေမယ့် ဖဆပလအစိုးရကတော့ စက်ဆုပ်ရွံရှာစရာအဖြစ် မြင်ပြီး မထေမဲ့မြင် ပြုပါတယ်။ အာဏာရပါတီကခွဲထွက်ပြီး အတိုက်အခံလုပ်နေတာကို အခံရခက်နေပုံ

ရပါတယ်။ အတိုက်အခံ လုပ်သူတွေကို အဖျက်သမား၊ ဂိုဏ်းဂဏသမားလို့ ဖဆပလ အတွင်းရေးမှူးက စွတ်စွဲဖူးပါတယ်။

အတိုက်အခံအမတ်ကို အာဏာရပါတီက မထီလေးစားလုပ်ပြီး လှောင်ပြောင်ကဲ့ရဲ့တာ များလာတဲ့အတွက် ၁၉၅၁ မတ်လ ၁၉ရက်နေ့ ပါလီမန်အစည်းအဝေးပြီးတဲ့အခါမှာ အတိုက်အခံအမတ် ၁၈ဦးဟာ အပြင်မထွက်ဘဲ လွှတ်တော်ထဲမှာ ၂၄နာရီထိုင်သပိတ်မှောက်ခဲ့ပါတယ်။ ပါလီမန် ဒီမိုကရေစီသမိုင်းမှာ အခုလို လွှတ်တော်အမတ်သပိတ်မှောက်တာမျိုးဟာ ကြုံတောင့်ကြုံခဲတဲ့ ဖြစ်ရပ်ပါ။ သပိတ်မှောက်ရတဲ့ အကြောင်းရင်းတွေထဲမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးမရရှိမှု၊ အစည်းအဝေးမှာ အဆိုတင်သွင်းခွင့်မရမှု၊ အတိုက်အခံကို ပြောခွင့်မရအောင် တမင်လုပ်ထားမှု စတာတွေပါဝင်ပါတယ်။ အတိုက်အခံအမတ်ရဲ့ တောင်းဆိုချက်ကို မလေးစားဘူးလို့လည်း ဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပါလီမန်လွှတ်တော်မှာ အတိုက်အခံအမတ်တွေ သက်ဝင်လှုပ်ရှားလာတာဟာ ထူးခြားမှုတစ်ခုဖြစ်ပါတယ်။ အစိုးရအဆိုပြုတာကို အလေးအနက် မဆွေးနွေးဘဲ အမြဲတမ်း ထောက်ခံအတည်ပြုနေတဲ့ ပါလီမန်လွှတ်တော်ဟာ အင်မတန်ငြီးငွေ့ဖို့ ကောင်းတဲ့နေရာပါပဲ။ အတိုက်အခံအမတ်ရှိလာတော့ ပြောကြဆိုကြဝေဖန်ကြဖို့ အစိုးပွါယ်ရှိတာ မရှိတာ အပထား စိုစိုပြေပြေဖြစ်လာတာကတော့ သေချာပါတယ်။ လိမ္မာပါးနပ်စွာ အကွက်ကျကျ ဝေဖန်ပြောဆိုတာတွေ မကြာခဏလုပ်ကြပါတယ်။ အစိုးရအသံလွှင့်ဌာနဖြစ်တဲ့ မြန်မာ့အသံကို ဝါဒဖြန့်ဌာနအဖြစ်ဝေဖန်ရှုတ်ချကြပါတယ်။ အစိုးရရဲ့ ရသုံးခန့်မှန်းငွေဘတ်ဂျက်စာရင်း ကိုလည်း အမြဲတမ်းဝေဖန်ဆန်းစစ်ပြီး ဆွေးနွေးဝေဖန်ကြ ပါတယ်။

၁၉၅၂မှာ ပါလီမန်လွှတ်တော်ကို ပြန်လည်ကျင်းပတဲ့အခါ တသီးပုဂ္ဂလရခိုင်အမတ် ၁၃ယောက် အတိုက်အခံဘက်ကို ရောက်သွားပါတယ်။ ပြည်ထောင်စုထဲမှာ ရခိုင်ပြည်နယ်ရရှိဖို့ ရခိုင်အမတ်တွေတောင်းဆိုတာကို ဖဆပလ အစိုးရက လက်မခံနိုင်ပါဘူး။ အမတ်အင်အား ၁၈၀လောက်ရှိတဲ့ ဖဆပလကို အတိုက်အခံက မလှန်နိုင်ပါဘူး။ ဒါပေမယ့် အတိုက်အခံမှာ ဆွေးနွေးခွင့်ရှိတာမို့ အာဏာရအစိုးရကိုဝေဖန်သုံးသပ်နိုင်ပါတယ်။ အစိုးရဟာ လိုချင်သလို လုပ်နိုင်ပေမယ့် အနည်းဆုံး အဝေဖန်ခံရသေးတာကြောင့် နေမထိထိုင်မသာ ဖြစ်နေတဲ့ အချိန်ကာလပါပဲ။ အပြင်မှာ မပြောရဲတဲ့ အကြောင်းအရာကို ပါလီမန်လွှတ်တော်ထဲမှာ လွတ်လပ်စွာဝေဖန်သုံးသပ်တဲ့ဓလေ့ကို စမ်းသပ်လေ့ကျင့်ချိန်လည်းဖြစ်ပါတယ်။ ပါလီမန်လွှတ်တော်ထဲမှာ ဒီမိုကရေစီအပြည့်အဝရနေချိန်ပဲ ဖြစ်ပါတယ်။ အစိုးရအမှုထမ်းတွေ အာဏာအလွဲသုံးစားလုပ်ပြီး ကိုယ်ကျိုးရှာမှု၊ တရားစီရင်ရေးမှာ စွက်ဖက်မှု၊ ပြည်သူ့ဘဝကိုလစ်လျူရှုမှုစတဲ့ မကောင်းမှုတွေကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတိုက်အခံအမတ်က လွှတ်တော်မှာ ဖော်ထုတ်ကြပါတယ်။ အဲဒီအချိန် နယ်ဘက်မှာ လက်နက်ကိုင်တော်လှန်နေတာကြောင့် အစိုးရက သူပုန်ကိုအပြစ် ပုံချတာမျိုးလည်းရှိပါတယ်။ အတိုက်အခံအမတ်ကို ကွန်မြူနစ်ရဲ့ ရှေ့နေလို့ အစိုးရက မြင်ပါ တယ်။

ပြည်သူလူထုဟာ သူပုန်ကိုကြောက်ရသလို အစိုးရက ပုဒ်မ၅နဲ့ထောင်ချပစ်မှာ ကိုလည်းကြောက်နေရပါတယ်။ "ပြောက်ကျားကြောက်ရတာက ဂုတ်ပေါ်ဓါးဝဲ၊ အစိုးရကြောက်ရတာကတော့ ပုဒ်မ၅ပဲ"လို့ အဲဒီခေတ်က ပြောလေ့ရှိပါတယ်တဲ့။ အစိုးရဘက်ကအပြစ်ကို ဝန်မခံသလို အတိုက်အခံဘက်ကလည်း အမှားကိုဝန်မခံပါဘူး။

ကွယ်ရာမှာ ကွန်မြူနစ်သူပုန်နဲ့ ဆက်သွယ်ပြီး ပါလီမန်လွှတ်တော်မှာ အသံကောင်းဟစ်နေတယ်ဆိုတဲ့ အစိုးရရဲ့ လက်သုံးစကား ကိုလည်း မကြာမကြာ ကြားရပါတယ်။ အစိုးရဟာ အတိုက်အခံကိုလေးလေးစားစားဆက်ဆံချင်တာ မဟုတ်ပါဘူး။ ရှေ့နေချုပ်ကတောင် အတိုက်အခံကို အပြစ်တင်ဖို့ ဝန်မလေးပါဘူး။ အတိုက်အခံက ကန့်ကွက်တာကို အလကား ကပ်နေတာပါလို့ ရှေ့နေချုပ်က ပြောတာဟာ ဥပဒေပညာရှင်နဲ့မတူဘဲ နိုင်ငံရေးသမားနဲ့ တူနေတယ်လို့ ဆရာမောင်မောင်ကြီးက သုံးသပ်ပါတယ်။ အစိုးရလုပ်တာ အားလုံးကောင်းပြီး အတိုက်အခံလုပ်တာ တစ်ခုမှမကောင်းဘူးဆိုတဲ့အမြင် ဖဆပလအစိုးရမှာ ရှိတယ်လို့ ဆိုရှယ်နီအမတ်တစ်ဦးက ထောက်ပြဖူးပါတယ်။ အတိုက်အခံကို လစ်လျူရှုထားဖို့ ဒါမှမဟုတ်လည်း မလှုပ်နိုင်အောင် ဖိထားဖို့ ရည်ရွယ်တာဟာ ဗမာမင်းစိတ်ဓါတ်မျိုးပဲလို့ ဆိုပါတယ်။ ဗမာဘုရင်ခေတ်မှာ အတိုက်အခံလုပ်သူကို အဖျက်သမား လို့ယူဆသလို ဖဆပလခေတ်မှာလည်း ယူဆနေတုန်းပါပဲ။ နိုင်ငံရေးပါတီအချင်းချင်း အပေးအယူ လုပ်တဲ့ ဒီမိုကရေစီသဘောကို နားမလည်ကြသေးပါဘူး။ ၁၉၅၆ကို ရောက်မှပဲ ကွဲလွဲတဲ့အမြင်နဲ့ ခြားနားတဲ့ အယူအဆရှိတာဟာ သဘာဝပဲဆိုတာကို အစိုးရဘက်က လက်ခံလာကြပါတယ်။ ဒါဟာကောင်းတဲ့ အလားအလာပဲလို့ ဆရာမောင်မောင်ကြီးက သုံးသပ်ထားပါတယ်ခင်ဗျား။

## အပိုင်း ၁၆

အတိုက်အခံတွေပေါင်းစည်းထားတဲ့ ပမညတခေါ် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု ပေါ်ထွက်လာတဲ့အတွက် အစိုးရနဲ့ဆက်ဆံရေးပုံစံ ပြောင်းလဲလာပုံကို တင်ပြပါမယ်။

နိုင်ငံရေးပါတီ၊ လုထုလူတန်းစားအဖွဲ့၊ လူမျိုးစုအဖွဲ့နဲ့ တသီးပုဂ္ဂလနိုင်ငံရေးသမားတွေပါဝင်တဲ့ ပမညတအဖွဲ့ကို ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့မှာ ဖွဲ့စည်းပါတယ်။ ၁၉၅၆ ဧပြီလ ၂၇ ရက်နေ့မှာ ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပပြီး မေလ၃-ရက်နေ့မှာ ပါလီမန်လွှတ်တော်အစည်းအဝေးကို ဒုတိယအကြိမ် စတင်ကျင်းပတော့ အတိုက်အခံလွှတ်တော်အမတ်ဦးရေဟာ ၅၄ ယောက်အထိ တိုးပွားလာပါတယ်။ ဒါပေမယ့် အမတ်ဦးရေ ၁၆၀ ရှိတဲ့ဖဆပလဟာ လွှတ်တော်ကို ကြီးစိုးနေဆဲပါပဲ။ ပမညတဘက်က တရားသူကြီးဟောင်း ဦးအေးမောင်၊ ကုန်သွယ်ရေးဝန်ကြီးဌာနအတွင်းဝန်ဟောင်း ဆိုရှယ်နီ ဦးဘငြိမ်း၊ တသီးပုဂ္ဂလ ကွန်မြူနစ်ဦးသိန်းဖေမြင့်စတဲ့ ပုဂ္ဂိုလ်တွေပါဝင်လာလို့ ပိုပြီးတော့ အားကောင်းလာပါတယ်။ လွှတ်တော်ကိစ္စမှာ ယာယီဥက္ကဋ္ဌက ကြီးကြပ်ရပါတယ်။ မှုမှုနွေးနွေး ရွေးကောက်ပွဲမှာ ပြိုင်ဆိုင်လာခဲ့ကြသူတွေဖြစ်လို့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တဖက်နဲ့တဖက် အပြန်အလှန်အပြင်းအထန် × × × × × × × × ဆိုတာမျိုးတွေလည်း နည်းပါးလာပါတယ်။ လွှတ်တော်တက်နေတဲ့ အမတ်မှာ လွှတ်ငြိမ်းချမ်းသာခွင့်ရှိပေမယ့် ပမညတအဖွဲ့ဝင် ပုသိမ်အရှေ့ပိုင်းအမတ် ဦးအောင်မိုးကို သူပုန်နဲ့ဆက်သွယ်မှုနဲ့ လွှတ်တော်အစည်းအဝေးတက်နေတုန်း ၁၉၅၆ စက်တာ ၃ ရက်နေ့မှာ ရာဇဝတ်မှုနဲ့ ဖမ်းဆီးလိုက်ပါတယ်။ × × × × × × လွှတ်တော်ဥက္ကဋ္ဌကခွင့်မပြုတဲ့အတွက်ပမညတအမတ်တွေ လွှတ်တော်အစည်းအဝေးက ထွက်ခွာပြီး ကန့်ကွက်ဆန္ဒပြကြပါတယ်။ ဒါပေမယ့် နောက်တနေ့မှ လွှတ်တော်ဥက္ကဋ္ဌကို ပမညတကတောင်းပန်လိုက်ပါတယ်။ အယင်ကတော့ လွှတ်တော်ဥက္ကဋ္ဌကို ရှိသေလေးစား

ကြပေမယ့် ဒီလိုတောင်းပန်တာမျိုးမလုပ်ခဲ့ဖူးပါဘူးတဲ့။ × × × × × × × × × အယင်ကလို ဒေါသတကြီး ဝေဖန်တိုက်ခိုက်တာမျိုး မလုပ်ကြတော့ပါဘူး။ တပြည်လုံးဒုက္ခရောက်နေတာ သူပုန်ကြောင့်ဖြစ်ပေမယ့် အစိုးရမှာလည်း တာဝန်ရှိတယ်လို့ ပြောဆိုတာမျိုးတွေရှိလာပါတယ်။

ပြည်သူလူထုဟာ သူပုန်ရော၊ အစိုးရကိုရော ကြောက်နေရတာကို ကျွဲနှစ်ကောင်ကြားက မြေဇာပင်လိုဖြစ်နေရပုံကို ပမညတအမတ်တဦးက ထောက်ပြသွားပါတယ်။ အစိုးရလမ်းစဉ်ကို ထောက်ခံကြတာတွေလည်း တွေ့ရပါတယ်။ တရားဥပဒေစိုးမိုးရေး ဦးစားပေးတဲ့အစိုးရလမ်းစဉ်ကို ပမညတဘက်က ထောက်ခံကြပါတယ်။ ဒါပေမယ့် အစိုးရရဲ့ ပြည်တော်သာစီမံကိန်းမှာ ဝန်ကြီးနဲ့အတွင်းဝန်တွေပဲ သာယာဝပြောနေပြီး တပြည်လုံး ကိုလိုနီခေတ်ထက် ဆိုးဝါးနေတယ်လို့ ပမညတကဆိုပါတယ်။ အစိုးရနဲ့ အတိုက်အခံဆက်ဆံရေး ကောင်းမွန်လာတယ်ဆိုပေမယ့် ပမညတကတင်သွင်းတဲ့ အဆိုကို လွှတ်တော်ကအမြဲတမ်း ပယ်ချပါတယ်။ အနုမြူလက်နက်စမ်းသပ်ဖောက်ခွဲမှု ပိတ်ပင်ရေးနဲ့ အနုမြူစွမ်းအင် ငြိမ်းချမ်းစွာ အသုံးပြုရေးအဆိုတခုမှာသာ အတိုက်အခံဘက်က တင်သွင်းတာကို အစိုးရကထောက်ခံတာတွေ့ရပါတယ်တဲ့။ ပြစ်မှုကျူးလွန်ခဲ့တဲ့ တိုင်းပြည်ကို တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို အစိုးရက ရှင်းပြရာမှာ အပေါက်အလမ်းမတည့်ဖြစ်နေတဲ့အတွက် အတိုက်အခံဘက်က ဝင်ရောက်ရှင်းပြတာကို ကျေးဇူးတင်ကြောင်း အာဏာရပါတီဘက်ကပြောတာမျိုးတွေလည်း ရှိလာပါတယ်။

အခြေခံဥပဒေနဲ့ ပါလီမန်ဒီမိုကရေစီကို သစ္စာရှိတဲ့ အတိုက်အခံပါတီရှိရမယ် ဆိုတာကို နားလည်စပြုလာတာကို လွှတ်တော်အမတ်တွေပြောတဲ့ မိန့်ခွန်းတွေမှာ အများကြီး တွေ့ရတယ်လို့ ဆရာမောင်မောင်ကြီးက ဆိုပါတယ်။ ပါလီမန်ဒီမိုကရေစီကို အပြည့်အဝ ယုံကြည်လို့ လွှတ်တော်အမတ်ဖြစ်လာရပုံ ကွန်မြူနစ်အမတ်တဦးက ပြောတာကို ပြန်ကြားရေးဝန်ကြီးက ချီးကျူး လိုက်ပါတယ်။ စစ်ပြီးခေတ်မှာ ကြုံတွေ့ခဲ့တဲ့ အစဉ်အလာကြောင့် ဖဆပလအဖွဲ့ဟာ ပါလီမန်လွှတ်တော်ကို အမြဲတမ်းကြီးစိုးချင်ပေမယ့် အတိုက်အခံအနည်းငယ်ရှိလာတဲ့အတွက် စိတ်သွားတိုင်းကိုယ်မပါဘဲဖြစ်နေပါတယ်။ ၁၉၅၆ ရွေးကောက်ပွဲတုန်းက ပြည်နဲ့မမြို့လိုမြို့ကြီးတွေမှာ အတိုက်အခံဘက်က အနိုင်ရသွားတာကိုကြည့်ရင် ဖဆပလအဖွဲ့ကို အယုံအကြည်နည်းလာတာ ပြသရာရောက်ပါတယ်။ ရွေးကောက်ပွဲမှာ အစိုးရဘက်က မတရားလုပ်တာမျိုးကို အတိုက်အခံဘက်ကလည်း ဖော်ထုတ်ကြပါတယ်။ ခါးပိုက်ဆောင်တပ်၊ ခါးပိုက်ဆောင်အမှုထမ်း၊ ခါးပိုက်ဆောင်အသံလွှင့်ဌာန၊ ခါးပိုက်ဆောင် သံယာတွေကို အသုံးပြုပြီး ရွေးကောက်ပွဲနိုင်အောင် လုပ်တယ်လို့ ပမညတဘက်ကဆိုပါတယ်။ ပါလီမန်လွှတ်တော်တွင်းမှာ ဖဆပလဦးရေက အများဆုံးဖြစ်တဲ့အတွက် လိုချင်သလို လုပ်နိုင်တဲ့အနေအထားမှာ ရှိပေမယ့် လက်တဆုပ်စာသာရှိတဲ့ အတိုက်အခံက စောင့်ကြည့်ပြီး ဝေဖန်သုံးသပ်နေတဲ့အတွက် ထင်သလိုမလုပ်နိုင်တော့ပါဘူး။ ဒါပေမယ့် လွှတ်တော်ကို အပိုင်စီးဖို့ ဖဆပလက ကြိုးစားနေတုန်းပါပဲ။ ဒီမိုကရေစီနိုင်ငံတွေမှာ လွှတ်တော်ကို ကြီးစိုးဖို့ အာဏာရအစိုးရက ရည်ရွယ်ပေမယ့် အတိုက်အခံပါတီကိုတော့ ရိုသေလေးစားကြပါတယ်။ အမြုတ်တိုက်ပြီး ဒိုင်းပယ်ထားဖို့ မကြိုးစားကြပါဘူး။ အင်္ဂလိပ်က ဒိုင်အာခီအုပ်ချုပ်ရေးကျင့်သုံးပေးတာဟာ ဆန့်ကျင်ဘက်အုပ်စုတွေ အတူတကွလုပ်နိုင်အောင် စီစဉ်ပေးတာပါပဲ။

ဒါပေမယ့် ဦးစောဝန်ကြီးချုပ်ဖြစ်လာတော့ အတိုက်အခံလုပ်သူကို အပြစ်ရှာပြီး ထောင်ချမ်းပါတော့တယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်မှာ သစ္စာရှိအတိုက်အခံရှိသင့်တယ်ဆိုတာကို ၁၉၅၆ နောက်ပိုင်းရောက်မှ သဘောပေါက်လာကြတယ်လို့ ဆရာမောင်မောင်ကြီးက သုံးသပ်ထားပါတယ်ခင်ဗျား။ ။

အပိုင်း ၁၇

ဖဆပလအစိုးရနဲ့ တရားရေးဌာနရဲ့ ဆက်ဆံရေးအကြောင်း ဆရာမောင်မောင်ကြီးရဲ့ မြန်မာ့နိုင်ငံရေးအတွေးအခေါ် အပိုင်း ၁၇ မှာ ဒီကနေ့တင်ပြပါမယ်။

တရားဥပဒေစိုးမိုးရေးဟာ ဒီမိုကရေစီရှင်သန်ရေးရဲ့ အခြေခံဖြစ်တယ်လို့ ဖဆပလအစိုးရက ပြောလေ့ရှိပေမယ့် တရားဥပဒေစိုးမိုးဖို့ တရားဌာနက ဘယ်လောက်ထိ လွတ်လွတ်လပ်လပ်နိုင်တယ်ဆိုတာကို ခန့်မှန်းရခက်တယ်လို့ ဆိုပါတယ်။ "တရားရေးဌာန လွတ်လပ်ရဲ့လား" ဆိုတဲ့ဆောင်းပါးကို ပုံနှိပ်ထုတ်ဝေတဲ့ New Time of Burma သတင်းစာကို ၁၉၅၄ ခုနှစ်မှာ တရားရုံးကို မထေမဲ့မြင်ပြုမှုနဲ့ အဏ်ငွေရိုက်ခဲ့ပါတယ်။ တရားစီရင်ရေးမှာ အစိုးရက တိုက်ရိုက်စွက်ဖက်တာမျိုး မရှိသလောက်ဖြစ်ပေမယ့် သွယ်ဝိုက်တဲ့နည်းနဲ့ ဖိအားပေးတာမျိုးတွေတော့ ရှိနိုင်ပါတယ်တဲ့။ နိုင်ငံရေးမငြိမ်မသက်ဖြစ်နေတဲ့ တိုင်းပြည်မျိုးတွေမှာ အစိုးရစွက်ဖက်မှုနဲ့ မကင်းနိုင်ပါဘူး။ နယ်ရုံးတွေက တရားသူကြီးထက် တရားရုံးချုပ်တရားသူကြီးကပိုပြီး လွတ်လပ်ပါတယ်။ ဒါပေမယ့် အစိုးရကို ကြောက်နေရတာနဲ့ တရားရေးဌာနမှာ တာဝန်မကျေတာတွေ အများကြီးရှိတယ်လို့ တရားရုံးချုပ် တရားသူကြီးဟောင်း ဦးအေးမောင်က ပြောပါတယ်။ မှန်မှန်ကန်ကန်လုပ်နိုင်သလားဆိုတာကို မကြောက်မရွံ့ စစ်ဆေးဖို့လိုပေမယ့် လက်ရှိတရားဌာနဟာ အစိုးရကိုကြောက်နေရလို့ ဒီလိုလုပ်ရဲမှာ မဟုတ်ဘူးလို့ဆိုပါတယ်။

ပါလီမန်အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်ပူးတွဲ အစည်းအဝေးကျင်းပပြီး တရားရုံးချုပ်တရားသူကြီးတွေကို ခန့်အပ်တာကြောင့် အစိုးရက ထောက်ခံတဲ့ ဥပဒေပညာရှင်တွေသာ တရားရုံးချုပ်အထိ ရာထူးတက်နိုင်ပါတယ်။ ဖဆပလဘက်တော်သား ရှေ့နေချုပ်ကို ၁၉၅၄ မှာ ပူးတွဲလွှတ်တော်က မဲဆန္ဒပေးပြီး တရားရုံးချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာကို ကန့်ကွက်တဲ့အမတ်တဦးသာ ရှိပါတယ်။ တရားရေးကိစ္စတွေမှာ အစိုးရ တိုက်ရိုက်ဝင်ရောက်စွက်ဖက်ဖို့ ကြိုးစားတာမျိုးတွေရှိနိုင်ပေမယ့် သက်သေအထောက်အထား မတွေ့ရဘူးလို့ဆိုပါတယ်။ အောက်ရုံးတရားသူကြီး တဦးကို ဝန်ကြီးတဦးက × × × × × ×

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×

တရားသူကြီးတွေ လွတ်လပ်စွာ တာဝန်ထမ်းဆောင်နိုင်ရဲ့လားဆိုတာကို သိရှိရအောင် ၁၉၅၃ မှာ ရေစကြိုအမတ်က အဆိုပြုခဲ့ပါတယ်။ ဖဆပလနောက်ယှက်မှုကြောင့် တရားစီရင်ရေးမှာ အခက်အခဲရှိနေတာတွေကို ထောက်ပြပါတယ်။ ခါးမြကို ဖဆပလအဖွဲ့ဝင်က ကာကွယ်ထားတဲ့အတွက် အမှုမစစ်နိုင်တာမျိုးတွေရှိပါတယ်။ ဖဆပလစစ်ဗိုလ်တစ်ဦး မောင်းတဲ့ကားက တိုက်မိလို့ အတိုက်အခံပါတီဝင်တဦး သေဆုံးသွားတဲ့အမှုမှာ သက်သေမရှိလို့ တရားခံကို လွှတ်လိုက်ရပါတယ်။ တရားရုံးတွေက ဥပဒေအတိုင်းမလုပ်ဘဲ လွှတ်ချင်ရင်လွှတ်၊ ဖမ်းချင်

ရှင်ဖမ်း ထင်သလိုလုပ်နေတာကြောင့် ပေါက်ကရဝသတရားရုံးလို့ ခေါ်ကြပါတယ်။ အခုလို တရားရုံးတွေ အကျင့်ပျက်ရတာဟာ ဆိုရှယ်လစ်ပါတီကြောင့် ဖြစ်ပါတယ်တဲ့။

မှန်မှန်ကန်ကန်လုပ်တဲ့ ဝန်ထမ်းတွေကို ဆိုရှယ်လစ်ပါတီက မကြိုက်ပါဘူး။ ဆိုရှယ်လစ်ပါတီမကြိုက်တဲ့ တရားသူကြီးဟာ နယ်ပြောင်းခံရဖို့များပါတယ်။ မသွားချင်တဲ့ နေရာကိုသွားရတာဟာ အပြစ်ပေးတဲ့သဘောမျိုးပါပဲ။ ရေစကြိုအမတ်တင်ပြလာတဲ့တရားဌာန ရဲ့မတရားမှုတွေကို အစိုးရက ဂရုတစိုက်ပြကြားတာမျိုး မလုပ်ပါဘူး . အာဏာရပါတီဝင် ပါဝင်တဲ့အမှုတိုင်းမှာ မျှတစွာတရားမစီရင်နိုင်တာကို ကျေနပ်လောက်အောင် ပြည်ထဲရေးဝန် ကြီးက ရှင်းမပြနိုင်ခဲ့ပါဘူး။ ရုံးမရောက်တဲ့အမှုတွေကလည်း အများကြီးပေါ့။ ဆိုရှယ်လစ်ကို ဝေဖန်ရာမှာ နာမည်ကြီးတဲ့ ဝန်ကြီးဟောင်းဦးတင်ထွတ် ၁၉၄၇ စက်တင်ဘာလမှာ လုပ်ကြံ သတ်ဖြတ်ခံရတဲ့ကိစ္စဟာ အခုထက်ထိ လက်သည်မပေါ်သေးပါဘူး။ ဒီအမှုကို ဆိုရှယ်လစ် ပြည်ထဲရေးဝန်ကြီးက အသေအချာစုံစမ်း စစ်ဆေးတာမျိုးမလုပ်လို့ ဆိုရှယ်လစ် လက်ချက်နဲ့ ဦးတင်ထွတ်သေဆုံးရတယ်လို့ပဲ နောင်လာနောက်သားတွေက မှတ်ယူနေကြတာများပါ တယ်။ ၁၉၅၇ ရောက်တော့မှ အခြေအနေအနည်းငယ် ကောင်းမွန်လာပါတယ်တဲ့။ အဲဒီနှစ်မှာပဲ ပြူစောထီးပြည်သူ့စစ်ခေါင်းဆောင်တဦးကို အပြစ်ဒဏ်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဖဆပလခေါင်းဆောင်တဦး အပြစ်ဒဏ်ခံရအောင် သက်သေလိုက်တဲ့ အမျိုးသမီး တစ်ဦး အစပျောက်သွားပါတယ်။

နိုင်ငံရေး မတည်မငြိမ်ဖြစ်လို့ တရားရေးမှာ ကမောက်ကမဖြစ်နေရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သက်သေကို ရုံးမတင်နိုင်တဲ့ အမှုတွေအများကြီးရှိပါတယ်။ သက်သေမလိုက်နိုင်အောင် ခြိမ်းခြောက်တာမျိုးလည်းရှိပါတယ်။ သက်သေမပြနိုင်လို့ ကြန့်ကြာတဲ့အမှုတွေများပါတယ်။ (၉)နှစ် အချုပ်ခံရသူကို ထောင်ဒဏ် (၂)နှစ် ချတာမျိုး၊ အမှုမစစ်ဘဲ(၁၀)နှစ် ချုပ်ထားတာမျိုးလဲရှိပါတယ်။ တရားစီရင်ရေးမှာ နှောင့်နှေးကြန့်ကြာ တာကို တရားရေးဝန်ကြီးကိုယ်တိုင် ပါလီမန်လွှတ်တော်မှာ ဝန်ခံခဲ့ရပါတယ်တဲ့။ ဝါရင့် နိုင်ငံရေးသမားကြီး (၂) ဦးကို နိုင်ငံတော်သစ္စာဖောက်မှုနဲ့ ဖဆပလအစိုးရက ၁၉၅၄ ခုနှစ်မှာ ဖမ်းဆီးလိုက်ပါတယ်။ သစ္စာဖောက်မှုဖြစ်ပွားတာက ကြာလှပြီဖြစ်ပေမယ့် ၁၉၅၄ ရောက်မှ အစိုးရက ဖမ်းဆီးထောင်ချတာဖြစ်ပါတယ်။ အပြစ်ရှိသူကို ခွင့်လွှတ်ရင်လည်းရတယ်၊ အပြစ်ပေးရင်လည်းရတယ်ဆိုတာဟာ တရားဥပဒေစိုးမိုးရေးမဟုတ်ဘဲ လူပုဂ္ဂိုလ်စိုးမိုးရေးစနစ် ဖြစ်နေတယ်၊ လူပုဂ္ဂိုလ်ကြီးစိုးတဲ့စနစ်မှာ တရားဥပဒေဆိုတာမရှိနိုင်ဘူး။ ရာဇဝတ်မှုကျူးလွန် ပေမယ့် အာဏာရှိသူ မကျေမနပ်ဖြစ်တော့မှ အတိတ်ကကျူးလွန်ခဲ့တဲ့ပြစ်မှုနဲ့ အရေးယူတယ်၊ ဒီမိုကရေစီစနစ်မှာ အစိုးရဟာ ဘယ်လိုအခန်းကပါဝင်ရမှန်း မသိဖြစ်နေတယ်လို့ နေရှင်း သတင်းစာက ရေးသားပါတယ်။

ဖဆပလအစိုးရဟာ ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေးသဘောကို နားမလည် တဲ့အတွက် ဗမာမင်းခေတ်က ကျင့်သုံးခဲ့တဲ့ လူပုဂ္ဂိုလ်အုပ်ချုပ်ရေးစနစ်ကို မစွန့်လွှတ်နိုင် တာပါပဲတဲ့။ တရားဥပဒေမှာ လူပုဂ္ဂိုလ်ကို ထဲ့သွင်းစဉ်းစားတာမဟုတ်ပါဘူး။ အမှုမှာ ထွက်ပေါ်လာတဲ့အချက်အလက်တွေကိုကြည့်ပြီး ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလို ဥပဒေအတိုင်း အတိအကျလုပ်ရင် ဖဆပလထောက်ခံသူတွေကို ကူညီရာမရောက်ဘူးလို့ အစိုးရက ယူဆပါတယ်။ တရားဥပဒေအတိုင်းလုပ်လို့ ဖဆပလအဖွဲ့ဝင်တွေ ထောင်ကျ

ကုန်ရင် တဖွဲ့လုံးစိတ်ဓါတ်ကျကုန်မယ်လို့ ခေါင်းဆောင်ပိုင်းက ယူဆပုံရပါတယ်။ မြန်မာပြည်မှာ နိုင်ငံရေးပါတီထဲဝင်တယ်ဆိုတာဟာ ပါတီလမ်းစဉ်နဲ့ သဘောတရားကို ကြိုက်လို့မဟုတ်ဘဲပုဂ္ဂိုလ်ရေးအရ အဆက်အသွယ်ရှိလို့ ပါတီဝင်ဖြစ်လာကြတာများပါတယ်။ ဒါကြောင့် ပါတီရဲ့မူဝါဒလမ်းစဉ်ကို သစ္စာရှိစရာမလိုဘဲ ပါတီခေါင်းဆောင်ကိုသာ သစ္စာရှိဖို့ လိုပါတယ်။ စစ်ဖြစ်ခင်ကလည်းနိုင်ငံရေးခေါင်းဆောင်က နိုင်ငံရေးပါတီကို တည်ထောင်တာဖြစ်ပါတယ်။ လွတ်လပ်ရေးရလာလို့ ဖဆပလအဖွဲ့အာဏာရလာတော့လည်း အယင်အတိုင်းပါပဲ။ ခေါင်းဆောင်ကို ကိုးကွယ်ဆည်းကပ်တဲ့ နိုင်ငံရေးစနစ်ဖြစ်ပါတယ်။ ခေါင်းဆောင်က နောက်လိုက်ကို အကာအကွယ်မပေးနိုင်ရင် သစ္စာရှိတဲ့ပါတီဝင်တွေ နည်းပါးသွားလိမ့်မယ်လို့ တွက်ထားကြပါတယ်။ အာဏာရနိုင်ငံတော်အစိုးရဖြစ်တဲ့ ဖဆပလနဲ့ နိုင်ငံရေးပါတီဖြစ်တဲ့ ဖဆပလကို ခွဲခြားပြီးသိမြင်နိုင်စွမ်းမရှိကြပါဘူး။ အစိုးရတာဝန်ဟာ ဘက်မလိုက်ဘဲ မျှမျှတတဆောင်ရွက်ဖို့ဖြစ်တယ်။ ပါတီဝင်တွေကို ကာကွယ်ဖို့ မဟုတ်ဘူးဆိုတာ ဖဆပလအစိုးရဟာ အသက်ကုန်ကာနီးမှ သဘောပေါက်လာတာလို့ ဆရာမောင်မောင်ကြီးက ဆိုပါတယ်ခင်ဗျား။ ။

အပိုင်း ၁၈

အစိုးရကို မကောင်းဆိုးဝါးအဖြစ်သတ်မှတ်တဲ့ ဗမာမင်းခေတ်က အယူအဆကို ဘယ်လောက်ထိ လက်ခံနေသေးသလဲဆိုတာနဲ့ ပတ်သက်ပြီး ဆရာမောင်မောင်ကြီးက ဆန်းစစ်ထားတာကို မြန်မာ့နိုင်ငံရေးအတွေးအခေါ် အပိုင်း ၁၈မှာ ဒီကနေ့တင်ပြပါမယ်။ အစိုးရနဲ့ မပတ်သက်ချင်ပေမယ့် နေရာတကာမှာ အစိုးရကိုအားကိုးချင်ပြီး အစိုးရကသာ နေရာတကာမှာ စွမ်းဆောင်နိုင်တယ်လို့ ယုံကြည်ပုံကိုလည်း ဆန်းစစ်ထားပါတယ်။

ရှေးဟောင်းအယူအဆအစွဲအလမ်းတွေဟာ အင်္ဂလိပ်ကိုလိုနီခေတ်မှာလည်း တနည်းမဟုတ် တနည်းရှင်သန်ခဲ့ပြီး ကနေ့ခေတ်အထိ ဆက်လက်ရှင်သန်နေတာတွေ့ရပါတယ်တဲ့။ ဖဆပလအစိုးရ အဖွဲ့ဝင်ဝန်ကြီးတစ်ဦးကို ၁၉၅၅မှာ သတင်းထောက်တစ်ဦးက တွေ့ဆုံမေးမြန်းတော့ "ကျုပ်တို့ဟာ ရန်သူမျိုးငါးပါးအကြောင်း ငယ်စဉ်ကတည်းက ကြားဖူးခဲ့ကြတယ်။ ရေ၊ မီး၊ မင်း၊ ခိုးသူနဲ့ မချစ်မနှစ်သက်သူကို ရန်သူမျိုး ငါးပါးလို့ နားလည်တဲ့အတိုင်း အစိုးရကို မကောင်းဆိုးဝါးရန်သူအဖြစ် အတတ်နိုင်ဆုံးရှောင်ကျဉ်ကြဖို့ သင်ကြားတဲ့အတိုင်း ကျုပ်တို့ယုံကြည်ခဲ့ကြတယ်လို့ အဲဒီဝန်ကြီးကပြောပါတယ်။ မင်းကို ရန်သူမျိုးငါးပါးထဲ ထည့်ထားတဲ့အတွက် "မင်း"ဆိုတဲ့ ဝေါဟာရကို သင့်တော်သလို အစားထိုးသင့်တယ်လို့ လွှတ်တော်အမတ်တစ်ဦးက ဖဆပလအစိုးရကို တင်သွင်းခဲ့ဖူးပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း အစိုးရနဲ့ပြည်သူအတူတူ ဖြစ်နေပြီမို့ ရန်သူမျိုးငါးပါးထဲမှာ အစိုးရမပါတော့ဘူးလို့ ၁၉၆၄ ဇန်နဝါရီလမှာ ကျင်းပတဲ့ တောင်သူလယ်သမားပုပွားညီလာခံမှာ ပြောခဲ့ပါတယ်။ ဒါပေမယ့် လျော့ကြေးမပေးပဲ အတင်းအဓမ္မသိမ်းယူမှု၊ ထင်သလိုဖမ်းဆီးထိန်းသိမ်းမှု၊ ငွေစက္ကူတရားမဝင်ကြောင်း ကြေငြာမှု၊ အနိုင်ကျင့်မှုစတဲ့ ဆိုရှယ်လစ်အမည်ခံ စစ်အစိုးရရဲ့ မတရားမှုတွေကြောင့် ရန်သူမျိုး ငါးပါးထဲက အစိုးရမင်းကို ဖယ်ရှားဖို့ဆိုတာ ဗုဒ္ဓဘာသာမြန်မာတွေအတွက် မဖြစ်နိုင်သလောက်ပါပဲ။

အစိုးရကို ရန်သူလို့သတ်မှတ်ထားပေမယ့် တချိန်တည်းမှာပဲ မြန်မာတွေဟာ အစိုးရကို အားကိုးချင်တဲ့စိတ်ကလည်း ရှိနေပါတယ်တဲ့။ ဒီမိုကရေစီကျင့်သုံးတဲ့ခေတ်မှာ အစစအရာရာ အစိုးရကို အားကိုးတာကို ဖျောက်ဖျက်ဖို့လိုတယ်လို့ မြန်မာနိုင်ငံသုတေသန အသင်းဥက္ကဋ္ဌကလည်း ပြောဖူးပါတယ်။ မြန်မာတွေဟာ ကိုယ်နဲ့တိုက်ရိုက် မပတ်သက်တဲ့ ကိစ္စကို စိတ်မဝင်စားတဲ့အတွက် သက်သေလိုက်ရမှာနဲ့ အမှန်အတိုင်းပြောရမှာ သိပ်ကို ဝန်လေးတယ်လို့ ဆိုပါတယ်။ ရဲကို ကူညီဖို့ လူတိုင်းမှာ တာဝန်ရှိတာမို့ အင်္ဂလန်မှာ ရဲကို ကူညီတာဟာ ဓလေ့ထုံးစံလိုဖြစ်နေပေမယ့် မြန်မာနဲ့ အိန္ဒိယမှာတော့ သိပ်ရှားတဲ့ အပြုအမူပဲလို့ အိန္ဒိယဘုရင်ခံက ၁၉၂၆မှာ ရန်ကုန်တက္ကသိုလ်မှာ မိန့်ခွန်းပြောခဲ့ပါတယ်။ ကိုယ်နဲ့ မပတ်သက်တဲ့ကိစ္စကို စိတ်မဝင်စားတာဟာ ဒီမိုကရေစီကိုဆန့်ကျင်ရာ ရောက်ပါတယ်။ တရားရုံးမှာ သက်သေလိုက်ရင်တောင် အမှန်အတိုင်း မပြောချင်ကြဘူးလို့ အင်္ဂလိပ်အတွင်းဝန်ချုပ်က မှတ်ချက်ချပါတယ်။ မျက်မြင်သက်သေလိုက်သူကလည်း "ကျွန်တော် သတိမထားမိဘူး၊ အသေအချာမကြည့်မိဘူး"စသဖြင့် မတင်မကျ ပြောတာတွေ ရှိတယ်လို့ ဆိုပါတယ်။ ကိုယ်ကျိုး စီးပွားထိခိုက်နစ်နာမှာ စိုးရိမ်တဲ့အတွက် ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေကို ရှောင်ရှားတာဟာ ဒီမိုကရေစီနဲ့ မသင့်တော်တဲ့ စိတ်နေစိတ်ထားပါပဲတဲ့။ လွတ်လပ်ရေး ရတော့လည်း ပြည်သူ့အရေးကိစ္စမှာ မပတ်သက်ချင်တဲ့ စိတ်ရှိနေတုန်းပါပဲ။ အရပ်ထဲမှာ တစ်ခုခုဖြစ်ပြီဆိုရင် "သွားမကြည့်ကြနဲ့ဟေ့၊ သက်သေလိုက်နေရဦးမယ်"လို့ ပြောတာမျိုး မကြာခဏကြားရတယ်လို့ ဖဆပလ ပြည်ထဲရေးဝန်ကြီးက ၁၉၅၃မှာ ပြောဖူးပါတယ်။ ဒီလို မပတ်သက်ချင်တာဟာ ဗမာရဲ့အားနည်းချက်သာဖြစ်ပြီး နိုင်ငံရေးပါတီစနစ်နဲ့ မဆိုင်ဘူးလို့ အဲဒီဝန်ကြီးက ပြောသွားပါတယ်။

အထက်လူကြီးကို ဆန့်ကျင်တာဟာ အကျိုးမရှိဘူး၊ မယဉ်ကျေးဘူးလို့ ဗမာတွေ က ယူဆပါတယ်။ ဗမာမင်းလက်ထက်ကတည်းက ရလာတဲ့ အကျင့်မို့ အမြဲစွဲနေတဲ့ အတွက် ဖျောက်ဖျက်လို့ မရနိုင်သလို ဖြစ်နေပါတယ်။ အာဏာပိုင်ကို မဆန့်ကျင်ရဲတာဟာ ဗမာ့ဓလေ့ပဲ လို့ တရားမျှတရေးပါတီကို တည်ထောင်သူတရားသူကြီးဟောင်းဦးအေးမောင်က ပြောဖူးပါတယ်။ ရွေးကောက်ပွဲကျင်းပပုံကို မတရားဘူးထင်ရင် ပုန်ကန်ပြီး ညည်းညူနေမယ့် အစား တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် လူထုက ကြိုးစားရပါလိမ့်မယ်။ ဒါပေမယ့် လက်တွေ့မှာ ဒီလိုလုပ်ရမှာကို ကြောက်တဲ့လူက သိပ်များတယ်လို့ ဦးအေးမောင်က ဆိုပါတယ်။

အခွင့်အရေးလိုချင်လို့ အစိုးရကို မျက်နှာလိုမျက်နှာရ လုပ်တာဟာ ဒီကနေ့ထိ ရှင်သန်နေတဲ့ ဓလေ့ထုံးစံတစ်ခု ဖြစ်တယ်လို့ ဆရာမောင်မောင်ကြီးက ပြောပါတယ်။ ဗမာလူမျိုးအဖို့ မင်းမှုထမ်းဖြစ်လာတော့မှပဲ ကျေနပ်နှစ်သိမ့်နိုင်တဲ့ ဘဝအခြေအနေကို ရောက်လာပါတယ်တဲ့။ ပုဂ္ဂလိကစီးပွားရေးလောကမှာ အသက်မွေးဝမ်းကျောင်းပြုသူတွေကလည်း အစိုးရအမှုထမ်းလောကနဲ့ အဆက်အသွယ်ရှိဖို့ ကြိုးစားကြရပါတယ်။ အစိုးရနဲ့ အဆက်အသွယ်ရှိထားမှ ပူပင်သောက ကင်းဝေးနိုင်တဲ့သဘောပါပဲတဲ့။ မင်းမှုထမ်းဖြစ်ရတာ ဂုဏ်ရှိတယ်ဆိုတဲ့ အယူအဆကြောင့် အစိုးရရုံးမှာ ရရာနေရာက ဝင်လုပ်ချင်သူတွေ ပေါများပါတယ်။ ခေတ်တွေသာ ပြောင်းလာတယ်၊ မင်းဖြစ်ချင်တဲ့စိတ်ကတော့ မပြောင်းပါဘူး။ အင်္ဂလိပ်ကိုလိုနီခေတ်မှာ အစိုးရအရာထမ်းတွေမှာ အာဏာပါဝါနဲ့ အခွင့်အရေးတွေ

အများကြီးရှိတာမို့ ခေတ်ပညာတတ်အားလုံး အစိုးရအမှုထမ်းဖြစ်ချင်နေကြတဲ့အတွက် မင်းစိတ်နိုးစိတ်ဟာ ပိုပြီးတော့တောင် ပြင်းထန်လာသေးတယ်လို့ ပြောနိုင်ပါတယ်။ ကားပြင်တဲ့အလုပ်မျိုးဟာ အလုပ်ကြမ်းဖြစ်လို့ မလုပ်နိုင်ဘူး၊ သိက္ခာကျတယ်ဆိုပြီး သခင်ဆိုတဲ့လူငယ်တွေ ဘဝင်မြင့်ပြီး စိစာကြောင်ပုံကို BCS အရာရှိတစ်ဦး က မှတ်တမ်း တင်ထားပါတယ်။

လူငယ်တွေဟာ အစိုးရအရာရှိဖြစ်ရတဲ့အရသာ ခံစားလိုကြပါတယ်။ အစိုးရအရာထမ်းဖြစ်လာတာနဲ့ မင်းနိုးရာစာစိတ်ဝင်လာပြီး အားလုံးငါသိတယ်၊ ငါတတ်တယ်ဆိုတဲ့ အနေအထားမျိုးမှာ ရောက်နေကြပါတယ်။ အစိုးရအလုပ်မလုပ်တဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေကိုတောင် အထင်သေးလာပါတယ်။ လက်အောက်ငယ်သားကို ဖြုတ်နိုင်၊ ထုတ်နိုင်တဲ့ အာဏာရှိလာတာမျိုးကို သဘောကျတယ်ထင်ပါရဲ့။ ဒါကြောင့် မိဘတိုင်းဟာ သူတို့ရဲ့သားသမီးကျားတွေကို အစိုးရအရာရှိဖြစ်စေချင်ကြပါတယ်။ မိဘချမ်းသာရင်တော့ အရာရှိဖြစ်ဖို့ အလားအလာ ပိုကောင်းတာပေါ့။ ကိုလိုနီခေတ်မှာ ကျောင်းသားတိုင်း BA အောင်ပြီးတော့ မြို့အုပ်၊ ဝန်ထောက် လုပ်ချင်ကြပါတယ်။ မြို့အုပ်နဲ့ဝန်ထောက်ဆိုလူတိုင်းကြောက်နေကြတာမို့ BA အောင်သူတိုင်း ဖြစ်ချင်ကြတာလို့ သိပ္ပံမောင်ဝကရေးဖူးပါတယ်။ ဗမာပညာတတ်ဟာ ပုဂ္ဂလိကစီးပွားရေးကို စိတ်မဝင်စားကြဘဲ အစိုးရရုံးမှာ အကူစာရေးဝင်လုပ်ပြီး လခနည်းနည်းလေးရတာကိုပဲ သဘောကျနေကြတယ်လို့ အင်္ဂလိပ်ကုန်သည်တစ်ဦးက ရေးဖူးပါတယ်။ မင်းမှုထမ်းဖြစ်ရတာကို ဒီကနေ့ထိ ဂုဏ်ယူနေကြတုန်းပါပဲ။ ၁၉၅၅ခုနှစ်က အင်္ဂလိပ်စာရေးဆရာတစ်ဦး မြန်မာပြည်တခွင် ခရီးနှင်ပြီးလေ့လာခဲ့ပါတယ်။ မင်းမှုထမ်း သိပ်ဖြစ်ချင်တဲ့ စိတ်ဗမာတွေမှာ ပြင်းထန်နေတာကို တွေ့ရပါတယ်တဲ့။ မင်းမှုထမ်းအဖြစ် ရာထူးကြီးလေ မင်္ဂလာရှိလေဖြစ်နေတာကြောင့် ဗုဒ္ဓဘုရား ဟောကြားခဲ့တဲ့ ၃၈ဖြာ မင်္ဂလာထဲမှာ အရာရှိကိုပါ ထဲ့သွင်းပြီး ဖြည့်စွက်ဖို့လိုကြောင်း အကြံပေးထားပါတယ်တဲ့။ သူပြောတဲ့အတိုင်းသာဆိုရင် မင်္ဂလာတရား ၃၉ပါး ဖြစ်သွား နိုင်ပါတယ်။ ။

အပိုင်း ၁၉

အစိုးရမင်းကို စက်ဆုပ်ရွံရှာပြီး တချိန်တည်းမှာပဲ မင်းမှုထမ်းဖြစ်ချင်တဲ့စိတ်ဗမာတွေမှာရှိနေပုံနဲ့ ဗုဒ္ဓဝါဒ မဟုတ်တဲ့ အယူသီးမှု အစွဲအလမ်း၊ အာဏာရှင်စရိုက်ရှိနေပုံကို ဆရာမောင်မောင်ကြီးရဲ့ မြန်မာ့နိုင်ငံရေးအတွေးအခေါ် အပိုင်း ၁၉မှာ ဒီကနေ့ တင်ပြပါမယ်။

မြန်မာပြည်အလယ်ပိုင်းကို ဗုဒ္ဓဝါဒရောက်ရှိလာတာ အနှစ် ၁၀၀၀ကျော်သွားပြီ ဖြစ်ပေမယ့် ရုပ်ဝတ္ထုကိုးကွယ်တဲ့ ဗမာဓလေ့ဟာကွယ်ပျောက်သွားတာ မဟုတ်ပါဘူး။ Animism လို့ခေါ်တဲ့ ရုပ်ဝတ္ထုကိုးကွယ်တဲ့ဓလေ့ကိုဗုဒ္ဓဝါဒနဲ့ရောစပ်တဲ့အခါမှာ နတ်ကိုးကွယ်မှုကို အားသစ်လောင်းသလို ဖြစ်သွားပါသေးတယ်တဲ့။ ဗုဒ္ဓဘာသာဝင် ဗမာမင်းတွေ နတ်ကိုးကွယ်တာကို သမိုင်းမှတ်တမ်းမှာ အထင်အရှားတွေ့နိုင်ပါတယ်။ ဗုဒ္ဓဘာသာဝင်ဆိုတဲ့ ဗမာလူမျိုးတွေဟာ နက္ခတ်၊ ပရောဂချော်အတတ်၊ ထိုးကွင်းမင်ကြောင်နဲ့ အတိတ်နိမိတ်ကို ယုံကြည်ကြတာများပါတယ်။ အတိတ်နမိတ်ဆိုးတွေပေါ်လာပြီး မကြာမီ ရှင်ဘုရင်သေဆုံးရပုံကို ဗမာရာဇဝင် ကျမ်းတွေမှာတွေ့နိုင်ပါတယ်။ ဂျပန်ခေတ်မှာ နိုင်ငံတော် အကြီးအကဲ အမည်ခံခဲ့တဲ့ ဒေါက်တာဘမော်ရဲ့ ခြံဝင်းထဲကို လိပ်တစ်ကောင်ဝင်လာပြီးတော့ မကြာမီ

ဒေါက်တာဘမော်ဟာ ဂျပန်နဲ့အတူ ထွက်ပြေးရပုံကို ဂျပန်ခေတ်သာသနာရေးဝန်ကြီးက မှတ်တမ်းတင်ထားပါတယ်။ လိပ်ဟာ အင်္ဂလိပ်ကိုကိုယ်စားပြုတဲ့ အတိတ်နမိတ်ဖို့ အင်္ဂလိပ်ဝင်လာလို့ ဒေါက်တာဘမော်ပြေးရတာကို နမိတ်ကောက်ထားတာပါပဲ။ ဒေါက်တာဘမော်ဟာ အင်္ဂလန်နဲ့ပြင်သစ်မှာ ဘွဲ့တွေ ယူထားတဲ့ ခေတ်ပညာတတ်ဖြစ်ပေမယ့် အင်္ဂလိပ်စစ်ရှုံးအောင်ပိုင်းတိုက်ပေးကြဖို့ နတ်ပေါင်းစုံကို ပူဇော်ပသပန်ကြားခဲ့ပါတယ်။ အယူသီးတဲ့ ဗမာတွေဟာ ပုဏ္ဏားနဲ့ဗေဒင်ဆရာမပါရင် ဘာမှ မလုပ်နိုင်ဘူးလို့ ၁၉ရာစု နှောင်းပိုင်းအစိုးရပြန်တမ်းမှာ ဖော်ပြထားပါတယ်တဲ့။ အရေးကြီးတဲ့ကိစ္စ ဆိုရင် ရက်ကောင်း ရက်မြတ် ရွေးရတာကလည်း အလုပ်ကြီးတစ်ခုလိုဖြစ်နေပါတယ်။ ဇန်နဝါရီ ၄ရက် မနက် ၄နာရီ မိနစ် ၂၀မှာ ဗမာ့လွတ်လပ်ရေးကြေငြာတာကလည်း ဗေဒင်ဆရာ လက်ချက်ပါပဲ။ မနက် ၄နာရီမှာ လွတ်လပ်ရေးရတာဖို့ အခမ်းအနားတက်ရောက်သူတွေ အားလုံး အခေါကြီး ထကြရပါတယ်။ ဒါကိုမကျေနပ်တဲ့ အင်္ဂလိပ်အရာရှိတစ်ဦးက "ကြိုက်သလို လုပ်ကြပေါ့ကွာ၊ ငါတို့ကဒီတခါပဲအိပ်ရေးပျက်တာ၊ မင်းတို့ကတော့အမြဲတမ်း အိပ်ရေးပျက် နေမှာပါ" လို့ ကိုယ်ရေးမှတ်တမ်းမှာ ဖော်ပြထားပါတယ်။ ခေါင်းဆောင်ပိုင်းကစပြီး ဗေဒင်ဆရာပြောတဲ့ အတိုင်း ယုံကြည်နေရင် ဆင်ခြင်တုံတရားနဲ့အညီ ဆုံးဖြတ်နိုင်ဖို့ ခက်ခဲသွားပါလိမ့်မယ်။ ဝန်ကြီးချုပ်ဦးနု စီးလာတဲ့မော်တော်ကားချွေးတရကောင်ကို တိုက်မိတာကို နမိတ်မကောင်းဘူး လို့ ယူဆပြီး ခရီးဆက်မသွားတာကိုလည်း ကြားဖူးပါတယ်။ အင်္ဂလန်မှာ ပေယ်စဥ်ကတည်းက ပညာသင်ခဲ့တဲ့ ဗမာပညာတတ်တစ်ဦးထိုးကွင်းမင်ကြောင်ကို ယုံကြည်တာဟာလည်း အံ့သြစရာပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံသတ်ဖြတ်ခံရတဲ့ အထဲမှာ သူပါမသွားတာ ဟာသူ့ကျောကုန်းမှာ ထိုးထားတဲ့ ထိုးကွင်းမင်ကြောင်ရဲ့ အစွမ်းပဲလို့ အဲဒီပုဂ္ဂိုလ်က ပြောလေ့ ရှိပါတယ်။ နောက်တော့ သူလည်းလုပ်ကြံသတ်ဖြတ်ခံလိုက်ရပါတယ်။ ဆရာဝန်အပါအဝင် ခေတ်ပညာတတ်ထဲမှာ ကလေးနေမကောင်းတာကို ဗေဒင်မေးပြီးတော့ ယတြာချေသူတွေ ရှိပါတယ်။ စစ်ဗိုလ်တွေကလည်း အကြားအမြင်ရသူနဲ့ ဗေဒင်ဆရာကို အားကိုးကြပါတယ်။ ဘုရားကိုးဆူဆိုတဲ့ ငြိုလ်ပူဇော်ပွဲကျင်းပနေတုန်းပါပဲ။ ရည်ရွယ်ချက်က မကောင်းတာတွေကို ပျောက်ကွယ်ဖို့ပါပဲ။ ဒီလိုအယူသီးပြီး အစွဲအလမ်းကြီးတဲ့ ဗမာတွေမှာ အာဏာရှင်စလေ့ကို လိုလားတဲ့ အတွေးအခေါ်ရှိတယ်လို့ ဆရာမောင်မောင်ကြီးက ယူဆပါတယ်။ အကြွင်းမဲ့ အာဏာရှင်စနစ်အောက်မှာ နှစ်ပေါင်းများစွာနေခဲ့ရတဲ့ ဗမာတွေဟာ ၂၀ရာစု ရောက်လာ တော့လည်း အာဏာရှင်စနစ်ကိုတောင့်တနေတုန်းပဲလို့ဆိုပါတယ်။ ဒုတိယကမ္ဘာစစ် မတိုင်မီက အင်္ဂလိပ်ကို ပြိုင်ဆိုင်နိုင်ခဲ့တဲ့ နာဇီဂျာမဏီနဲ့ ဖက်ဆစ်အီတလီက အာဏာရှင် တွေကို ဗမာခေါင်းဆောင်တွေ သဘောကျပြီး ဒေါက်တာဘမော်က သူ့ကိုယ်သူ အာဏာရှင်လို့ ကြေငြာခဲ့ပါတယ်။ ဂျပန်ခေတ်ကကျင်းပတဲ့ လွတ်လပ်ရေးအခမ်းအနားမှာ ဒေါက်တာဘမော်ကို ရှင်ဘုရင်အဖြစ် ရည်ညွှန်းပြီးတော့ သခင်ကိုယ်တော်မှိုင်းက ကျမ်းကျိန် မွဲမှာ ပြောဆိုသွားပါတယ်တဲ့။ ဗိုလ်ချုပ်အောင်ဆန်းငယ်စဥ်ကလည်း အင်္ဂလိပ်ကို တန်ပြန်နိုင်တဲ့ အာဏာရှင်စနစ်ကို အားကျဖူးပါတယ်။ ခေါင်းဆောင်မှုမှန်ကန်ရင် အားလုံး ကောင်းမွန်ပြီးတော့ ခေါင်းဆောင် မကောင်းရင် အားလုံးကမောက်ကမ ဖြစ်ကုန်တယ်လို့ ဗမာတွေက ယုံကြည်ကြောင်း၊ဒါကြောင့် ခေါင်းဆောင်ဆိုတာ ပြယုဂ်သာမဟုတ်ဘဲ တကယ် စွမ်းဆောင်နိုင်ရမှာ ဖြစ်ကြောင်း၊ အစိုးရတစ်ခု၊ တစ်ပါတီနဲ့ ခေါင်းဆောင်တစ်ဦးသာ

ရှိသင့်ပြီးတော့ နိုင်ငံတော်အာဏာကို လုတိုင်းနာခံရမယ်လို့ ၁၉၄၂ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ပြည်မှာရေးခဲ့ဖူးပါတယ်။ အဲဒီတုန်းက အာဏာရှင်စနစ်ခေတ်စားနေလို့ သံယောင်လိုက်တာလား၊ ယုံကြည်လို့ ပြောတာလားဆိုတာကို မသိရဘူးလို့ ဆရာမောင်မောင်ကြီးက ဆိုပါတယ်။ ဖက်ဆစ်အာဏာရှင်ကို အကူအညီတောင်းဖို့အသွား ဂျပန်မှာရေးတဲ့ လွတ်လပ်ရေးစီမံကိန်းစာတမ်းဖြစ်တဲ့အတွက် ရေပန်းစားနေတဲ့ အာဏာရှင်စနစ်ကို အမွန်းတင်တာပဲဖြစ်ဖို့များပါတယ်။ ဂျပန်စစ်ရှုံးလို့ ဒုတိယကမ္ဘာစစ်ပြီး ဆုံးသွားတဲ့ နောက်ပိုင်းမှာ ဗိုလ်အောင်ဆန်းပြောတဲ့ မိန့်ခွန်းတွေမှာ ဒီမိုကရေစီကိုသာ ထောက်ခံပြောဆိုတာတွေ့ရပါတယ်။ ဒေးဗစ်စတိုင်းဘတ် ဆိုတဲ့ အမေရိကန်ပညာရှင်ကလည်း ကျောင်းသားခေါင်းဆောင်ကိုအောင်ဆန်း ဂျပန်ပြည်မှာရေးခဲ့တဲ့ စာတမ်းလေးကို ထောက်ပြပြီး ဗိုလ်ချုပ်အောင်ဆန်းကို အာဏာရှင်စနစ်လိုလားသူအဖြစ် မဆင်မခြင်စွပ်စွဲပြီးရေးသားခဲ့ဖူးပါတယ်။ ဗမာတွေမှာ အာဏာရှင်ဆန်တဲ့ အကျင့်စရိုက်ရှိနေတာမို့ ကွဲလွဲတဲ့သဘောထားကို လက်မခံနိုင်တာလို့ ဆရာမောင်မောင်ကြီးက ယူဆပါတယ်။

ဒီမိုကရေစီဆိုတာဟာ ရပိုင်ခွင့်တင်မဟုတ်ဘဲ လေ့ကျင့်ယူရမယ့် အကျင့်စရိုက်သာဖြစ်တယ်လို့ ရန်ကုန်တက္ကသိုလ်သမိုင်းပါမောက္ခဟောင်း ဘီအာပန်းက ပြောဖူးပါတယ်တဲ့။ မိမိရထားတဲ့ အာဏာနဲ့လုပ်ပိုင်ခွင့်ကို ထင်သလို အလွဲသုံးစားလုပ်တာဟာ အာဏာရှင်ဆန်တဲ့ ဗမာစရိုက်ပဲဖြစ်ပါတယ်တဲ့။ အထက်အောက်ဆက်ဆံရေးပုံစံဟောင်း အမြစ်တွယ်နေတာကလည်း အာဏာအလွဲသုံးစားလုပ်တဲ့ စရိုက်ဆိုးကိုအားပေးသလို ဖြစ်နေပါတယ်။ အင်္ဂလန်မှာတော့ မတရားလုပ်တဲ့ အစိုးရအမှုထမ်းကို ခံချတဲ့အစဉ်အလာ ကြီးမားတာမို့ အာဏာအလွဲသုံးစားလုပ်မှုနည်းပါးပါတယ်။ ဗမာပြည်မှာတော့ ဒီလိုမဟုတ်ပါဘူး။ ရာထူးနဲ့ဩဇာအာဏာရှိနေပြီဆိုတာနဲ့ မာန်မာနမောက်မာပြီးတော့ နိုင်ထက်စီးနင်းလုပ်တော့တာပါပဲ။ ရာထူးပြုတ်သွားတော့မှ မနေတတ်မထိုင်တတ် ရှက်သလိုလို၊ ကြောက်သလိုလို ဟိတ်ဟန်မထုတ်ရဲ၊ ရဲကုတ်ကုတ် ပြန်ဖြစ်သွားပါတော့တယ်။ အာဏာကို အထင်ကြီးလွန်းတာကြောင့် အာဏာရှိသူရှေ့ရောက်ရင် ဗမာတွေဟာ ကြောက်လန့်ပြီး ခယယလုပ်တာပဲလို့ အင်္ဂလိပ်ကိုလိုနီအရာရှိတစ်ဦးက မှတ်ချက်ချဖူးပါတယ်။ အာဏာရှိသူကို ကြောက်ပြီး အာဏာမရှိသူကို အထင်သေးတာဟာ ဗမာ့စရိုက်လိုဖြစ်နေပါတယ်။ ငါးပါးသီလမှာ မုသာဝါဒမဟုတ်မမှန်လိမ်လည်ပြောဆိုတာကို ရှောင်ကျဉ်ပါမယ်လို့ ဘုရားရှိခိုးတိုင်း ကတိပြုနေကြတဲ့ ဗုဒ္ဓဘာသာဝင်ဗမာတွေဟာ အသက်လူကြီးအကြိုက်လိုက်ပြီးတော့ အမြဲတမ်းလိမ်လည် ပြောဆိုတတ်ပုံကို ရှေ့အပတ်မှာ ဆက်လက် တင်ပြပါမယ်ခင်ဗျား။ ။

## အပိုင်း (၂၀)

တရားဥပဒေကိုအာဏာရှိသူရဲ့အလိုကျ အသုံးချနေတာဟာ တရားဥပဒေမရှိတာနဲ့ အတူတူပါပဲ။ မြန်မာ့လေ့မှာ တရားဥပဒေက အဆုံးအဖြတ်မပေးဘဲ အာဏာရှိသူကသာ အဆုံးအဖြတ်ပေးတာမို့ အထက်အောက်ဆက်ဆံရေး၊ အစိုးရပြည်သူဆက်ဆံရေးတွေမှာ အမှန်အတိုင်းမပြောရဲဘူးလို့ သမိုင်းပညာရှင်ပါမောက္ခဟောင်း ဒေါက်တာမောင်မောင်ကြီးက သုံးသပ်ထားတာကို မြန်မာ့နိုင်ငံရေး အတွေးအခေါ်အပိုင်း (၂၀)မှာ တင်ပြပါမယ်။

အထက်လူကြီးအကြိုက် လိုက်ပြောပြီး အမှန်တရားကို ဖုံးကွယ်တဲ့အကျင့်ဟာ ဗမာမင်းခေတ်က အမွေပေးလိုက်တဲ့ အထက်အောက် ဆက်ဆံရေးစနစ်ဖြစ်နေပါတယ်။ သြဇာအာဏာရှိသူကိုကြောက်ရတာဟာ ဗမာစလေ့ပါ။ အတူးသဖြင့် မိမိကိုချက်ခြင်းဒုက္ခပေးနိုင်တဲ့အထက်အရာရှိကို ကြောက်ကြပါတယ်။ ရာထူးအာဏာရှိသူဟာ သူ့မှာရှိတဲ့အာဏာကို အသုံးပြုပြီး အောက်လူကို ဒုက္ခပေးတတ်တာကို ဗမာတွေနားလည်ကြပါတယ်။ ဒါကြောင့်အာဏာရှိသူမကြိုက်မဲ့စကားကို မပြောဘဲ × × × × × × × × × × ဖြစ်ရပ်မှန်ကို မတင်ပြဘဲ အထက်အရာရှိအကြိုက်လိုက်ပြောတာဟာ ဗမာမင်းလက်ထက်က မင်းမှုထမ်းတွေရဲ့ အကျင့်စလေ့ပါ၊ ဥပမာ ပထမ–အင်္ဂလိပ်ဗမာစစ်ပွဲမှာ ဗမာဘက်က အကျအဆုံးများတာကို ဖုံးကွယ်ခဲ့ပါတယ်။ အမှန်အတိုင်း မပြောတဲ့ဗမာအကျင့်ကို ၁၉ရာစု အစောပိုင်းမှာ ရောက်လာတဲ့အီတလီဘုန်းကြီးက ကောင်းကောင်းသတိထားမိတဲ့အတွက် မှတ်တမ်းတင်ထားပုံက × × × × × × × ဗမာတွေလိုက်နာရမယ့် အမိကကျင့်ဝတ်တွေထဲမှာ မုသာဝါဒဆိုတဲ့ ပညတ်ချက်လည်းပါဝင်တယ်။ ဒါပေမယ့် ဒီပညတ်ချက်ကို မလိုက်နာဆုံးပါဘဲ။ × × × × × ပြည်သူတွေပြောဖို့ဆိုတာ မဖြစ်နိုင်သလောက်ပါပဲ။ ဒါတင်မကသေးပါဘူး အမှန်အတိုင်းပြောဖို့ကြိုးစားသူကို အရူးလို့ ခေါ်ကြပါတယ်။ အမှန်အတိုင်းပြောသူဟာ လူကောင်းဖြစ်ပေမယ့် မအောင်မြင်နိုင်တဲ့သူလို့ ဆိုကြပါတယ်။ ပရိယာယ်ဆင်ပြီးတော့ ဟန်ဆောင်လှည့်ဖျားတဲ့နေရာမှာ ဗမာတွေ × × × × × × × အမှန်တကယ်လိုချင်တာကို မလိုချင်သလို ဟန်ဆောင်တာမျိုးလုပ်တတ်တယ်လို့ ၁၉ရာစု အစောပိုင်းမှာ မြန်မာပြည်ကိုရောက်လာတဲ့ အီတလီဘုန်းကြီးက မှတ်တမ်းတင်ထားပါတယ်။

မုသာဝါဒဆိုတဲ့ ပညတ်ချက်ကို ဗမာတွေ အချိုးဖောက်ဆုံးပဲလို့ ၁၈၂၇ ခုနှစ်မှာ အင်းဝကို သံတမန်အဖြစ်ရောက်သွားတဲ့ ဂျွန်ကရက်ဖို့က မှတ်ချက်ချပါတယ်။ အင်္ဂလိပ်ဗမာပထမစစ်ပွဲအတွင်း အင်းဝမှာ ထောင်ကျနေတဲ့ အမေရိကန်သာသနာပြု မစ္စတာဂျက်ဆင်ရဲ့ ပြောပြချက်ကိုလည်းဖော်ပြထားပါတယ်။ သူနဲ့အတူထောင်ကျနေတဲ့ အသက်ကြီးတဲ့ မင်းမှုထမ်းကပြောတာကို မစ္စတာဂျက်ဆင်ကြားခဲ့ရတာပါ။ ငယ်ရွယ်တဲ့မင်းမှုထမ်းက ဖြောင့်မတ်တယ်ဆိုတာဘာလဲလို့မေးတဲ့အခါမှာ အသက်ကြီးတဲ့ မင်းမှုထမ်းက 'ဖြောင့်မတ်တယ်ဆိုတာဟာ အသိဉာဏ်ကင်းမဲ့တဲ့လူအ လူနနဲ့အတူတူပဲ' လို့ ဖြေလိုက်ပုံကို မစ္စတာဂျက်ဆင်ကြားခဲ့ရပါတယ်။ ရိုးသားဖြောင့်မတ်မှုကို ထုံထိုင်းမှုလို့ယူဆတာကြောင့် 'လူရိုးလူအ' ဆိုတဲ့ အသုံးအနှုန်းပေါ်ပေါက်လာပါတယ်။ မုသားမပါလင်္ကာမချောဆိုတဲ့ စကားအတိုင်း မကောင်းတဲ့သတင်းကိုလျှော့ပြောပြီး ကောင်းတဲ့သတင်းကို ပုံကြီးချဲ့ပြောတာဟာ ဗမာစလေ့လိုဖြစ်နေပါပြီ။ အထက်လူကြီးအကြိုက် လိုက်ပြောတာကြောင့် စကားအရာမှာ လှည့်ပတ်ပြောဆိုတတ်တဲ့ အကျင့်စလေ့ပေါ်ထွက်လာတာဖြစ်ပါတယ်တဲ့။ မိမိကိုမထိနိုက်အောင် လှည့်ပတ်ပြောဆိုတဲ့ အတတ်ပညာကို တန်ဖိုးထားတဲ့သဘောပါပဲ။

လူတဖက်သားကို စော်ကားသလိုမဖြစ်အောင်၊ မထိနိုက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လိမ်ညာပြောတဲ့ကိစ္စတွေဟာ ဆက်ဆံရေးအဆင်ပြေအောင် လုပ်တဲ့သဘောမျိုးဖြစ်နေလို့ ဗမာတွေက စိတ်မသိုးမသန့် မဖြစ်ကြပါဘူး။ 'စိတ်သာရှင်စေဘုရားပေါ၊ စိတ်ထားတတ်ကမြတ်၏' ဆိုတဲ့စကားကိုကြည့်ရင် ရည်ရွယ်ချက်က တကယ့်လုပ်ရပ်ထက် အရေးကြီးပုံကို ဗမာတွေလက်ခံထားတာတွေ့နိုင်ပါတယ်။ သူများရည်ရွယ်ချက်ကို အကဲခတ်

ရတာနဲ့ သံသယဖြစ်ရတာဟာ ဗမာအမှုထမ်းလောကရဲ့ ထင်ရှားတဲ့ အသွင်လက္ခဏာတခုပါပဲ။ နန်းတွင်းလျို့ဝှက်ကြံစည်မှုတွေက ဆင်းသက်လာတဲ့ အကျင့်ဓလေ့လည်းဖြစ်နိုင်ပါတယ်။ ရာထူးတက်အောင်၊ ဩဇာအာဏာရှိလာအောင် နန်းတွင်းမှာ အပြန်အလှန် စုံစမ်းထောက်လှမ်းတဲ့အခါမှာ စိတ်ထဲရှိသမျှ အကုန်ထုတ်ပြောလို့မဖြစ်ပါဘူး။ သူများရည်ရွယ်ချက်ကို သံသယအပြည့်နဲ့ သုံးသပ်ကြရပါတယ်။ အင်္ဂလိပ်–ဗမာ ပထမစစ်ပွဲပြီးသွားပေမယ့် အင်္ဂလိပ်ရဲ့ ရည်ရွယ်ချက်ကို ဗမာက သံသယရှိနေတဲ့အတွက် ပေးရမယ့် စစ်လျော်ကြေး ပထမအရစ်ကို မပေးသေးဘဲဆိုင်းထားပါတယ်။ စစ်လျော်ကြေးပထမအရစ် ပေးလိုက်တာနဲ့ အင်္ဂလိပ် စစ်တပ်ချက်ခြင်း ဆုပ်ခွာသွားတာကို ဗမာတွေအံ့သြနေကြပုံရပါတယ်။ ဒါကြောင့် "ဒီကုလားတွေဟာ အရက်သောက်၊ နွားသတ်ပြီးတော့ အလွန်လောဘကြီးပေမယ့် ကတိတည်ပြီး အမှန်အတိုင်းလုပ်တာကို တန်ဖိုးထားကြတယ်။ ငါတို့ ဗမာတွေကတော့ မှန်တာဆိုရင် တခုမှမပြောရဲဘူး" လို့ မှတ်ချက်ချပုံကို အင်္ဂလိပ် သံတမန်တဦးက သက်သေထွက်ဆိုခဲ့ပါတယ်။

အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးစနစ်ကျင့်သုံးတော့လည်း သံသယဖြစ်တတ်တဲ့ ဗမာ့ဓလေ့ဟာ ကွယ်ပျောက်သွားတာမဟုတ်ပါဘူး။ ၁၉၂၇ မှာ ကျင်းပတဲ့ မိတ္ထီလာအရာရှိငယ်သင်တန်းမှာ သံသယစိတ်ဓါတ်တိုက်ဖျက်ရေးကို ဘုရင်ခံ 'ဆာကုတ်ဘတ်တလာ' က မိန့်ခွန်းပြောပါတယ်။ ဖြစ်ရပ်မှန်နဲ့ ပကတိအချက်အလက်တွေကိုသာ အဓိကထားစဉ်းစားဖို့နဲ့ ကိုယ်ဖြစ်ချင်တာ၊ ထင်မြင်ယူဆတာတွေကို ဦးစားမပေးဘဲ သိပ္ပံနည်းကျလေ့လာသုံးသပ်ဖို့ ဆာကုတ်ဘတ်တလာက တက္ကသိုလ်ကျောင်းသားတွေကို တိုက်တွန်းပါတယ်။ မြန်မာနိုင်ငံအုပ်ချုပ်ရေးပြုပြင်ဖို့အတွက် ၁၉၃၁ ခုနှစ်က လန်ဒန်မှာ စားပွဲဝိုင်းဆွေးနွေးပွဲလုပ်တဲ့အခါမှာ ဗမာကိုယ်စားလှယ်တဦးက ရှမ်းစော်ဘွားတွေရဲ့ အကျိုးစီးပွားကို ဆန့်ကျင်တဲ့လုပ်ရပ်တွေ ရှိနေကြောင်း ရမ်းသမ်းပြောလိုက်ပါတယ်။ အချက်အလက် အထောက်အထားမပြနိုင်ဘဲ ထင်ရာမြင်ရာရမ်းသမ်း စွတ်စွဲပြောတာမျိုးကို လုံးဝလက်မခံနိုင်ကြောင်း အင်္ဂလိပ်ဘက်က သတိပေးရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

မွေမိဌာန်ကျကျအရှိကို အရှိအတိုင်း တန်ဖိုးဖြတ်နိုင်တဲ့စွမ်းရည် ဗမာတွေမှာ ချို့တဲ့နေတာတွေ့ရပါတယ်တဲ့။ ပေါ့ပေါ့တန်တန်နေထိုင်ပြောဆိုမှုတွေ နည်းပါးသွားပြီး လေးလေးနက်နက် နေထိုင်ကျင့်ကြံတတ်ဖို့အတွက် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးရဲ့ အဓိပ္ပါယ်ကို ဗမာတွေနားလည်သဘောပေါက်ဖို့လိုတယ်လို့ ဆရာဦးမောင်မောင်ကြီးက ယူဆပါတယ်။ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးသဘောကို နားလည်တဲ့ပြည်သူလူထုကသာ မိမိကိုယ်မိမိယုံကြည်လာမှာဖြစ်ပါတယ်။ စိတ်ထင်သလို ဖမ်းဆီးထောင်ချတာမျိုး မလုပ်ဘဲ တရားမျှတတဲ့ ဥပဒေကို ကျင့်သုံးနိုင်ရင် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ရပါလိမ့်မယ်။ တရားဥပဒေရဲ့ ထောက်ရှောက်မှုကိုရထားတဲ့ ပြည်သူလူထုကသာ လေးလေးနက်နက်စဉ်းစားပြီး အလုပ်ကြိုးစားကြပါလိမ့်မယ်တဲ့။ ဒီမိုကရေစီစနစ်ကို ထိထိရောက်ရောက် ကျင့်သုံးနိုင်တဲ့ အလေ့အကျင့် ဗမာတွေမှာ မရှိသေးပါဘူး။ ပြည်သူ့ကိုယ်စားလှယ်တွေလက်ထဲ နိုင်ငံရေးအာဏာရောက်ရှိလာဖို့ နှစ်ပေါင်းများစွာ အနောက်တိုင်းမှာ တိုက်ပွဲဝင်ခဲ့ရတာကို ဗမာတွေသတိပြုဖို့ လိုပါတယ်။ ထိရောက်စွာကျင့်သုံးနိုင်တဲ့ နိုင်ငံရေးစနစ်ကို မွေးထုတ်ရာမှာ သမိုင်းကြောင်းရှည်လျားတာကို မမေ့သင့်ဘူးလို့ ဆရာမောင်မောင်ကြီးက ဆိုပါတယ်ခင်ဗျား။

အပိုင်း (၂၁)

တရားဥပဒေစိုးမိုးရေးဆိုင်ရာအခြေခံသဘောတရားကို ဗမာအစိုးရတွေ နားမလည်ကြတဲ့အတွက် ဂရုလည်းမစိုက်ကြကြောင်း သမိုင်းပါမောက္ခဒေါက်တာမောင်မောင်ကြီး သုံးသပ်ထားပုံကို မြန်မာ့နိုင်ငံရေး အတွေးအခေါ် အပိုင်း ၂၁ မှာ ဒီကနေ့ တင်ပြပါမယ်။

ဖဆပလအရပ်သားအစိုးရနဲ့ ဆိုရှယ်လစ်အခြေပြု မဆလအစိုးရဟာ တရားဥပဒေစိုးမိုးရေးကို အသံကောင်းဟစ်ပြီး တရားဥပဒေစိုးမိုးရေးရဲ့ အခြေခံသဘောတရားကို ချိုးဖျက်ကြပါတယ်တဲ့။ တရားဥပဒေကိုလိုချင်သလိုဆွဲပြီး မိမိစိတ်ကြိုက် အသုံးချတာဟာ တရားဥပဒေကို ကျင့်သုံးတာမဟုတ်ပါဘူး။ ဗမာ့ရိုးရာဓလေ့မှာ ရာထူးအာဏာ အဆင့်အတန်းကို ကြည့်ပြီး ဆုံးဖြတ်ပေမယ့် တရားဥပဒေစိုးမိုးရေး သဘောတရားမှာ လူမှုအဆင့်အတန်း၊ အသွေးအရောင်၊ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ ရာထူးအာဏာ စတာတွေကို လုံးဝဂရုမစိုက်ပါဘူး။တရားဥပဒေစိုးမိုးရေးဆိုတာ လူ့ဆန္ဒမပါဘဲ တရားဥပဒေအတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ လူ့အဖွဲ့အစည်းရဲ့ ဓလေ့ထုံးစံကိုယ်ကျင့်တရားကို ရောထွေးမပစ်ဖို့ အရေးကြီးပါတယ်။ လူ့အဖွဲ့အစည်းရဲ့ အစဉ်အလာဓလေ့ထုံးစံ ကျင့်ဝတ်ပေါ်မှာ အခြေခံပြီး ဥပဒေပြုတာဖြစ်ပေမယ့် ဥပဒေရေးဆွဲပြီးတာနဲ့ အဲဒီဥပဒေအတိုင်း လိုက်နာ ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

အာဏာရှိသူကတရားဥပဒေကို စိတ်ကြိုက်အသုံးပြုတာဟာ ဖောက်ပြန်တဲ့ ဥပဒေစနစ်သာဖြစ်ပါတယ်။ ဥပဒေပိုင်နက်နဲ့ အစိုးရပိုင်နက်ကို ခွဲခြားသိမြင်ဖို့ လိုအပ်ပါတယ်။ လူ့အဖွဲ့အစည်းရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ ဥပဒေက ပြဋ္ဌာန်းတာဖြစ်လို့ လူ့အဖွဲ့အစည်းအကျိုး မသယ်ပိုးနိုင်တဲ့ဥပဒေကို ပြောင်းလဲရမယ်လို့ ဆိုပါတယ်။ ဩဇာအာဏာနဲ့ ဂုဏ်သိက္ခာဟာ လူ့ပုဂ္ဂိုလ်မှာသာရှိပြီး တရားဥပဒေမှာမရှိဘူးလို့ ဗမာတွေက ယူဆပါတယ်တဲ့။ တနည်းဆိုရင်တော့ ဗမာတွေဟာ တရားဥပဒေနဲ့လူပုဂ္ဂိုလ်ကို ခွဲခြားသိမြင်နိုင်စွမ်း မရှိကြပါဘူး။ စည်းမျဉ်းဥပဒေအတိုင်း လိုက်လုပ်နေရင် ကြန့်ကြာတတ်တာမို့ အာဏာရှိသူကိုချည်းကပ်ပြီး လုပ်ကိုင်တာမျိုးကို လူတိုင်းသိပါတယ်။ စည်းမျဉ်းဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း လုပ်တာမျိုးကို အစိုးရကိုယ်တိုင်က သိပ်ကြိုက်တာမဟုတ်ဘူးလို့လဲ သိရပါတယ်။ တရားဥပဒေ၊ နည်းလမ်းအတိုင်း လုပ်တာကို ခေါင်းမာတာ၊ မိုက်မဲတာဖြစ်တယ်လို့ ယူဆတာမျိုးလည်းရှိပါတယ်။ ဒါကြောင့်တရားဥပဒေ၊ စည်းကမ်းအတိုင်းမလုပ်ဘဲ လပ်ပေးပြီး ပုဂ္ဂိုလ်ရေးအရ ချည်းကပ်လုပ်ကိုင်တာကို ဗမာတွေ အားကိုးကြတာပါ။

ဗမာတွေဟာ လူနဲ့ဥပဒေကို ခွဲခြားသိမြင်နိုင်စွမ်း မရှိတဲ့အတွက် တရားဥပဒေကို ကျင့်သုံးရာမှာ အခက်အခဲတွေ့နေတာ ဖြစ်တယ်လို့ဆိုပါတယ်။ မိမိနဲ့ ရင်းနှီးသူဆိုရင် သူပုန်ဖြစ်နေရင်တောင် ကာကွယ်လေ့ရှိပါတယ်တဲ့။ အာဏာပိုင်နဲ့သိရင် ထောင်ကျနေသူကို လွတ်အောင်လုပ်ပေးနိုင်ပါတယ်။ သူပုန်တွေရဲ့ လုပ်ရပ်ကို ခွင့်လွှတ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးတာဟာ သူပုန်ကို အားပေးတာနဲ့ အတူတူပဲလို့ မမြင်ကြပါဘူး။ သူပုန်ထုတ်တဲ့ စာစောင်ကို အစိုးရပုံနှိပ်တိုက်မှာ ရိုက်နှိပ်တာမျိုးလည်း ရှိခဲ့ဖူးပါတယ်တဲ့။ လူသတ်မှုနဲ့ အဖမ်းခံရတဲ့ လယ်သမားအချို့ကို လွှတ်ပေးဖို့ ခရိုင်ဝန်ကို စိုက်ပျိုးရေးဝန်ကြီးက ပြောတဲ့အတွက် လွှတ်ပေးလိုက်ရတာမျိုးလည်း ရှိပါတယ်။ ဒီလိုဝင်ရောက်နှောက်ယှက်တာ

ဟာ တရားဥပဒေကို ချိုးဖောက်တာဖြစ်တယ်လို့ ဗမာတွေကမယူဆပါဘူး။ ဗမာ့နည်း ဗမာ့ဟန်ပဲလို့ ယူဆပါတယ်။ စိတ်ဆွေအပေါင်းအသင်းနဲ့ တရားဥပဒေကို ခွဲခြားသိမြင်နိုင် စွမ်း မရှိပါဘူး။

သူပုန်ကိုဆက်ဆံရာမှာ ဖဆပလအစိုးရမပြတ်မသားဖြစ်နေတာကို လွှတ်တော် အမတ်အချို့က ၁၉၄၉မှာ ထောက်ပြကြပါတယ်။ ဖဆပလအစိုးရဟာ စိုးစိုးစီးအစိုးရ၊ ဘွာခတ်ရင်ကြေတဲ့အစိုးရ ဖြစ်နေပြီလို့ ဝေဖန်ကြပေမယ့် ဝန်ကြီးချုပ်ဦးနုကတော့ အခြေအနေ ကို ကြည့်ပြီး သူပုန်နဲ့ဆက်ဆံဖို့ ဆုံးဖြတ်ထားပါတယ်။ ပမညတခေါ် အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုရဲ့ လုပ်ရပ်အချို့ဟာ ရာဇသက်ပန်ထောင်ဒဏ်ကျခံနိုင်လောက်တဲ့ ရာဇဝတ်မှုမျိုးဖြစ်ပေမယ့် ဥပဒေကြောင်းအရ အပြင်းအထန် အရေးမယူဘဲ အခြားနည်းလမ်း သုံးပြီး သင့်မြတ်အောင် ကြိုးပမ်းရတယ်လို့ ဦးနုကဆိုပါတယ်။ ပြန်လည်သင့်မြတ် ရေးအတွက် ဗမာ့နည်းဗမာ့ဟန်နဲ့ လုပ်တယ်ဆိုတဲ့ ဦးနုရဲ့ဆင်ခြေ ပေးချက်ဟာ မှန်ချင်လည်း မှန်နိုင်ပါတယ်။ ဒါပေမယ့် တရားဥပဒေစိုးမိုးရေးကို လစ်လျူရှုထားလို့မဖြစ်ပါဘူး။ တရားဥပဒေအတိုင်းလုပ်တာကို အပြင်အထန်အရေးယူတာလို့ မယူဆသင့်ပါဘူး။ တရားဥပဒေအတိုင်း ကျောသားရင်သား မခွဲခြားဘဲ အရေးယူမှသာ တရားဥပဒေစိုးမိုးရေးကို ပြည်သူလူထုက နားလည်မှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာဟာ လူထုကရော အစိုးရကရော ဥပဒေဘောင်အတွင်းမှာ ပြုမူဆောင် ရွက်တာပဲ ဖြစ်ပါတယ်။

ပါလီမန်ဒီမိုကရေစီစနစ် ပျက်စီးရတာဟာ ဖဆပလအစိုးရမှာ အထိုက် အလျောက် တာဝန်ရှိသလို ဗမာ့လူ့ဘောင်မှာလည်း တာဝန်ရှိတယ်လို့ ဆရာမောင်မောင်ကြီး က ယူဆပါတယ်။ ဖဆပလအစိုးရဟာ မှန်ကန်စွာ ခေါင်းဆောင်နိုင်စွမ်းမရှိခဲ့ပါဘူး။ ဝန်ကြီးချုပ်ဦးနု ပြောသလို ပြဿနာပေါင်းသောင်းခြောက်ထောင် ရှိနေပေမယ့် နိုင်ငံရေး လုပ်ရှားမှုအတွက် အခြေခံစည်းမျဉ်းချမှတ်ရာမှာတောင် နိုင်ငံရေး သမားတွေဟာ သဘောတူ ချက်မရနိုင်ကြပါဘူး။ နိုင်ငံရေးပါတီတွေဟာ အာဏာရဖို့ ကိစ္စကိုသာ အာရုံစိုက်ကြပါတယ်။ ပါလီမန် ဒီမိုကရေစီကို တိုင်းသူပြည်သားနားလည်အောင် လုပ်ပေးနိုင်စွမ်း မရှိကြပါဘူး။ တပြည်လုံးမှာဖိုးသုညတွေချည်း ရှိနေတယ်လို့ ဦးနုကပြောဖူးပါတယ်။ ဖိုးသုညတွေ ဖိုးအကြီးတွေများတဲ့ တိုင်းပြည်မှာ ပြဿနာကို ဝေဖန်သုံးသပ်နိုင်ဖို့ အခက်အခဲရှိတာကို ဦးနုက ကောင်းကောင်းသိပါတယ်။ ပြည်သူ့ရဲဘော် ခေါင်းဆောင်တစ်ဦးက အင်္ဂလိပ်နဲ့ အမေရိကန်ကို စစ်ကြေငြာဖို့ ဦးနုကို တိုက်တွန်းဖူးပါတယ်တဲ့။ ဦးနုကလည်းကမ္ဘာ့မြေပုံကြီး ကို ချပြပြီးတော့ အမေရိကန်အင်္ဂလိပ်ကို စစ်ပြုရင် မြန်မာပြည် စိစိညက်ညက် ကြေသွားမယ်လို့ ရှင်းပြပါတယ်။ အဲဒါကို လက်မခံနိုင်တဲ့ ပြည်သူ့ရဲဘော် ခေါင်းဆောင်က ဇတ်လောက်တော့ စစ်ကြေငြာဖို့ ဦးနုကို တိုက်တွန်းသွားပါတယ်တဲ့။ ဒီလိုလူမျိုးတွေ ခေါင်းဆောင်လုပ်နေတဲ့တိုင်းပြည်မှာ နိုင်ငံရေးနဲ့လူမှုရေး ပညာပေးလုပ်ငန်းတွေ အများကြီး လုပ်ဖို့ လိုအပ်တယ်လို့ ဆရာမောင်မောင်ကြီးက ဆိုပါတယ်။ သာမန်ပညာရေးစနစ်ဟာ တိုင်းပြည်ရဲ့ နိုင်ငံရေး အတွေးအခေါ်ကို ပြောင်းလဲအောင် မလုပ်နိုင်ဘူးလို့ ဖဆပလအစိုးရ အကြံပေးအရာရှိ မစ္စတာဂျေအက်စ်ဖာနီဗယ်က ၁၉၅၁က ပြောဖူးပါတယ်။ မြန်မာပြည်ဟာ ကမ္ဘာ့စီးပွားရေးရေစီးကြောင်းနဲ့ ထိတွေ့လာပေမယ့် မြန်မာပြည်သားတွေဟာ ကမ္ဘာ့ အကြောင်း နားမလည်ကြပါဘူး။ မြန်မာပြည်သားအများစုမှာ ကျဉ်းမြောင်းတဲ့

ပဒေသရာဇ်ခေတ် အတွေးအခေါ်ရှိနေတုန်းပါပဲ။ စာသင်ကျောင်းတွေ တိုးချဲ့ရုံနဲ့ အတွေးအခေါ်ဟောင်းတွေ ပျောက်ကွယ် သွားမှာ မဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံရေးနဲ့ လူမှုရေးမှာ ပြုပြင်ရေးလုပ်ငန်းတွေလုပ်ပြီး လူ့ပတ်ဝန်းကျင်ကို ပြောင်းလဲပစ်ဖို့ လိုပါတယ်တဲ့။ ဝန်ကြီးချုပ်ဦးနုကလည်း ဒီမိုကရေစီ သဘောတရားကို နားလည်လာအောင် ပြုစုပျိုးထောင်ဖို့ လိုတာကို ကောင်းကောင်းသဘော ပေါက်ပါတယ်။ ဒီမိုကရေစီသဘောတရားဟာ တိုင်းသူပြည်သားရဲ့ နှစ်လုံးသားနဲ့ အတွေးအခေါ်မှာသာ တည်ရှိနိုင်တယ်လို့ ဦးနုက ဆိုပါတယ်။ အခြေခံဥပဒေတွေ ဘယ်လောက်ပဲရေးရေး တိုင်းသူပြည်သားက ဒီမိုကရေစီကို တန်ဖိုးမထားတတ်ရင် အချည်းနှီးပဲလို့ဆိုပါတယ်။ ဒီမိုကရေစီကို တိုင်းသူပြည်သား ယုံကြည်လာအောင် လုပ်ဖို့ ခေါင်းဆောင်ပိုင်းမှာလည်း တာဝန်ရှိတယ်လို့ ဆိုပါတယ်ခင်ဗျား။ ။

---------

အပိုင်း(၂၂)

ဗိုလ်နေဝင်းစစ်အာဏာသိမ်းတဲ့ခေတ်ကို ၁၉၆၂က ၁၉၇၄အထိ တော်လှန်ရေးကောင်စီခေတ်လို့ခေါ်ပြီး ဆိုရှယ်လစ်အခြေခံဥပဒေပြဋ္ဌာန်းတဲ့ ၁၉၇၄က မဆလပါတီ ပျက်စီးတဲ့ ၁၉၈၈အထိ ၁၄နှစ်ကာလကို ဆိုရှယ်လစ်ခေတ်လို့ ခေါ်ပါတယ်။ အဲဒီကာလမှာ တစ်ဦးတည်း ကြီးစိုးတဲ့စနစ်စတင်ခဲ့ပါတယ်။ ဗမာဘုရင်စိတ်ဆိုးပြီး လှံနဲ့လိုက်ထိုးတဲ့အခါမှာ ဝန်ကြီးတွေဟာ ခြေဦးတည့်ရာ ခွေးပြေးဝက်ပြေးထွက်ပြေးကြသလို ဗိုလ်ချုပ်နေဝင်းဆဲဆိုတာကို ဗမာစစ်ဗိုလ်တွေ အမြဲတမ်းခံကြရပါတယ်။ ဗိုလ်နေဝင်းက အယုတ္တအနတ္တ မကြားဝံ့မနာသာ ယုတ်ယုတ်ကန်းကန်းဆဲဆိုတာကို စစ်ဗိုလ်တွေကလည်း သဘောကျပါတယ်။ ဗိုလ်နေဝင်းကြည့်မရလို့ ဖြုတ်ထုတ်ခံရသူနဲ့ ထောင်ချခံရသူတွေ အများအပြားရှိသလို ဗိုလ်နေဝင်းမြှောက်စားလို့ နေ့ချင်းညချင်းကြီးပွားသွားသူတွေလည်း အများကြီးရှိပါတယ်။ ဗမာဘုရင်လိုပဲ ဗိုလ်ချုပ်နေဝင်းကလည်း ဆုထူးဂုဏ်ထူးနဲ့ ဘွဲ့ထူးတွေချီးမြှင့်တတ်ပါသေးတယ်။ ဗဟိုအာဏာကို ဗိုလ်နေဝင်းက ဗမာဘုရင်လိုကြီးစိုးနေတုန်း နယ်မှာလည်း တာဝန်ခံစစ်ဗိုလ်တွေက ဘုရင်သဖွယ်ကြီးစိုးကြပါတယ်။ လအကလို့ခေါ်တဲ့လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌတွေက ဘုရင်လေးတွေလို အုပ်ချုပ်ကြပါတယ်။

အစိုးရအမှုထမ်းအားလုံး ခသုံးလုံးနဲ့ မသုံးလုံးလမ်းစဉ်ကျင့်သုံးတယ်လို့ ပြောကြပါတယ်။ ခေါ်ရင်သွား၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့ဆိုတဲ့ ခသုံးလုံးလမ်းစဉ်နဲ့ မလုပ်၊ မရှုတ်၊ မပြုတ် ဆိုတဲ့ မသုံးလုံးလမ်းစဉ်ကို ကျင့်သုံးပြီး အသက်ဆက်နေကြတဲ့အချိန်အခါပါပဲ။ ပါလီမန်ဒီမိုကရေစီခေတ်ကတော့ အစိုးရမဟုတ်တာလုပ်ရင် လွှတ်တော်မှာ မေးမြန်းစုံစမ်းနိုင်ပါတယ်။ အတိုက်အခံပါတီတွေကလည်း စောင့်ကြည့်နိုင်ပါတယ်။ ဒီမိုကရေစီစနစ်မရှိတော့တဲ့အခါမှာ အစိုးရလုပ်ရပ်ကို စောင့်ကြည့်ပြီး ဝေဖန်မယ့်သူ မရှိတော့ပါဘူး။ ဒါကြောင့် ထင်ရာလုပ်တဲ့ဗမာမင်းအုပ်ချုပ်ရေးစနစ် အလွယ်တကူပြန်လည် ကျင့်သုံးနိုင်တဲ့ အခြေအနေကို ရောက်သွားပါတော့တယ်။ အာဏာအလွဲသုံးစားလုပ်ပြီး အနိုင်ကျင့်တာကို ပြည်သူလူထုက တော်လှန်တာမျိုး မြန်မာသမိုင်းမှာ မရှိသေးဘူးလို့ ဆရာမောင်မောင်ကြီးကဆိုပါတယ်။ ဘုရင်ကိုဖြုတ်ချဖို့ ကြံစည်တာဟာ အစိုးရစနစ်ကို ပြုပြင်ဖို့မဟုတ်ဘဲ ထီးနန်းကို လုယူတာပဲဖြစ်ပါတယ်။ ဘုန်းရှင်ကံရှင်မို့ မင်းဖြစ်တာလို့ ယူဆတဲ့အတွက်

မင်းကိုဖြုတ်ချဖို့ စိတ်ကူးလေ မရှိတာများပါတယ်။ ဒါကြောင့်မို့လဲ စစ်အစိုးရကို တော်လှန်ပုန်ကန်နေတဲ့ အုပ်စုတွေဟာ ပြည်သူ့ထောက်ခံမှု အလုံအလောက်မရတာလို့ ဆိုပါတယ်။

စစ်ဗိုလ်ကထင်သလို ဆုံးဖြတ်ပြီးခြောက်လှန့်အုပ်ချုပ်နေတာမို့ တရားဥပဒေစိုးမိုးရေး သဘောတရားလည်း နိဂုံးချုပ်သွားပါတယ်။ ညှင်းပန်းနှိပ်စက်ပြီး အနိုင်ကျင့်အုပ်ချုပ်တာဟာ ဗမာ့စစ်အစိုးရရဲ့ အဓိကအသွင်လက္ခဏာပါပဲ။ နောက်အသွင်လက္ခဏာတစ်ခုက "Xenophobia"ခေါ် နိုင်ငံခြားကြောက်ရောဂါပါပဲ။ ဗိုလ်နေဝင်းဟာ မကြာခဏဥရောပကို အပျော်ခရီးထွက်ပေမယ့် မြန်မာပြည်ကို နိုင်ငံခြားသားဝင်ရောက် စွက်ဖက်မှာကိုတော့ တွေးကြောက် တတ်ပါတယ်။ သူ့ရဲ့ဆိုရှယ်လစ်လမ်းစဉ်ကို အနောက်တိုင်းက ဖျက်ဆီးလိမ့်မယ်လို့ တွေးကြောက်ပါတယ်။ အမိန့်နာခံတာကိုသာ လိုလားတဲ့ဖဆလ စစ်အစိုးရဟာ လွတ်လပ်စွာ တွေးခေါ်မျှော်မြင်တတ်တဲ့ အနောက်တိုင်းလေ့ကို အလွန်ကြောက်ပါတယ်။ နိုင်ငံခြားသားဆိုရင် "ဒီကောင်တွေသိပ်ရှုတ်တယ်"လို့ ဗမာစစ်ဗိုလ်က မြင်ပါတယ်။ ဗမာမင်းခေတ်က နိုင်ငံခြားသံတမန် သာသနာပြုနဲ့ ကုန်သည်တွေကို မယုံသင်္ကာဖြစ်သလို ဗမာစစ်အစိုးရကလည်း သင်္ကာမကင်း ဖြစ်နေပါတယ်။ စစ်အာဏာသိမ်းစမှာ ပြည်ဝင်ခွင့်ဗီဇာ ၁ရက်သာပေးပါတယ်။ နောက်မှ ၃ရက် က ၇ရက်အထိ တိုးပေးတာပါ။

နိုင်ငံပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းလိုသဘောထားပြီး သုံးဖြုန်းရာမှာလည်း ဗမာမင်းနဲ့ ဗမာစစ်ဗိုလ်ဟာ အသွင်တူကြပါတယ်။ မြေပေါ်မြေအောက် ပစ္စည်းတွေကို ဗမာမင်းက သူပိုင်တယ်လို့ ယူဆတာမို့ ဘုရင့်ခွင့်ပြုချက်မရဘဲ ထုတ်ယူခွင့်မရပါဘူး။ ဗမာစစ်အစိုးရကလည်း သဘာဝသယံဇာတပစ္စည်းကို သူတို့သာပိုင်တယ်လို့ ယူဆပြီး နိုင်ငံခြားကို ရောင်းစားနေကြတာ ဖြစ်ပါတယ်။ ဗိုလ်နေဝင်းတည်ထောင်တဲ့ တစ်ပါတီအာဏာရှင်အစိုးရစနစ်ဟာ စစ်ဗိုလ်လူတန်းစားကြီးစိုးတဲ့ စနစ်ဖြစ်ပါတယ်။ အငြိမ်းစားယူတဲ့ စစ်ဗိုလ်တွေကလည်း အရပ်အလုပ်နဲ့ ပါတီကောင်စီအလုပ်တွေကို ဆက်လုပ်ပြီး အခွင့်ထူးခံနေကြတာမို့ စစ်ဗိုလ်နဲ့စစ်ဗိုလ်လူထွက်ကြီးစိုးတဲ့ အစိုးရလို့ ပြောနိုင်ပါတယ်။ အတင်းအဓမ္မသိမ်းပြီး တည်ထောင်ထားတဲ့ အစိုးရဖြစ်တဲ့အတွက် အတင်းအဓမ္မနည်းနဲ့ အာဏာမြဲအောင် လုပ်ပါတယ်။ ပြိုင်ဘက်နိုင်ငံရေး အုပ်စုတွေကို လက်အောက်ခံဖြစ်အောင် လုပ်တာမျိုးရှိသလို ဖျက်ဆီးပစ်တာမျိုးလည်းရှိပါတယ်။ တပ်မတော်ကို ဆိုရှယ်လစ်အရေခြုံပေးသူဟာ ကွန်မြူနစ်လူထွက်အချို့ဖြစ်ပေမယ့် ဗကပ ကွန်မြူနစ်ကိုတော့ အမြစ်တိုက်ဖို့သာ ကြိုးစားပါတယ်။ လက်နက်အားကိုးပြီး အာဏာသိမ်းတာကို မှန်ကန်ကြောင်း ဆင်ခြေပေးနိုင်ဖို့အတွက် ဆိုရှယ်လစ်ဝါဒကို အသုံးပြုတာပါပဲ။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်စဉ်မှာ ဆိုရှယ်လစ်ဝါဒကို လူကြိုက်များပါတယ်။ ဆိုရှယ်လစ်ဝါဒကသာ တိုင်းပြည်ကို သာယာဝပြောအောင် လုပ်နိုင်လိမ့်မယ်လို့ အဲဒီအချိန်ကယုံကြည်ခဲ့ ကြပါတယ်။ စစ်ဗိုလ်ထဲမှာလည်း ဆိုရှယ်လစ်ဝါဒကို တကယ်ယုံကြည်သူ အနည်းအကျဉ်း ရှိနိုင်ပါတယ်။ ဒါကြောင့် စစ်အာဏာသိမ်းပြီးတဲ့ အခါမှာ တကိုယ်တော်အာဏာရှင်စနစ်ကို လူကြိုက်များတဲ့ ဆိုရှယ်လစ်ဝါဒနဲ့ အရေခြုံ လိုက်တာဖြစ်ပါတယ်။

၁၉၇၄မှာ ဆိုရှယ်လစ်အခြေခံ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေမယ့် အနှစ်သာရကတော့ တကိုယ်တော်အာဏာရှင်စနစ်ပဲ ဖြစ်နေပါတယ်။ တကိုယ်တော်အာဏာရှင်စနစ် လက်ခံထားတဲ့ ဗမာတွေကို အနောက်တိုင်းက အံ့သြနေကြပါတယ်။ ဒါပေမယ့် ဗမာအတွက်

တော့ မထူးပါဘူး။ တော်တဲ့လူတွေမများမချင်း ငြိမ်ခံနေမယ့်ပုံ ပေါ်နေပါတယ်။ မြန်မာပြည်သားတွေ နိုင်ငံအရေးကို စိတ်မဝင်စားသမျှကာလပတ်လုံး လူတစ်စုချယ်လှယ်တာကို ခံနေရမှာသေချာပါတယ်တဲ့။ မြန်မာပြည်သားတိုင်း ဒီမိုကရေစီသဘောတရားကို ယုံကြည်လေးစားမှ ဒီမိုကရေစီကိုတည်ဆောက်နိုင်ပါလိမ့်မယ်။ ဒီမိုကရေစီဆိုတာ လုပ်နည်းလုပ်ထုံး၊ လုပ်ပိုင်ခွင့် ရပိုင်ခွင့်ကို ရေးသားထားတဲ့ စာတမ်းမဟုတ်ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အားလုံးအကျုံးဝင်တဲ့ ဘဝဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ လူတွေရဲ့ စိတ်နေစိတ်ထား ဖြစ်တယ်လို့ ဆရာမောင်မောင်ကြီးက အဓိပ္ပာယ် ဖွင့်ဆိုပါတယ်။ လူတိုင်းနဲ့ဆိုင်တဲ့ ဒီမိုကရေစီကို လူတိုင်းယုံကြည်ဖို့လိုပါတယ်။ ပြည်သူလူထုက နိုင်ငံအရေးကိုစိတ်မဝင်စား၊ ခေါင်းဆောင်ပိုင်းကလည်း လမ်းလွဲလိုက်နေမယ်ဆိုရင် မြန်မာပြည်မှာ ဒီမိုကရေစီကို ပြုစုပျိုးထောင်ဖို့ အလွန်ခက်ခဲလိမ့်မယ်လို့ ကွယ်လွန်သူ သမိုင်းပါမောက္ခဒေါက်တာမောင်မောင်ကြီးက နိဂုံးချုပ်ထားကြောင်း ပါခင်ဗျား။ ။

ဤစာတမ်းငယ်ကို မိတ္တူကူး၍ ထပ်ဆင့်ဖြန့်ဝေခြင်းဖြင့် ကူညီပါ။